ဘုရားဇာ်နော် အဖြစ်တော်စဉ်ကို

ကျနု ကျစ်လျစ်စွာ ဖော်ပြထားသဖြင့်

သာသနာ့ဗဟုသုတများစွာပေးသည့်

# သုံးလူ့ရှင်ပင် ဗုဒ္ဓဝင်


အရှင်ကေလာသ ဓမ္မာစရိယ ဂဏဝါစက

**B.A Hons.** ဝိဇ္ဇာဂုဏ်ထူး(သီရိလင်္ကာ)


စုဆောင်းရေးသားသည်။


ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ

သာသနာရေးဦးစီးဌာနပုံနှိပ်တိုက်

သာသနာ ၂၅၃၂ ကောဇာ ၁၃၅၀ ၁၉၈၉

၃|၅၉ ကဃ၁၁

၁၇၅၄၅

ဘုရား ဇိနော် အဖြစ်တော်စဉ်ကို

ကျန ကျစ်လျစ်စွာ ဖော်ပြထားသဖြင့်

သာ သနာ့ဝဟုသုတများစွာပေးသည့်

# သုံးလူ့ရှင်ပင် ဗုဒ္ဓဝင်ကျမ်း

အရှင် ကေလာသ ဓမ္မာစရိယ, ဂဏဝါစက

B. A Hons. ဝိဇ္ဇာဘွဲ့ထူး (သီရိလင်္ကာ)

စုဆောင်းရေးသားသည်။

အုပ်ရေ—၃၀၀၀

ရန်ကုန်မြို့၊ သာသနာရေးဦးစီးဌာနမှထုတ်ဝေ၍
ဦးခင်မောင်ကြီး (၀၃၅၀၆) ဆောင်သိန်းပုံနှိပ်တိုက်
အမှတ် ၁၇၅၊ ၃၆—လမ်း၊ ရန်ကုန်မြို့က ပုံနှိပ်သည်။

၂၄၄.၃၅
ဘ ၁
၁၈၅၅

# သုံးလ ရှင်ပင် ဗုဒ္ဓဝင်ကျမ်း

## ကျမ်းဦး ပုတ်ဖွယ်

**သဗ္ဗညုတဉာဏ်တော် ရတော်မူခြင်း** ဂေါတမမြတ်စွာဘုရားသည် ဘိုးတော် အဥ္စနမင်း ဖြို ကြွင်း သက္ကရာဇ် ၁၀၃- ခုနှစ် ကဆုန်လပြည့် ဗုဒ္ဓဟူး နေ့တွင် သုဇာတာ လှူသော ရွှေခွက်နှင့် နို့ဃနာကို ဘုဉ်းပေးတော်မူ၍ နေရဥ္စရာ မြစ်သာကမ်းနား၌ ၄၉-လုတ် မဟုတ် လေးလေး ဘုဉ်းပေးတော်မူ၏၊ ထိုနေ့မှာပင် ဗောဓိမဏ္ဍိုင်သို့ ကပ်တော်မူ၏၊ ထိုနေ့ နေမဝင်မီ မာရ်စစ်သည်ကို အောင်တော်မူ၏၊ ထိုညဉ့် လင်းအားကြီးအချိန်တွင် အရဟတ္တမဂ်ကို ရသည်နှင့် တပြိုင်နက် ဝိဇ္ဇာသုံးပါး, ပဋိသမ္ဘိဒါလေးပါး, သောရဇ္ဇဉာဏ် လေးပါး, အဘိညာဉ်ခြောက်ပါး, အသာဓာရဏဉာဏ်ခြောက် ပါး, ဒသဗလဉာဏ် ဆယ်ပါး, ဗုဒ္ဓဉာဏ် တစ်ဆယ့် လေးပါး- စသည်တို့ဖြင့် တန်ဆာဆင်အပ်သော သဗ္ဗညုတ ဉာဏ်တော်ကြီး ကို ရရှိတော်မူကာ ဘုရား အဖြစ်သို့ ရောက် တော်မူခဲ့ လေ သည်။

## ဖော်ပြပါ သဗ္ဗညုတဉာဏ်သခင် ဘုရားရှင်၏ အဖြစ်တော်စဉ်

**ဗုဒ္ဓဝင်ကျမ်းတွေ၊**

။သာသနာတော်တွင် ဗုဒ္ဓဝင်ကျမ်းတွေ တော်တော်များများ ပေါ်ထွန်းခဲ့လေသည်၊ ယင်းဗုဒ္ဓဝင်ကျမ်းတို့ကား ဘုရားမြတ်စွာ ကိုယ်တော် ၎င်း ဓမ္မသေနာပတိ အရှင် သာရိပုတ္တရာ တောင်းပန်သဖြင့် ကပိလဝတ်ပြည် နိဂြောဓာရုံ ကျောင်းရှေ့အံ၌ ဘုရားမြတ်စွာ ကိုယ်တော်တိုင် ဟောတော်မူသည့် ဗုဒ္ဓဝင်ပါဠိတော်, သာသနာ သက္ကရာဇ် ၉၀၀-ခန့်က အိန္ဒိယ တောင်ပိုင်းဇာတိ မဟာဂဏိ အရှင် ဗုဒ္ဓဒတ္တ ဖွင့်ဆိုသည့် ဗုဒ္ဓဝံသ အဋ္ဌကထာနှင့် အာဒိစ္စ ဝံသာဘိဓဇ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု ဘွဲ့တံဆိပ်တော်ရ ပထမ ငါးခုန် ဆရာတော်ဘုရားကြီး ပြုစီရင်တော်မူခဲ့သည့် ဇမ္ဗူ့ မိတ်ဆွေ ဗုဒ္ဓဝင်ခေါ် မဟာဗုဒ္ဓဝင် ဝတ္ထုတော်ကြီး, ရှေးက ကျမ်းဂန်တတ် ဆရာတော် တစ်ပါး စီရင်တော်မူခဲ့သည့် ဟံသာဝတီပုံနှိပ်တိုက်ရိုက် မူလဗုဒ္ဓဝင်ဝတ္ထု, သုဓမ္မဝတီ ဗုဒ္ဓဝင် ဆရာကြီး စီရင်ခဲ့သည့် သုဓမ္မဝတီဗုဒ္ဓဝင် စသည်ဖြင့် ဗုဒ္ဓဝင် ကျမ်းတွေ များစွာပေါ်ထွန်းခဲ့လေသည်။

## တိပိဋကရေမြေ ဩဂါရိက အရှင် ဝိစိတ္တသာရာဘိဝံသ ဦးဝင်းရေးသားသည့် မဟာဗုဒ္ဓဝင်

**အချိန်တိုတိုနှင့် စာဖတ်ရမည့်ခေတ်**

ယခု ခေတ်သည် အလုပ်များသည့် ခေတ်ဖြစ်ရာ စာပေ ကျမ်းဂန်ကြီး များကို အဆုံးတိုင်အောင် လေ့လာကြည့်ရှုရန် မလွယ်ကူသော ခေတ်ဖြစ်သည်၊ စာပေဖြင့် အသက်

မွေးသူများနှင့်ပရိယတ်ကို ရည်ရွယ်ချက်ကြီးမားစွာဖြင့် ဦးတည်၍ စောက်ချ စိုက်စိုက်မတ်မတ် ပြုလုပ်ကြိုးပမ်းသော ပုဂ္ဂိုလ်တို့သည်သာလျှင် စာပေကျမ်းဂန်ကြီးများကို ပါရမီပေါက်ရောက် တက်မြောက် ကျွမ်းကျင်အောင် လေ့လာနိုင်ကြသည်။

**သုံးလူ့ရှင်ပင်ဗုဒ္ဓဝင်ကျမ်း ရေးသားခြင်း**

မိမိသည် ကျေးဇူးရှင် လယ်တီ ဆရာတော်ဘုရားကြီး၏ "သုံးလူ့ရှင်ပင်၊ ကျွန်းထိပ်တင်၊ သောင်းခွင်ကြော ဝဋ္ဋာ"စသည့် ခုနစ်နေ့ ဘုရားရှိခိုးနှင့် ဆုတောင်း အမျှဝေလင်္ကာများကို ငယ်စဉ်ကပင် လေ့လာခဲ့လေသည်၊ သို့နှင့် လင်္ကာများကိုလည်း သဘော အလွန် ကျပါသည်၊ သုံးလူ့ရှင်ပင်ဆိုသည့် စကားလုံးကလေးကိုလည်း အလွန် နှစ်သက်ပါသည်၊ သို့နှင့်"သုံးလူ့ရှင်ပင် ဗုဒ္ဓဝင်"အမည်ဖြင့် ဗုဒ္ဓဝင်ကျမ်းငယ်တစ်စောင် ဘုရားမြတ်စွာ ကြွောင်းခြင်းရာ အဖြစ်တော်စဉ်ဗုဒ္ဓဝင်ကို လူငယ်လူရွယ်များမှစ၍ လူတန်းစားမရွေး သိစေလိုသော ဇောစေတနာတွေ့ ပိုလှသဖြင့် မအားမလပ်သည့်ကြားမှ အချိန်ကိုအရယူကာ ၁၃၄၆-ခုနှစ် နယုန်လဆန်း ၆-ကျော်နေ့မှစ၍ အဘိဓမ္မာပိဋက အဝင်အပါ ကထာဝတ္ထု ကျမ်းကြီးကို အဋ္ဌကထာတွဲဖက်၍ ချပို့ခြင်း,ဦးပဥ္စင်းငယ်များ,သာမဏေများ သဒ္ဒါ-သင်္ဂြိုဟ်-ပခုက္ကူ သဒ္ဒါသုတ်နက် စသည့် စာငယ်များကို ကွပ်ကဲ ချပို့ နည်းစနစ်ပေးခြင်း, ကျက်အံစေခြင်း, မကွေးတိုင်း သံဃနာယကအဖွဲ့၏ ဥက္ကဋ္ဌတာဝန်ကို ဆောင်ရွက်ခြင်း စသည့် ကိစ္စများကြားမှ စာပေအရပ်ရပ်ကို ချင့်နင်းကြည့်ရှု ရေးသားရာ ယနေ့ ၁၃၄၆-ခုနှစ် နယုန်လဆန်း ၁၄-ရက် ညနေ

၃-နာရီ မိနစ် ၃၀-အချိန်တွင် အောင်လံစိုက်ဆောက် ပြီး မြောက်ပါသည်။

ဖတ်ရှုလေ့လာ သဒ္ဓါပွားကြ — အို– စာဇတာ်ဖတ် သူတော်စင်....၊စိတ်စေတနာ ထက်သန်စွာဖြင့် ဤ "သုံးလူ့ရှင်ပင် ဗုဒ္ဓဝင်" ကျမ်းကို ဖတ်ကာ ဘုရားမြတ်စွာ သာသနာကို နှစ်နှစ်ကာကာ ယုံကြည်ပါ, ကြည်ညိုပါ, ကိုးကွယ်ပါ, ဘုရားအဆုံးအမကို လိုက်နာပါ, အခွင့်ကောင်းကို မလွတ်ပါစေနှင့်ဟု တိုက်တွန်းရင်း ဤစာနိဒါန်းကို လက်စသတ်လိုက်ပါပြီ။

ဗုဒ္ဓကျမ်းစာ, အဖြာဖြာ, ဖတ်နာကြစမ်းပါ။
ဗုဒ္ဓမိန့်မှာ, အဖြာဖြာ, လိုက်နာကြစမ်းပါ။
ဗုဒ္ဓမြတ်စွာ, သာသနာ, ယုံကြည်ကြစမ်းပါ။
ဗုဒ္ဓဟောကြား, မြတ်တရား, ကျင့်ပွားကြစမ်းပါ။

အရှင် ကောလာသ
မွေ့စရိယ, ဂဏဝါစက, ဘီ-အေ (ဂုဏ်ထူး)
သာသနဇောတိပါလကျောင်း
မဟာဝိသုတာရာမတိုက်
ပခုက္ကူမြို့။

၁၃၄၆-ခုနှစ် နယုန်လဆန်း၊ ၁၄-ရက်။

သုံးလူ့ရှင်ပင် ဗုဒ္ဓဝင်ကျမ်းကို မဖတ်ရှုမီ
ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး၏
အောက်ပါ ခုနစ်နေ့ဘုရားရှိခိုးနှင့် ဆုတောင်းအမျှဝေ
စာဘမ်းကို ဖတ်ရှုလေ့လာကြည်ညိုရာ၏။

ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး၏

# ခုနစ်နေ့ဘုရားရှိခိုးနှင့်
# ဆုတောင်းအမျှဝေ

---

### ကြာသပတေးနေ့ ပဋိသန္ဓေယူ

၁။ သုံးလူ့ရှင်ပင်၊ ကျွန်းထိပ်တင်၊ သောင်းခွင်စကြာဝဠာ၊ နတ်ဗြဟ္မာတို့၊ ညီညာရုံးစု၊ တောင်းပန်မှုကြောင့်၊ ရတုနဂို၊ ရွှန်းရွှန်းစိုသည်၊ ဝါဆိုလပြည့်၊ ကြွက်မင်းနေ့ဝယ်၊ ချမ်းမြေ့ကြည်ဖြူ၊ သန္ဓေယူသည်၊ နတ်လူငြိမ်းဖို့ ကိန်းပါကို။

### သောကြာနေ့ ဖွားမြင်

၂။ သန္ဓေယူခါ၊ ဆယ်လ ကြာသော်၊ မဟာ သက္ကရာဇ်၊ ခြောက်ဆယ့်ရှစ်ကြုံ၊ ကဆုန်လပြည့်၊ သောကြာနေ့ဝယ်၊ ချမ်းမြေ့စုံစိ၊ လုမ္ဗိနီဉ်၊ မဟီလိုက်ဆူ၊ ဖွားတော်မူသည်၊ နတ်လူ အောင်မြို့ လမ်းပါကို။

## တနင်္လာနေ့ ဟောထွက်

၃။ ဖွားမြင်မြောက်သော်၊ ဆယ့်ခြောက်နှစ်ရှယ်၊ ပျိုနုနယ်၌၊ သုံးသွယ်ရွှေနန်း၊ သိမ်းမြန်းပြီးလစ်၊ ဆယ့်သုံးနှစ်လျှင်၊ ဘုန်းသစ်ချွန်လှ၊ ဝံ့တော်မူ၍၊ ရှယ်မှုနုဖြိုး၊ နှစ်ဆယ့်ကိုးဝယ်၊ လေးမျိုးနိမိတ်၊ နတ်ပြယ်ကိတ်ကြောင့်၊ ရွှေစိတ်ငြင်ငြို၊ သံဝေပိုက၊ ဝါဆိုလပြည့်၊ ကျွားမင်းနေ့ဝယ်၊ ချမ်းမြေ့ရဂုံ၊ တောရိပ်လှုံသည်၊ ငုံမြိုင်ပင်ရိပ်ခမ်းမှာကို။

## ဗုဒ္ဓဟူးနေ့ ဘုရားဖြစ်

၄။ တောရပ်မြိုင်ပေါ်၊ ခြောက်နှစ်ပျော်၍၊ ဒါတော်တပုံ၊ ပွင့်ချိန်ကြုံက၊ ကဆုန်လပြည့်၊ ဆင်မင်းနေ့ဝယ်၊ မြေ့ပထမေ၊ ပလ္လင်ဗွေ့ဆက်၊ ရွှေညောင်တော်ကြီး၊ ဗိတာန်ထီးနှင့်၊ မငြီးကြည်ဖြူ၊ နေတော်မူလျက်၊ ရန်မူခပင်း၊ အမိုက်သင်းကို၊ အသျှင်းပယ်ဖျောက်၊ အလင်းပေါက်က၊ ထွန်းတောက်ဘုန်းတော်၊ သောင်းလုံးကျော်သည်၊ သုံးဖော်လူတို့ ငြိမ်းပါကို။

## စနေနေ့ ဓမ္မကြာဟော

၅။ ဘုရားဖြစ်ခါ၊ မိဂဒါသို့၊ စကြာရွှေဖွား၊ ဖြန့်ချီသွား၍၊ ငါးပါးဝဂ္ဂီ၊ စုံအညီနှင့်၊ မဟာတစ်သောင်း၊ တိုက်အပေါင်းမှ၊ ခညောင်းကပ်လာ၊ နတ်ဗြဟ္မာအား၊ ဝါဆိုလပြည့်၊ စနေနေ့ငယ်၊ ကြွေ့ကြွေ့လျှံတက်၊ ဓမ္မစက်ကို၊ မိန့်မြွက်ထွေပြား၊ ဟောဖော်ကြားသည်၊ တရားနတ်စည် ရှမ်းတယ်ကို။

## အင်္ဂါနေ့ ပရိနိဗ္ဗာန်စံ

၆။ တရားနတ်စည်၊ ဆော်ရွမ်းလည်က၊ သုံးမည်ဘုံသိုက်၊ တစ်သောင်းတိုက်ဝယ်၊ ကျွတ်ထိုက်သည့်သူ၊ နတ်,လူ, ပြဟ္မာ၊ သတ္တဝါကို၊ ခေမာသောင်သို့၊ ဖောင်ကူးတို့ ဖြင့်၊ ဆောင်ပို့ပြီးခါ၊ ဝါလေးဆယ့်ငါး၊ သက်တား ရှစ်ဆယ်၊ စုံပြည့်ကြွယ်က၊ ရာလေးဆယ့်ရှစ်၊ သက္ကရာဇ် ဝယ်၊ နယ် မလ္လာ တိုင်း၊ စံနိုင်း မယုတ်၊ ကုသိနာ၍ရုံ၊ အင်ကြင်းစုံ၌၊ ကဆုန်လပြည့်၊ အင်္ဂါနေ့ဝယ်၊ ချမ်းမြေ့ နိဗ္ဗူ၊ စံတော်မူသည်၊ ဝှန်းဆူ သောင်းလုံး၊ ကျော် တယ်ကို။

## တနင်္ဂနွေနေ့ တေဇောဓာတ်လောင်

၇။ နိဗ္ဗူစံပြီ၊ ရှမအိသာ၊ သိင်္ဂီရွှေလှော်၊ အလောင်းတော် ကို၊ ထိုရော် ကဆုန်၊ လဆုတ် ကျုံး၍၊ ဂဠုန်နေ့ဝယ်၊ ခိုးငွေ့မနှော၊ ဓာတ်တေဇောလျှင်၊ ရှင်စောညာဏ်စက်၊ မိဋ္ဌာန်ချက်ဖြင့်၊ လျှံတက်ကော်ရော်၊ မီးပူဇော်သည်၊ မေ့တော်ရှစ်စိတ် ကြွင်းတယ်ကို။

---

## ဆုတောင်း

၈။ ထိုခုနစ်နေ့၊ သာချမ်းမြေ့ကို၊ ဆွေ့ဆွေ့ကြည်ဖြူ၊အာရုံ ယူလျက်၊ သုံးလူတို့နတ်၊ မြတ်ထက်မြတ်သား၊ ကိုယ် တော် ဖျားကို၊ သုံးပါး မွန်စွာ၊ ဝန္ဒနာနှင့်၊ သဒ္ဒါ ဖြိုးဖြိုး၊ ကျွန်ုပ်ရှိခိုးသည်၊ ကောင်းကျိုးခပ်သိမ်း ကြွယ် စေသောဝ်။

အဆုံးဘဝ၊ တိုင်ပြန်ကလည်း၊ ပညာ့အရာ၊ ဘိဓမ္မာနှင့်၊ ကြေညာကျော်ကြား၊ လူအများကို၊ တရားစည်ကြီး၊ ချိမ့်ချိမ့်တီး၍၊ မီးဆယ့်တစ်တန်၊ ငြိမ်းရာမှန်သည်၊ နိဗ္ဗာန်အောင်မြို့ ရောက်စေသောဝ်။

သုံးလူ့ထွတ်ထား၊ မြတ်တရားနှင့်၊ ရှစ်ပါးသံဃာ၊ ရတနာကို၊ သဒ္ဒါရိုကျိုး၊ လက်စုံမိုး၍၊ ရှိခိုးပါရ၊ ဤပုညကြောင့်၊ ဒိဋ္ဌမျက်မြင်၊ ဘဝတွင်လည်း၊ ကင်းစင်အန္တရာယ်၊ ကောင်းကျိုးကြွယ်လျက်၊ ဆယ်ဖြာအညီ၊ ပါရမီနှင့်၊ ဆယ်လီပုည၊ မြတ်ဓမ္မလည်း၊ နိစ္စရှင်ဖြိုး၊ နေ့စဉ်တိုးသည်၊ သက်ဇိုစ်းကြာမြင့်ရှည်စေသောဝ်။

ဘဝတစ်ဖန်၊ ဖြစ်တုံပြန်လည်း၊ လေးတန်အပါယ်၊ ရှစ်သွယ်ရပ်ပြစ်၊ ကင်းတုံလစ်၍၊ ရှင်ချစ်မြတ်စွာ၊ သာသနာလျှင်၊ ရောင်ဝါထိန်ဝင်း၊ လင်းရာတမူ၊ လူကောင်း, နတ်ကောင်း၊ ဘဝကောင်း၌၊ ညွတ်ညောင်းသန္ဓေ၊ တိဟိတ်နေ၍၊ ဆွေလယ်မျိုးလယ်၊ တန်ခိုးကြွယ်သည်၊ လ,နှယ်ထွန်းတင့်ပါစေသောဝ်။

အသိ,အလိမ္မာ၊ ဉာဏ်ပညာနှင့်၊ သဒ္ဓါသီလ၊ သုတပြည့်ဖြိုး၊ ဂုဏ်တန်ခိုးလည်း၊ အမျိုးလေးဖော်၊ သတင်းကျော်လျက်၊ သူတော်တို့ထုံး၊ ကျင့်သုံးတရား၊ အမှားမလိုက်၊ စရိုက်ငင်ဖြူ၊ အလှူရေစက်၊ လက်နှင့်မကွာ၊ ရှစ်ဖြာဥပုသ်၊ မယုတ်ကြိုးစား၊ လေးပါးဗြဟ္မစိုရ်၊ ရှန်းရှန်းစိုသည်၊ ကုသိုလ်ကိုယ်လုံးထုံစေသောဝ်၊

ပတ္တမြားပလ္လင်၊ ကုံကော်ပင်ဝယ်၊ ငါးအင်မာရ်စစ်၊ အောင်ပွဲလှစ်၍၊ ခေတ်ဇာတိလုံး၊ သိမ့်သိမ့်ချုံးလျက်၊ ရွှေဘုန်းစိုက်ထူ၊ ပွင့်တော်မူသား၊ သုံးလူ သခင်၊ မိတေးရှင်ကို၊ မျက်မြင်ဖူး၍၊ အထူးကြည်ညို၊ ဘုန်းရိပ်ခိုသည်၊ မဂ်ဖိုလ်နိဗ္ဗာန်ရောက်စေသောဝ်။

---

## အမျှဝေ

။ သုံးလူ့ထွတ်ထား၊ မြတ်ဘုရားနှင့်၊ ရှစ်ပါး သံဃာ၊ အရိယာအား၊ ရတနာမိုး၊ ရွာသွန်းဖြိုးသို့၊ ကိုးပါးမြောက်စုံ၊ ကိုးရင်ဂုဏ်ကို၊ အာဂုံချီးကျူး၊ နှုတ်လျှာမြူး၍၊ ကြည်နူးဆွာဆွ၊ ရှိခိုးရသည့်၊ ပုည ကုသိုလ်၊ အဖို့ကိုလျှင်၊ မွေးမိခင်နှင့်၊ ဖခင်ဆရာ၊ ဉာတကာက၊ သတ္တဝါအများ၊ နတ်တို့အားလည်း၊ ရကြပါစေ၊ အမျှဝေသည်၊ ကောင်းတော်သာဓုခေါ်စေသောဝ်။

# သုံးလူ့ရှင်ပင် ဗုဒ္ဓဝင်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ပဏာမ ပဋိညာဉ်

၁။ ရတနာသုံးတန်, မြတ်အမွန်, အကျွန် ဝန္ဒာမိ။
၂။ ဆရာသခင်, ကျေးဇူးရှင်, ကြည်လင် ဝန္ဒာမိ။
၃။ အများတကာ, ဖတ်ရှုနာ, သဒ္ဓါပွားစေဘိ။
၄။ သုံးလူ့ရှင်ပင်, ဗုဒ္ဓဝင်, စီစဉ်ရေးပါ၏။

မိမိသည် အများရှင်လူတို့ တစ်ထိုင်တစ်ခဏဖြင့် ဘုရားမြတ်စွာ၏ အဖြစ်တော်စဉ် အကြောင်းအရာများကို ဖတ်ရှုသိရှိကြည်ညိုရန် ရည်သန်၍ ဘုရားမြတ်စွာ၏ ဗုဒ္ဓဝင်အကျဉ်းကို ပြုစီရင်မည်ဖြစ်ရာ အန္တရာယ်ကင်းပျောက် ကျမ်းပြီးမြောက်ခြင်းကို အလိုရှိပါသည်၊ သို့ဖြစ်ရာ "ရတနာသုံးတန်, မြတ်အမွန်, အကျွန်ဝန္ဒာမိ" စသော သံပေါက်ကဗျာ (၄) ပုဒ်ဖြင့် ဘုရား, တရား, သံဃာ, ဆရာသခင် ကျေးဇူးရှင်တို့ကို မြတ်နိုး ကော်ရော် ရှိခိုးပူဇော်ပြီး ပဋိညာဉ်ကိုပြုပါသည်။

(၁) နံပါတ် သံပေါက်ကဗျာဖြင့် လောက၌ အတုမဲ့ အမွန်မြတ်ဆုံးဖြစ်သော ဘုရားရှင်ကို အကျွန်ုပ်ရှိခိုးပါ၏—ဟူလို။

(၂) နံပါတ် သံပေါက် ကဗျာဖြင့် ဆရာသခင် ကျေးဇူးရှင်တို့ကို ကြည်ကြည်လင်လင် ကြည်ကြည်ညိုညို ရှိခိုးပါ၏—ဟူလို။

(၃) (၄) နံပါတ် သံပေါက် ကဗျာဖြင့် အများတကာ ဖတ်ရှုလေ့လာ သဒ္ဓါပွားစေလိုသည့်အတွက် ဗုဒ္ဓဝင်အကျဉ်းကို ရေးသားမည်–ဟူ၏။

* သံပေါက်၌ "ရေးပါ၏" ဟုဆိုသော်လည်း "ရေးပါမည်" ဟု မှတ်ယူရာ၏။

---

ဒီပင်္ကရာ ဘုရား ပွင့်တော်မူခြင်း

ဤ ဘဒ္ဒကမ္ဘာမှ ထောက်လွန်ခဲ့သော် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလမြောက် သာရမဏ္ဍကမ္ဘာတွင် တဏှင်္ကရာ, မေဓင်္ကရာ, သရဏင်္ကရာ-ဟူသော ဘုရားသုံးဆူတို့ အစဉ်အတိုင်း ပွင့်တော်မူကြသည်၊ သရဏင်္ကရာဘုရားရှင်သည် ဗုဒ္ဓကိစ္စ ပြည့်ဝစုံလင်သဖြင့် ပရိနိဗ္ဗာန် ဝင်စံတော်မူပြီးနောက် လူတို့သက်တန်း တစ်သိန်းတန်း ကျရောက်တော်မူသောအခါ ဒီပင်္ကရာဘုရားရှင် ပွင့်တော်မူခဲ့လေသည်၊ ဒီပင်္ကရာ ဘုရားမြတ်စွာ ဖွားမြင်ရာ မြို့တော်ကား ရမ္မဝတီမြို့တော်ဖြစ်၍ ခမည်းတော်ကား သုဒေဝ မင်းမြတ်ဖြစ်ရာ မယ်တော်ကား သုမေဓာမိဖုရားဖြစ်လေသည်။

(ဆောင်) တဏှင်္ကရာ, မေဓင်္ကရာနှင့်, ထွတ်ချာ သရဏင်,
ဘုရားရှင်တို့, စဉ်တိုင်းသီးသီး, ပွင့်လေပြီးနောက်,
ဘုန်းတောက် ဒီပင်္ကရာ, ပွင့်တော်လာသည်, နတ်ရွာ
နိဗ္ဗာန်နီးဖို့ကို။

## သုမေဓာ သူဌေးသားကလေး ပစ္စည်းဥစ္စာများ စွန့်ကြဲလှူဒါန်းပြီး ရသေ့ရဟန်းပြု တောထွက်ခြင်း

ထိုစဉ်က တို့ဘုရားလောင်းတော်သည် စိတ်ဓာတ်ကြည်ပျော်မွေ့လျော်ဖွယ် ကောင်းလှသည့် မြို့ကြီး, ပြကြီး ဖြစ်သော အရမဝတီမြို့၌ သုမေဓာသူဌေးသားကလေးအဖြစ်ဖြင့် ထင်ရှားခဲ့လေသည်၊ သုမေဓာသူဌေးသားကလေး၏ အမိအဘတို့သည် သုမေဓာ သတိုးသား ငယ်စဉ်ကပင် ကွယ်လွန်ခဲ့ကြလေသည်၊ ရွှေ, ငွေ တို့ဖြင့် တင်းကြမ်း ပြည့်သော ဘဏ္ဍာတိုက်ကြီးတွေ များစွာ ကျန်ရစ်ခဲ့လေသည်၊ တစ်ဆယ့်ခြောက်နှစ်ရှိရာ ဗေဒင် သုံးဖြာ လက္ခဏာသမိုင်းကျမ်းတို့ကို ပါရဂူပေါက် တတ်မြောက်ပြီးသောအခါ ရွှေ,ငွေ ဧဖြာ ရတနာဘဏ္ဍာအရပ်ရပ်ကို ထိန်းရသော မင်းကြီးက ပစ္စည်းဥစ္စာအားလုံးကို သုမေဓာ သတို့သားအား လွှဲအပ်လေ၏။

ထိုအခါ ဘုရားအလောင်း သုမေဓာသူဌေးသားကလေးက ''ငါ့ရဲ့ ဘိုး,ဘွား,မိဘတို့ကား ပစ္စည်းဥစ္စာကို ရှာရှာဖွေ၍ ယူမသွားတတ်ကြချေ၊ ငါသည်—ပစ္စည်းဥစ္စာအားလုံး စွန့်ကြဲပေးကမ်း လှူဒါန်း၍ ကုသိုလ်ကို ငါ့နောက်ပါအောင် ယူသွားမည်''ဟု ကြံစည်စဉ်းစားပြီးလျှင် ဘဏ္ဍာတိုက် (ရတနာတိုက်) အားလုံးတို့ကို ဖွင့်၍ ''မည်သူမဆို အလိုရှိသူ ယူရစ်ကြလေ''ဟု ကြွေးကြော်ကာ ဟိမဝန္တာတောသို့ ထွက်ခွာ၍ ရသေ့ရဟန်း ပြုတော်မူခဲ့လေသည်။

(ဆောင်) ဘုရားလောင်းလျာ, သုမေဓာသည်, ရတနာ
သီးသီး, ပစ္စည်းဥစ္စာ, များမြောက်စွာကို, သဒ္ဓါ
ပြည့်လျှမ်း, စွန့်လှူဒါန်း၍, တောတန်းမှိုင်သာ,
ဟိမဝန္တာသို့, ကြာကာပျော်မွေ့, ရသေ့ပြုကာ,
စံနေပါသည်, ဂုဏ်ရှုဏာကိန်းလို့ ငြိမ်းဖို့ကို....။

## တံတားဆောက်ကာ ကြွတော်မူပါဟု လျှောက်ဆိုခြင်း

ဘုရားအလောင်းသုမေဓာရသေ့သည် ဈာန်အဘိညာဉ်ကို ရတော်မူရာ အဇ္ဈာပြင် ကောင်းကင်ခရီးဖြင့် ကြွတော်မူစဉ် ဒီပင်္ကရာမြတ်စွာဘုရား ကြွတော်မူရန် ရမ္မဝတီ မြို့သူ မြို့သားတို့ လမ်းပြင်နေကြသည်ကို မြင်တော်မူရာ ကောင်းကင်မှဆင်းတော်မူကာ နေရာတစ်ကွက်ကို တောင်းယူ ပြင်ဆင်နေတုန်းမှာပင် ရဟန္တာသခင် အရှင်မြတ် လေးသိန်းနှင့် အတူ ဘုရား သဗ္ဗညု ကြွတော်မူလာသောကြောင့် ပြင်၍မပြီးသေးသော ရွှံ့ညွန်ပေါ်မှာ နုနယ်စိုပျို မိမိကိုယ်ကို တံတားခင်း၍ မှောက်စင်းကာ "သုံးလောကမိပတိ ရှင်ပင်မုနိ....ဘုရား တပည့်တော် အပေါ် လျှောက်ကာ ကြွတော်မူပါ" ဟု မြွက်ဆိုတော်မူလေသည်။

(ဆောင်) ရွှံ့ညွန်ဗွက်ထက်, စက်ကာ မှောက်လျောင်း, တို့
အလောင်းလျာ, သုမေဓာသည်, ဒီပင်္ကရာ, ထွတ်
ချာ မှန်ကင်း, တရားမင်းကို, နင်းကြွတော်မူ,
လျှောက်တော်မူပါဟု, ကြည်ဖြူသာယာ, လျှောက်
ဆိုပါသည်, ဆန္ဒသဒ္ဓါပြင်းထယ်ကို....။

**ဒီပင်္ကရာ ဘုရားမြတ်စွာက ဗျာဒိတ်စကား မြွက်တော်မူခြင်း**

ထိုအခါ ဒီပင်္ကရာဘုရားမြတ်စွာက....

ပဿထ ဣမံ တာပသံ
ဇဋိလံ ဥဂ္ဂတာပနံ။
အပရိမေယျေ ဣတော ကပ္ပေ၊
ဗုဒ္ဓေါ လောကေ ဘဝိဿတိ။

ဘိက္ခဝေ - နောက်တော်ပါးက လိုက်ပါလေကြား ချစ်သားရဟန်းများတို့၊ တုမ္ဟေ - သင်ချစ်သားရဟန်းတို့သည်၊ ဇဋိလံ ပိတုန်းရောင်လို ညိုမှောင်စုရုံး ဆံကျစ်ကိုထုံးပေသော၊ ဥဂ္ဂတာပနံ—ခြိုးခြံသော အကျင့်လည်းရှိပေသော၊ ဣမံတာပသံ - ရှိန်နှိုးညွန်းအောက် အလျားမှောက်၍ တံတားလျှောက်ပါ ချီသာ မြွက်ကြား တရားသိမ်မွေ့ ဤရသေ့ကို၊ ပဿထ - သေချာစေ့ငု ကြည့်ရှုကြကုန်လော့၊ အယံတာပသော - ဘုရားသိမ်မွေ့ ဤရသေ့သည်၊ ဣတော - ဘုရားလေးဆူ ပွင့်တော်မူရာ ဤသာရမဏ္ဍကမ္ဘာမှ၊ အပရိမေယျေ - မှန်းဆပိုင်ပိုင် ရေတွက်၍ မရနိုင်သော၊ ကပ္ပေ - ဘဒ္ဒမည်သာ ကပ်ကမ္ဘာ၌၊ လောကေ - လောကကြီးအလယ်၌၊ ဗုဒ္ဓေါ - နွယ်ဘော်ဂေါတ္တ ဂေါတမဟု မည်ရထွတ်တင် ဘုရားရှင်သည်၊ ဘဝိဿတိ - ကေန် စင်စစ် ဖြစ်ပွင့်တော်မူလိမ့်သတည်း—ဟူ၍ ဗျာဒိတ်စကား မြွက်ကြားတော်မူခဲ့လေသည်။

**သုမိတ္တာသူဌေးသမီးကလေးက တောင်းဆုချွေ**

ထိုအချိန်မှာ "သုမိတ္တာ"သူဌေးသမီးကလေးကလည်း ကြာပန်း ရှစ်လက်နှင့် ရောက်ရှိလာကာ၊ ဩော်....ဖြစ်မှ ဖြစ်ရလေ....

ရသေ့ကာလေး ရှိန္ဒီသွန်ပေါ် အလျှား မှောက်လို့ ပါလား၊ ပါးစပ်က တပည့်တော်အပေါ် တံတားလျှောက်ပြီး ကြွတော်မူပါဟုလည်း လျှောက်ဆိုနေသည်၊ ဒီပင်္ကရာ ဘုရားတစ်ပါးတည်း နင်းပြီးကြွသော် တော်သေးရဲ့....၊ ရဟန်းသံဃာတော်လေးသိန်းပါ နင်းကြွတော်မူယင်တော့ ကိုယ်ကျိုးနည်းရချေရဲ့ စသည်ဖြင့် တွေးတောကြံစည်ပြီး—

ပဉ္စဟတ္ထာ တဝ ဟောန္တု၊
တယော ဟောန္တု မမ ဣသေ။
ဘေန သန္ဓိံ သမာ ဟောတု၊
ဗောဓတ္တာယ တဝ ဣသေ။[၁]

ဣသေ - သပ္ပာယ်သိမ်မွေ့ အို...ရသေ့၊ တဝ - အကြောင်းကြိုက်ကြုံ ဆုံကာဖူးတွေ့ အရှင်ရသေ့ဘို၊ ပဉ္စဟတ္ထာ - အဆင်းအနံ့ လှပကြိုင်လှိုင် ကြာငါးခိုင်တို့သည်၊ ဟောန္တု—တပည့်တော်မ, မှန်းသ ရည်ရွယ်သည့် အတိုင်းသာ မှန်စွာ မသေ ဖြစ်ပါစေကုန်၊ မမ - ဒီပင်္ကရာ မြတ်စွာဉာဏ္ဍင် ဆက်ကပ်ဖို့ရာ ကျွန်တော်မ, သုမိတ္တာဘို၊ တယောဟတ္ထာ - အဆင်း အနံ့ သင်းပျံ့မွှေးကြိုင် ကြာသုံးခိုင်တို့သည်၊ ဟောန္တု - တပည့်တော်မ မှန်းဆကြံစည်သည့်အားလျော်စွာ မှန်စွာမသေ ဖြစ်ပါစေကုန်၊ ဣမိနာ—မွှေးကြိုင်လှစွာ ပဒုမ္မာကြာပန်း လှူဒါန်းပါရ မြတ်ပုညကြောင့်၊ ဘေန - မေတ္တာရေစက် တူစုံဖက်၍ နှစ်သက်စွာ တွေ့ ထိုရသေ့နှင့်၊ သန္ဓိံ - အတူပေါင်းဆုံ မောင်နှံစုံသာလျှင်၊ သမာ—သံသရာတစ်ခွင် ကျင်လည်ရာဝယ် မတူမကွဲ အတူတွဲနေ

၁။ အပ-၂။ ၂၆၉ (ယခုသာဓကရာထေရီအပဒါန်။)

မြဲမသေ့၊ ဟောတု — မေတ္တာ မိုးစွေကာ ဖြစ်ပါစေချင်၏၊ ဠသေ — သပ္ပာယ်သိမ်မွေ့ အိုရသေ့....၊ ဗောဓိတ္တာယ— သဗ္ဗညုတဉာဏ်အဓိပတိ ပိုင်ပိုင်ရရှိပါစေခြင်းငှာ၊ ဟောတု — မဆိုင်းမသေ့ ဖြစ်ပါစေသား အရှင်ဘုရား။

ဤသို့မြွက်ဆိုကာ ကြာငါးလက်ကို သုမေဓာ ရှင်ရသေ့အား လှူဒါန်းကာ ဒီပင်္ကရာဘုရားရှင်အား ကြာသုံးလက် လှူဒါန်းလေသည်။ နောက်တွင် ရသေ့က မိမိရရှိသော ကြာငါးလက်ကို ဒီပင်္ကရာဘုရားမြတ်စွာအား လှူလိုက်လေသည်။

### ပါရမီဖြည့်ဖက်ဖြစ်လိမ့်မည်ဟုဗျာဒိတ်ပေး

ထိုအခါ ဒီပင်္ကရာမြတ်စွာဘုရားက နောင်ရေးနောင်တာကို ဆင်ခြင်တော်မူကာ ဤသူဌေးသမီးသုမိတ္တာသည် သူမတောင်းဆိုသည့်အတိုင်း ဤဘုရားလောင်း ရသေ့၏ ပါရမီဖြည့်ဖက် ဖြစ်လိမ့်မည်ဟုလည်း ဗျာဒိတ်စကား မြွက်ကြားတော်မူခဲ့လေသည်။

(ဆောင်) မြွက်ဆိုသာယာ, ဤစကား, သမ္မာတူးပေ့,
ဤရသေ့နှင့်, ပျော်မမှု ကြည်ရှင်, ဆံသာခွင်တွင်,
အစဉ်မခွဲ, တွဲကာ တွဲကာ, ကျင်လည်ကာဖြင့်,
ပါရမီဟူ အဘူကျင့်, ယူးတင့်သူတို့နှစ်ဦးတည်း။

### ဘုရားသဗ္ဗညု နှစ်ကျိပ်လေးဆူတို့ထံ ဗျာဒိတ်ခံခဲ့ရသော ဘဝများ အကျဉ်းမှတ်သားဖွယ်

ငါတို့ကိုးစား ဂေါတမဘုရားမြတ်စွာသည် နှစ်ကျိပ်လေးဆူကုန်သော ဘုရားရှင်တို့ထံ ဗျာဒိတ်ခံခဲ့ရသော ဘဝများကို အောက်ပါလင်္ကာအဓိပ္ပာယ်ဖြင့် မှတ်သားရပေ၏။

(ဆောင်) ခြင်္သေ့တစ်ပါး, နဂါးနှစ်ဦး, ဘီလူး တစ်ခါ, ဣန္ဒာ တစ်ဖြစ်, လူဇစ် ဆယ့်ကိုး, မင်းမျိုး အဌ, ပြာဟ္မာ သတ်, စက္ကဝတ် ဒွေး, သူဌေး ကေ, မာဏဝသုံး, နှလုံးသိမ်မွေ့, ရသေ့ပဥ္စ, သမဏ နေ့ာ, အရောက်နှောဖြင့်, ရှင်စော မြတ်စွာ, တို့ ဆရာလျှင်, ကမ္ဘာတစ်သိန်းနေ့, သင်္ချေလေးထပ်, ဆယ့်နှစ်ကပ်တွင်, သဗ္ဗညုတ, ဗုဒ္ဓတံဆိပ်, ငါးမာရ် နှိပ်သား, နှစ်ကျိပ် လေးပါး, ရှင်တော်များ၌, ဝပ်တွား ကျိုးနွံ, ဗျာဒိတ်ခံ၍, သယမ္ဘူစစ်,ကိုယ် တော်ဖြစ်သည်, သုံးဖော်မကိုင်ရွှေချောင်ပန်းတည်း။

ဖော်ပြပါ ဆောင်ပုဒ်အဓိပ္ပာယ်ကား ဤသို့တည်း....

ခြင်္သေ့တစ်ပါး-ဟူရာ၌= နှစ်ဆူမြောက် ပဒုမဘုရား လက်ထက်တော်၌ ဂေါတမ ဘုရား အလောင်းတော်သည် ခြင်္သေ့မင်း တစ်ကြိမ်ဖြစ်တော်မူ၍ ဗျာဒိတ်ခံတော်မူခဲ့သည်-ဟူ၏။

နဂါးနှစ်ဦး-ဟူရာ၌....လေးဆူမြောက် သုမနဘုရား လက်ထက်တော်၌ ဂေါတမ ဘုရားအလောင်းတော်သည်-

(၁) အတုလနဂါးမင်းဖြစ်တော်မူ၍ ဗျာဒိတ်တော်ခံတော်မူခဲ့လေသည်။

တစ်ဆယ့်ကိုးဆူမြောက် ဝိပဿီဘုရား လက်ထက်တော်၌လည်း ဂေါတမဘုရားရှင် အလောင်းတော်သည်-

(၂) အတုလနဂါးမင်းဟူသော အမည်ဖြင့်ပင် ဖြစ်တော်မူ၏။

ဘီလူးတစ်ခါ-ဟူရာ၌.... ခုနစ်ဆူမြောက် အနောမ ဘုရား လက်ထက်တော်တွင် ဂေါတမ ဘုရား အလောင်းတော်သည်၊ ဘီလူးစစ်ဗိုလ်ကြီး တစ်ကြိမ်ဖြစ်၍ ဗျာဒိတ်ခံတော်မူခဲ့သည်-ဟူ၏။

ဣန္ဒြာတစ်ဖြစ်-ဟူရာ၌.... တစ်ဆယ့်ငါးဆူမြောက် မေဓာဒဿီ ဘုရား လက်ထက်တော်၌ ဂေါတမ အလောင်းတော်သည် သိကြားမင်း တစ်ကြိမ် ဖြစ်တော်မူ၍ ဗျာဒိတ်ခံတော်မူခဲ့သည်-ဟူ၏။

လူဇမ် ဆယ့်ကိုး-ဟူရာ၌....ဒီပင်္ကရာဘုရားမှစ၍ ကြွင်းသော ဘုရားတစ်ဆယ့်ကိုးဆူတို့၏ လက်ထက်တော်တွင် ဂေါတမဘုရား အလောင်းတော်သည် လူ့ဘဝ တစ်ဆယ့်ကိုးကြိမ် ဖြစ်တော်မူသည်--ဟူ၏။

မင်းမျိုးအဠ-ဟူရာ၌.... လူဘဝ တစ်ဆယ့်ကိုးကြိမ်တို့တွင် ဂေါတမဘုရားအလောင်းတော်သည် နှစ်ဆူမြောက် ကောဏ္ဍည ဘုရားလက်ထက်တော်တွင်....

(၁) ဝိဇိတာဝီ စကြာမင်းဖြစ်၍ ဗျာဒိတ်ခံတော်မူသည်။
တစ်ဆယ့်ကိုးဆူမြောက် သုဇာတာ ဘုရားလက်ထက် တော်၌....

(၂) စကြာမင်းဖြစ်၍ ဗျာဒိတ်ခံတော်မူခဲ့သည်။
တစ်ဆယ့် ခုနှစ်ဆူ မြောက် တိဿဘုရား လက်ထက် တော်၌-

(၃) သုဇာတမင်းဖြစ်၍ ဗျာဒိတ်တော်ခံခဲ့လေသည်။
တစ်ဆယ့်ရှစ်ဆူမြောက် ဖုဿဘုရားလက်ထက်တော်၌-

(၄) ဝိဇိတာဝီမင်းဖြစ်၍ ဗျာဒိတ်တော်ခံတော်မူသည်။

အဆူနှစ်ဆယ်မြောက် သိခီဘုရားလက်ထက်တော်၌....

(၅) အရိန္ဒမမင်းဖြစ်၍ ဗျာဒိတ်တော်ခံတော်မူသည်။
နှစ်ဆယ့်တစ်ဆူမြောက် ဝေဿဘူ ဘုရားလက်ထက်တော်၌....

(၆) သုဒဿနမင်းဖြစ်၍ ဗျာဒိတ်တော်ခံတော်မူသည်။
နှစ်ဆယ့်နှစ်ဆူမြောက် ကကုသန် ဘုရားလက်ထက်တော်၌....

(၇) ခေမမင်းဖြစ်၍ ဗျာဒိတ်တော်ခံတော်မူသည်။
နှစ်ဆယ့်သုံးဆူမြောက် ကောဏာဂုံ ဘုရားလက်ထက်တော်၌...

(၈) ပဗ္ဗတမင်းဖြစ်၍ ဗျာဒိတ်တော်ခံတော်မူခဲ့လေသည်။
ဤသို့အားဖြင့်မင်းမျိုး(၈)ကြိမ်ဖြစ်တော်မူ၏။

ဗြာဟ္မဏသတ်-ဟူရာ၌.... ဂေါတမ ဘုရား အလောင်းတော်သည် အစဆုံးဒီပင်္ကရာဘုရားလက်ထက်တော်၌....

(၁) သုမေဓာပုဏ္ဏား သုမေဓာရသေ့ဖြစ်၍ ဗျာဒိတ်တော်ခံတော်မူခဲ့လေသည်။
သုံးဆူမြောက် မင်္ဂလာဘုရားလက်ထက်တော်၌....

(၂) သုရုစ်ပုဏ္ဏားဖြစ်၍ ဗျာဒိတ်တော်ခံတော်မူခဲ့သည်။
ငါးဆူမြောက် ရေဝတဘုရားလက်ထက်တော်၌....

(၃) အတိဒေဝပုဏ္ဏားဖြစ်၍ ဗျာဒိတ်တော်ခံတော်မူခဲ့လေသည်။
ခြောက်ဆူမြောက်သောဘိတဘုရားလက်ထက်တော်၌

(၄) သုဇာတ ပုဏ္ဏား ဖြစ်၍ ဗျာဒိတ်တော်ခံတော်မူခဲ့လေသည်။

တစ်ဆယ့်သုံးဆူမြောက် ပိယဒဿီ ဘုရား လက်ထက်တော်၌....

(၅) ကဿပ ပုဏ္ဏား ဖြစ်၍ ဗျာဒိတ်တော် ခံတော်မူခဲ့လေသည်။

တစ်ဆယ့်လေးဆူမြောက် အတ္ထဒဿီဘုရား လက်ထက်တော်၌....

(၆) သုသိမ ပုဏ္ဏား ဖြစ်၍ ဗျာဒိတ်တော် ခံတော်မူခဲ့လေသည်။

တစ်ဆယ့်ခြောက်ဆူမြောက် သိဒ္ဓတ္ထဘုရား လက်ထက်တော်၌....

(၇) မင်္ဂလ ပုဏ္ဏား ဖြစ်၍ ဗျာဒိတ်တော် ခံတော်မူခဲ့လေသည်။

ဤသို့အားဖြင့် ပုဏ္ဏားမျိုး၌ (၇) ကြိမ် ဖြစ်တော်မူသည်။

စကြဝတေး မင်း-ဟူရာ၌.. ဂေါတမ ဘုရား အလောင်းတော်သည် နှစ်ဆူမြောက် ကောဏ္ဍညဘုရားလက်ထက်တော်၌....

(၁) ဝိဇိတာဝီ စကြာမင်းဖြစ်၍ ဗျာဒိတ်တော် ခံတော်မူသည်။

တစ်ဆယ့်နှစ်ဆူမြောက် သုဇာတ ဘုရားလက်ထက်တော်၌....

(၂) စကြာမင်းဖြစ်တော်မူသည်ဖြစ်၍ ဗျာဒိတ်ခံတော်မူ၏။

ဤသို့အားဖြင့် စကြာမင်း နှစ်ကြိမ် ဖြစ်တော်မူသည်။

**သူဌေး ကေ—ဟူရာ၌.... ဂေါတမ ဘုရား အလောင်းတော်သည် ဆယ်ဆူမြောက် ပဒုမုတ္တရဘုရားလက်ထက်တော်၌ ဇဋိလ သူဌေး တစ်ကြိမ်ဖြစ်တော်မူသည်။**

မာဏဝ သုံး-ဟူရာ၌....ဂေါတမဘုရားအလောင်းတော်သည် တစ်ဆယ့်တစ်ဆူမြောက် သုမေဓဘုရားလက်ထက်တော်၌....

(၁) ဥတ္တရလုလင်ဖြစ်၍ ဗျာဒိတ်ခံတော်မူသည်။
တစ်ဆယ့်သုံးဆူမြောက် ပိယဒဿီဘုရား လက်ထက်တော်၌....

(၂) ကဿပလုလင်ဖြစ်၍ ဗျာဒိတ်တော်ခံတော်မူခဲ့သည်၊
နှစ်ဆယ့်လေးဆူမြောက် ကဿပ ဘုရား လက်ထက်တော်၌....

(၃) ဇောတိပါလ လုလင်ဖြစ်၍ ဗျာဒိတ်တော်ခံတော်မူခဲ့လေသည်။

ဤသို့လျှင်လုလင် (၃) ကြိမ်ဖြစ်တော်မူသည်။

* ဤတွင် နှစ်ယောက်မြောက်ကဿပလုလင်သည် ပုဏ္ဏားဘဝ၏ (၇) ကြိမ်တွင် အပါအဝင်ဖြစ်သည်။

ရသေ့ ပဉ္စ-ဟူရာ၌... ဂေါတမဘုရားအလောင်းတော်သည် ပထမဦးစွာ ဒီပင်္ကရာဘုရားလက်ထက်တော်၌....

(၁) သုမေဓာပုဏ္ဏားဘဝ၌ ရသေ့ တစ်ကြိမ်၊
ကိုးဆူမြောက် နာဒရဘုရားလက်ထက်တော်၌....

(၂) ရသေ့တစ်ကြိမ်၊
တစ်ဆယ့်လေးဆူမြောက် အတ္ထဒဿီ ဘုရားလက်ထက်တော်၌....

(၃) သုသိမပုဏ္ဏားဘဝ၌ ရသေ့တစ်ကြိမ်၊
တစ်ဆယ့်ခြောက်ဆူမြောက် သိဒ္ဓတ္ထဘုရား လက်ထက်တော်၌....

(၄) မင်္ဂလပုဏ္ဏားဘဝ၌ ရသေ့တစ်ကြိမ်၊

တစ်ဆယ့်ခုနစ်ဆူမြောက် တိဿ ဘုရား လက်ထက်တော်၌....

(၅) သုဇာတမင်းဘဝ၌ ရသေ့တစ်ကြိမ်ဖြစ်တော်မူသည်။ ဤသို့လျှင် ရသေ့ငါးကြိမ်ဖြစ်တော်မူ၏-ဟူလို၊

သမဏ နေ့ာ-ဟူရာ၌ ... ဂေါတမ ဘုရား အလောင်းတော်သည် နှစ်ဆူမြောက် ကောဏ္ဍညဘုရားလက်ထက်တော်၌....

(၁) ဝိဇိတာဝီ စကြာမင်းဘဝ၌ ရဟန်းတစ်ကြိမ်၊ သုံးဆူမြောက် မင်္ဂလဘုရားလက်ထက်တော်၌....

(၂) သုရုစိပုဏ္ဏားဘဝ၌ ရဟန်းတစ်ကြိမ်၊ တစ်ဆယ့်တစ်ဆူမြောက် သုမေဓာ ဘုရား လက်ထက်တော်၌....

(၃) ဥတ္တရလုလင်ဘဝ၌ ရဟန်းတစ်ကြိမ်၊ တစ်ဆယ့် နှစ်ဆူမြောက် သုဇာတ ဘုရား လက်ထက်တော်၌....

(၄) စကြာမင်းဘဝ၌ ရဟန်းတစ်ကြိမ်၊ တစ်ဆယ့်ရှစ်ဆူမြောက်ဖုဿဘုရားလက်ထက်တော်၌.

(၅) ဝိဇိတာဝီမင်းဘဝ၌ ရဟန်းတစ်ကြိမ်၊ နှစ်ဆယ့်တစ်ဆူမြောက် ဝေဿဘူ ဘုရား လက်ထက်တော်၌....

(၆) သုဒဿနမင်းဘဝ၌ ရဟန်းတစ်ကြိမ်၊ နှစ်ဆယ့်နှစ်ဆူမြောက် ကကုသန် ဘုရား လက်ထက်တော်၌....

(၇) ခေမ ဘဝ၌ ရဟန်းတစ်ကြိမ်၊

နှစ်ဆယ့်သုံးဆူမြောက် ကောဏာဂုံ ဘုရား လက်ထက်တော်၌....

(ဂ) ပဗ္ဗတမင်းဘဝ၌ ရဟန်းတစ်ကြိမ်၊
နှစ်ဆယ့်လေးဆူမြောက် ကဿပ ဘုရား လက်ထက်တော်၌....

(ဃ) ဇောတိပါလလုလင်ဘဝ၌ ရဟန်းတစ်ကြိမ် ဖြစ်တော်မူ၏။

ဤသို့ဖြင့် ဘုရားမြတ်စွာ သာသနာတော်ထမ်း ရဟန်းတော်မြတ် (၉) ကြိမ်ဖြစ်တော်မူသည်။

(ဆောင်) လေးသင်္ချေ လွန်လေဘိ သိန်းကပ်ရှိခေတ်တွင်–
ကောဏ္ဍညာ မင်္ဂလာနှင့် သုမေဓာ သုဇာတာ၊
ဖုဿ ဝေဿဘူဟု ကကုသန် ကောဏာဂံ ကဿပ
အရှင် ကိုးပါးတွင်သည်ပင်သာပါတဲ့ တို့လောင်း
တော် မြတ်စွာ၏ သာသနာ ကိုးကြိမ် ထမ်းတယ်
ကျမ်းကမှာခဲ့။

ဤသည်လျှင် နှစ်ကျိပ်လေးဆူသော ဘုရားရှင်တို့ထံ နိယတဗျာဒိတ်ပန်း ဆင်မြန်းတော်မူခဲ့သော ဘဝများ ဖြစ်လေသည်။

**တုသိတာနတ်ပြည်၌ သေတကေတု နတ်သားဖြစ်ခြင်း**
**စုတေရန် တောင်းပန်ခြင်း**

**ဘုရားအလောင်းတော်သည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းအာလပတ်လုံး ပါရမီ သုံးဆယ်, သုံးသွယ် စရိယ, စာဂ ငါးခုမြတ်ကောင်းမှုတို့ကို ဖြည့်ကျင့်တော်မူပြီး ဘုရားမဖြစ်မီ တစ်ဘဝဝယ် တုသိတာ နတ်ပြည်၌ "သေတကေတု" မည်သော**

**နတ်**သားဖြစ်လေသည်၊ ထို သေတကေတု နတ်မင်းသည် နတ် **သက်** စေ့၍ စုတေဖို့ရန် အချိန်နီးကပ်လေသော် စကြာဝဠာ ကမ္ဘာတိုက် တစ်သောင်းမှ နတ်ဗြဟ္မာတို့သည် ဘုရားလောင်း စံရာ တုသိတာနတ်ပြည်သို့ စုပေါင်းလာရောက်ကြကာ....

"အို အရှင်နတ်သား....အရှင် နတ်သားသည် လူ့စည်းစိမ်, နတ်စည်းစိမ်တို့ကို ခံစားရန် ပါရမီ သုံးဆယ်, သုံးသွယ် စရိယ, စာဂ ငါးခု မြတ်ကောင်းမှုတို့ကို ဖြည့်ကျင့် တော်မူ သည် မဟုတ်ပါ၊ သတ္တဝါအနန္တတို့ကို ကယ်တင်နိုင်သော ဘုရားဖြစ် ရန် ဖြည့်ကျင့်ခဲ့ပါသည်၊ ယခုအခါ ဘုရားဖြစ်ရန် အချိန်တန်ပြီ ဖြစ်ပါ၍ နတ်ပြည်မှ စုတေပြီးလျှင် လူ့ပြည်၌ ပဋိသန္ဓေတည် နေတော်မူပါ။" ဤသို့ ရိုသေညွတ်ခ တောင်းပန်ကြသဖြင့် လူ့ပြည်၌ ပဋိသန္ဓေနေရန် ဝန်ခံတော်မူလေသည်။

(ဆောင်) သောင်းခွင် စကြာဝဠာ, နတ်ဗြဟ္မာတို့, ညီညာ ရုံးစု, တောင်းပန်မှုကြောင့်, သဗ္ဗညုလောင်းလျာ, သညာ ရွှန်းဝေ, သေတကေတု, မည်ရထွတ်တင်, လောင်းသခင်ယည်, လူ့ခွင်ဌာနေ, သန္ဓေတည်ရန်, ဝန်ဝန်ခံသည်, သုံးတန် လောက တွက်တာတည်း။

## ကြာသပတေးနေ့ သန္ဓေယူခြင်း

**သောင်းတိုက်စကြာဝဠာ နတ်ဗြဟ္မာတို့၏ တောင်းပန်မှုကို ဝန်ခံတော်မူပြီး သက္ကရာဇ် ခြောက်ဆယ့်ခုနစ်ခုနှစ် ဝါဆိုလပြည့် နေ့တွင် ဥတ္တရာသာဠ်နက္ခတ်နှင့် လနတ်ယှဉ်စံသော သန်းခေါင် ယံ အခါတွင် တုသိတာနတ်ပြည်မှစုတေ၍ ကပိလဝတ်ပြည်ကြီး**

အရှင် ဘုရင်သုဒ္ဓေါဒနမင်းကြီး၏ တောင်ညာဒေဝီ မဟေသီ မိဖုရားခေါင်ကြီး၏ ဝမ်းကြာတိုက်၌ စွဲပိုက်သန္ဓေ တည်နေတော်မူခဲ့လေသည်။

(ဆောင်) သုံးလူ့ရှင်ပင်, ကျွန်းထိပ်တင်, သောင်းခွင်ကြော ဝဋ္ဋာ, နတ်ပြဟ္မာတို့, ညီညာပုံးစု, တောင်းပန်မှု ကြောင့်, ရေတုနဂို, ရှန်းရှန်းစိုသည်, ဝါဆိုလပြည့်, ကြွက်မင်းနေ့ဝယ်, ချမ်းမြွေကြည်ဖြူ, သန္ဓေယူသည်, နတ်လူငြိမ်းဖို့ ကိန်းပါကို ....။

မယ်တော်မာယာ၏ ထူးဆန်းသော အိပ်မက်တော်

ဝါဆိုလပြည့်နေ့မှာ မယ်တော်မာယာသည် နံနက်စောစော ကပင် အလှူဒါနကြီး ပေးလှူ၍ ဥပုသ် စောင့် သုံး ပြီး လျှင် ကျက်သရေရှိသော တိုက်ခန်းသို့ဝင်၍ သလွန်ပေါ်သို့ လျောင်း ၍ အိပ်ပျော်စဉ် နတ်မင်းကြီးလေးယောက်တို့သည် ဟိမဝန္တာ တောင်သေလာ၌ရှိသော ဆေးဒါန်းမြင်းသီလာ ကျောက်ဖျာ အပြင်သို့သလွန်နှင့်တကွ ဆောင်ယူ၍ အင်ကြင်းပင်ကြီးအောက် ၌ ချထားကြလေသည်။ ထိုနောက် နတ်မိဖုရားတို့က အနဝတတ် အိုင်သို့ ဆောင်ယူ၍ ရေချိုးပေးပြီးလျှင် နတ်အဝတ်တန်ဆာ များကို ဆင်ယင်စေပြီးမှ ငွေတောင် အတွင်းရှိသော ရွှေဗိမာန် သို့ သွင်း၍ အိပ်ရာ၌ နေစေကြလေသည်၊ ထိုအခါ ဘုရား အလောင်းတော်သည် ဆင်ဖြူတော်ဖြစ်၍ သူ၏နေရာ ရွှေတောင် ပေါ်မှ သက်ဆင်းကာ ငွေတောင်တော်သို့ လာပြီးလျှင် ရွှေ

၁။ လယ်တီ ဆရာတော်ဘုရားကြီး၏ ခုနစ်နေ့ဘုရားရှိခိုး လက်ာ-၁။

ဗိမာန်သို့ဝင်ပြီးနောက် မယ်တော်၏ လက်ယာနံပါးကိုဖောက်၍ ဝင်သကဲ့သို့ မြင်မက်တော်မူလေသည်။

(ဆောင်) ဝါဆိုလပြည့်, ဥပုသ်နေ့ဝယ်, ချမ်းမြေ့ နှလုံး, ဥပုသ်သုံးကာ, စက်လည်ရာမှာ, ဝမ်းကြာတိုက်တွင်, ဆင်ဖြူဝင်ဟု, မိခင်မာယာ, မဟာအိပ်မက်, မြင်မြင်မက်သည်, ခါတက်ဆန်းသည် အိပ်မက်ပေတည်း။

## ဖွားမြင်တော်မူခြင်း

ဘုရားအလောင်းတော်ပဋိသန္ဓေနေ၍ဆယ်လပြည့်ရာ ကဆုန်လပြည့်အခါဝယ် မယ်တော် မာယာသည် ဆွေတော် မျိုးတော်များနေရာ ဒေဝဒဟပြည်သို့သွားလိုပါကြောင်း သုဒ္ဓေါဒနမင်းကြီးအား ခွင့်တောင်းလေသည်၊ သုဒ္ဓေါဒန မင်းကြီးက ကပိလဝတ်ပြည်မှ ဒေဝဒဟပြည်သို့ သွားသော လမ်းတစ်လျှောက်လုံး တန်းဆာဆင်စေ၍ မင်းခမ်းမင်းနားဖြင့် ထွက်တော်မူစေရာ ခရီးအကြား လုမ္ဗိနီအင်ကြင်းဥယျာဉ်တော်သို့ ခေတ္တ ဝင်တော်မူခဲ့လေသည်၊

ထိုအခါတွင် ဥယျာဉ်တော်တစ်ခုလုံး၌ အင်ကြင်းပန်းတွေ ပွင့်နေသဖြင့် အလွန်သာယာနေသည်၊ မယ်တော် မာယာသည် အင်ကြင်းကိုင်းကို နူးညံ့သော လက်တော်ဖြင့် လှမ်းကိုင်တုန်းမှာ ဝမ်းတော် လှုပ်လာသောကြောင့် အဝတ် အကာ အရံများ ကာရံစေကာ မတ်မတ်ရပ်လျက်သာလျှင် ဘုရားအလောင်းတော်ကို မိးရှုးသန့်စင် ဖွားမြင်တော်မူခဲ့လေသည်၊ ထိုအခါ ဗြဟ္မာမင်းတို့ ရွှေဇာတဘက်ဖြင့် ခံယူရာ မယ်တော်ရှေ့တွင်ပြသကြကာ

"အိုအရှင်တော်စွမိဖုရားကြီး၊ ဘုန်းတန်ခိုးကြီးမားလှသည့် သားရတနာ ဖွားမြင်ပါပြီ"ဟု ပြောဆိုကြလေသည်။

(ဆောင်) သန္တေယူခါ၊ ဆယ်လကြာသော်၊ မဟာသက္ကရာဇ်၊
ခြောက်ဆယ့်ရှစ်ကြုံ၊ ကဆုန်လပြည့်၊ သောကြာ
နေ့ဝယ်၊ ချမ်းမြေ့စုံစီ၊ လုမ္ဗိနီ၌၊ မပါ်လိုက်သူ၊
ဖွားတော်မူသည်၊ နတ်လူ အောင်မြို လမ်းပါကို။[၁]

ယခုအိုင် ဖွားမြင်တော်မူပုံ ရုပ်တုအုတ်ဂူတိုက်တွင်းထားရှိ

ယခုအခါ နီပေါနယ်အတွင်းရှိ ဘုရား ဖွားမြင်တော်မူရာ လုမ္ဗိနီဥယျာဉ်တော်၌ လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါ အများတို့၏ ညွတ်တွားရာ ပုဂ္ဂိုလ်တစ်ဆူကို ဖွားမြင်ရာ မယ်တော် မာယာ ဒေဝီကို အမှတ်အသားပြု၍ ကြည့်ရှုစေနိုင်ရန် ဘုရားအလောင်း သတိုးသားဖွားမြင်တော်မူပုံကို ထုလုပ်ကာ အုတ်ဂူ၌ တည်ထား ရာ မြင်ရသူတိုင်း ကြည်ညိုခြင်း၊ သံဝေဂဉာဏ် ပွားများ ခြင်းတို့ ဖြစ်ကြလေကုန်၏။

လုမ္ဗိနီဥယျာဉ်အတွင်းရှိ မယ်တော်မာယာဖွားမြင်ပုံ
အုတ်ဂူတိုက်ဘွဲ့ တေးထပ်

ဤဇမ္ဗူသောင်းကိပ်မှာလ၊ လောင်းအဟိတ်ဆင်ပန်။
ဒေါင်းတံဆိပ်သွင်ဟန်လို၊ အင်မတန်ကျော်ကြား။
ဘုရားမြတ်မွေးမိခင်ကို၊ တွေးကြည့်လျှင်သိကြစေသား။
အုတ်တိုက်နန်းစမုခ်ဂူမှာ၊ ရုပ်အတူထုထား။

၁။ လယ်တီဆရာတော်ဘုရားကြီး၏ ခုနစ်နေ့ ဘုရားရှိခိုး သက်ာ—၂။

ကုမုဒ်ကြာ စုဘုရားငယ်က၊ ယခုဖွားပုံသွင်။
အင်ကြင်းမြိုင်၊ ပန်းဂနိုင်အကွေ့မှာလ။
နွမ်းဟိုင်း၍ ဖြစ်ရလေအောင်။
လေးဘောခေါက်နယ်တခွင်မှာ၊
နွယ်သဇင် မိဖယ်တော်မြတ်ဟားမို့၊
သိဖွယ်အမှတ်ပြုရလေပြီ၊ အတုလဒေဝီ။
ရှုမဝ မပေါ်သီငယ်၊ ကေရိထွတ်မှူးရှင့်လေး....။

### ဖွားဖက်တော် ခုနစ်ပါး

အလောင်းတော်မင်းသား ဖွားမြင်တော်မူသည်နှင့် တစ်ပြိုင်နက် တစ်ချိန်တည်းမှာပင် ဒေဝဒဟပြည် သုပ္ပဗုဒ္ဓနှင့် အမိတာဒေဝီတို့မှာ ယသော်ဓရာ မင်းသမီးကလေး ဖွားမြင်တော်မူ၏။ ဘဒ္ဒေးတော် အမိတောဒနသာကီဝင်နှင့် သာကီဝင်ကတော်တို့မှ အာနန္ဒသတို့သား ဖွားမြင်တော်မူခဲ့လေသည်၊ ဆန္နအမတ်၊ ကာဠုဒါယီအမတ်၊ ကဏ္ဍကမြင်း တို့လည်း ဖွားမြင်ကုန်၏၊ မဇ္ဈိမဒေသ အလယ်ဗဟို၌လည်း ဗောဓိပင်မြတ် ပေါက်တော်မူခဲ့လေသည်၊ ရွှေနန်းတော်အတွင်း၌ (၁)တစ်ဂါဝုတ်ရှိသခ်ရွှေအိုး၊ (၂) နှစ်ဂါဝုတ်ရှိ ငွေရွှေအိုး၊(၃) သုံးဂါဝုတ်ရှိ ဥပ္ပလရွှေအိုး၊(၄)တစ်ယူဇနာရှိ ပုဏ္ဍရိက ရွှေအိုးတို့သည် နှစ်သိန်းလေးသောင်း အထုရှိသော မြေကြီးနှင့်အမျှ အစောက်နက်၍ ပေါ်ထွက်လာကုန်၏။

(ဆောင်) ကာဠု၊ ယသော်၊ ညီတော် အာနန်၊ တစ်ဖန် ဆန္န၊
ကဏ္ဍကနှင့်၊ ဗောဓိပင်ဖြိုး၊ ရွှေအိုး လေးဘော်၊
ဖွားဖက်တော်ဟု၊ အံ့ဩဘွယ်ရာ၊ ခုနစ်ဖြာ၊
မှန်စွာ ပေါ်ထွန်းခဲ့ပါသတည်း။

---

၁။ ဗုဒ္ဓဂ[illegible] [illegible]စာမျက်နှာ—၃၉။

## အလောင်းတော် လေးအတတ်ပြ, နန်းသိမ်းပွဲခံတော်မူခြင်း

ဘုရားအလောင်းတော်သည် အရွယ်တော်တစ်ဆယ့်ခြောက်နှစ် ရှိသောအခါ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် ဆွေတော် မျိုးတော် မင်းများထံသို့ သမီးရတနာ ပို့ဆက်သကြရန် ရာဇသံ ပေးလေသည်၊ သမီးပိုင်ရှင် မင်းများသည် ဘုရားအလောင်းတော်ကို အဆင်းလှဆန်း လူ့ပေါက်ပန်း အဆင်းသာ လှ၍ အချင်းမရှိ၊ အဆင်းသာလှ၍ ပညာမတတ်ဟု ကဲ့ရဲ့ကြကာ သမီးရတနာမပို့ပဲ နေကြလေသည်၊ ထိုအကြောင်းကို မင်းကြီးက မိန့်ကြားသဖြင့် သားတော်သိဒ္ဓတ္ထ အခက်ဆုံး လေးအတတ်ကိုပြရန် ဝန်ခံလိုက်လေသည်၊ ထိုအခါ နေပြည်တော်တွင် ထင်ရှားသော လေးသည်တော် လေးပါရဂူတို့ကို နန်းတော်မြေအပြင်၌ စုရုံးစေကာ လေးဆရာလေးယောက်ကို အရပ်လေးမျက်နှာထား၍ အလောင်းတော်ကိုယ်တိုင် အလယ်က နေပြီးလျှင် "အို...လေးဆရာ လေးသည်တော်တို့....အသင်တို့သည် အကျွန်ုပ်ကို တပြိုင်နက် ပစ်ကြလော့"ဟု ရဲရဲတောက် ပြောကြားလေသည်၊ လေးဆရာ လေးယောက်တို့ ပစ်လွှင့်သော မြားတို့ကိုလည်း မိမိကိုယ်မထိမမှန်အောင် မြားတင်စင်းတည်းဖြင့် ကာကွယ်နိုင်သည်။

ဤသို့ လေးအတတ်ပြပြီးမှ ဆက်သလာသော သမီးရတနာ အလှကညာတို့တွင် ယသော်ဓရာနှင့် နန်းသိမ်းပွဲ ခံတော်မူလေသည်၊ အခြံအရံ မောင်းမတို့ကား လေးသောင်းရှိလေသည်။[၁]

---

၁။ စတ္တာလီသ သဟဿာနိ၊ နာရိယော သမလင်္ကတာ။ ဘဒ္ဒကစ္စာနာ နာမ နာရီ၊ ရာဟုလော နာမ အတြဇော။ ဗုဒ္ဓဝံသပါဠိ-၃၀၀။

(ဆောင်) တစ်ဆယ့်ခြောက်နှစ်, ရှယ်တော်ခေတ်တွင်, လေး
တင် လေးတတ်, ထူးမြတ်ကပို, အတတ်စုံကို,
ဗိုလ်ပုံအလယ်, ဆန်းကြယ်လှစွာ, ပြတော်မူကာ,
ယသော်ဓရာ, လှကညာနှင့်,ရာဇာဘိသိက်ခံသတည်း။

## ပြာသာဒ်သုံးဆောင်ဖြင့် နန်းစည်းစိမ် ခံတော်မူခြင်း

အလောင်းတော်သိဒ္ဓတ္ထသည် ယသောဓရာ မဟေသီမိဖုရား ခေါင်ကြီးအမှူးရှိသော မောင်းမပေါင်းလေးသောင်း ခြံရံကာ နွေရာသီစံ ဘုံ၅ဆင့်ကိုးထပ်ရှိ ရမ္မပြာသာဒ်, မိုးရာသီစံ ဘုံ ၅ဆင့်ခုနစ်ဆင့်ရှိ သုဘာ ပြာသာဒ်, ဆောင်းရာသီစံ ဘုံ၅ဆင့် ငါးထပ်ရှိ သုရမ္မပြာသာဒ်တို့၌ လှည့်လည်တော်မူကာ မင်းဆက် တကာ မခံစားဘူးသော မင်းစည်းစိမ်ချမ်းသာကို ခံစားတော် မူခဲ့လေသည်။

(ဆောင်) မောင်းမလေးသောင်း, အပေါင်းရံကာ, ဇေတနာ ဒေဝီ, မဟေသီအမော်, မင်းယသော်နှင့်, ပျော်ရွှင် စံထ, နန်းမ သုံးသွယ်, လှနတ်တင့်တယ်သည်, နတ် နှယ် ဟမျှ, စည်းစိမ်သာတည်း။

## တောထွက်ရန် ကြံစည်ဆုံးဖြတ်
## တောထွက်ခါနီး သားတော်ရှုစား

ဘုရားအလောင်းတော်သည် မင်းစည်းစိမ်ကို ခံစားစဉ် သက်တော် နှစ်ဆယ့်ကိုးနှစ်ရှိသောအခါ ဥယျာဉ်တော်သို့ ထွက် တော်မူရာဝယ် ပြဟ္မာတို့ ဖန်ဆင်းတော်မူအပ်သော "သူအို, သူနာ,သူသေ,ရဟန်း"တည်းဟူသော နိမိတ်ကြီးလေးပါးတို့ကို

မြင်တော်မူ၍ လောကကြီးအတွင်းမှနေရှင် ထိက်လန့်ကြောက်ရွံ့တော်မူရကား ယခုနေ့ပင် ကာမအာရုံ ပယ်ရှောင်ခါဖျက် တောထွက်ရပါတော့မည်ဟု ကြံစည်တော်မူလေသည်၊ ထိုအချိန်မှာပင် သားတော် ဖွားမြင်ကြောင်း သတင်းတော်ဦး ဆင်ပါသည်။

ထိုနောက် နန်းတော်သို့ ပြန်ကြွ၍ ခေတ္တခဏမျှ စက်တော်ခေါ်တော်မူကာ နိုးလာသည့် အခါ၌ မျိုးစုံသော မောင်းမတို့ အိပ်ပျော်နေကြပုံကို သုသာန်အသွင် ထင်လာသဖြင့် လောကကြီးတွင် လွန်စွာငြီးငွေ့ရကား ယခုပင် တောထွက်မည်ဟု ဆုံးဖြတ်တော်မူပြီးလျှင် ကဏ္ဍက မြင်းတော်ကို ဆက်သရန် အမိန့်ပေးကာ တစ်ခါမျှ မမြင်ရသေးသော သားတော်ကို ရှုစားတော်မူရန် ယသော်ဓရာနန်းဆောင်သို့ လှမ်းကြွတော်မူ၏။

ဂစ္ဆေယျံ တံ အပနေတွာ၊ ဗာဟုံ ဒေ ဒေဝိယာ အဟံ။
နဒဒေ နိက္ခမော ကာသံ၊ ပဗုဇ္ဈိတွာ ယသောဓရော။
ဗုဒ္ဓပ္ပတော ပဿေယျံ၊ ရာဟုလံ သြရသံ သုတံ။

အဟံ–သိဒ္ဓတ်မည်တွင် ငါအလောင်းတော်သခင်သည်၊ ဒေဝိယာ–တောင်ညာနန်းပျော် မင်းယသော်၏၊ ဗာဟုံ–သားဝယ်ပိုက်ဖက် ညာရှေ့လက်ကို၊ အပနေတွာ–ပယ်ရှား၍၊ တံ–ထိုသတို့သားသားမောင်ရာဟုလာကို၊ ဂစ္ဆေယျံ–အကယ်၍ ယူငင်လက်လှမ်း ရှုပ်နမ်းပွေ့ပိုက်လိုသည်ဖြစ်အံ့၊ ဝေံသတိ–ဤသို့ ရှုပ်နမ်းပွေ့ပိုက်လိုသည်ရှိသော်၊ ယသောဓရော–မွေးမိတ်စက်ပျော် မင်းယသော်သည်၊ ပဗုဇ္ဈိတွာ – ကဗျာကသုတ်

## တောထွက်ခါနီး သားတော်ရှုစား

ရှုတ်ဟရက်ပ်နိုးလက်၍၊ နံကွှမောကား သံ နန်းမှဝွာလင့် တော
ထွက်ခွင့်ကို၊ နဒဒေ– မပေးခဲ့လေရာ၊ ဗုဒ္ဓပွတ္တော၁၀–သတ္တာလေး
ပါး ဟာရားသိမြင် ဘုရားရှင်အဖြစ်သို့ ရောက်တော်မူပြီးမှသာ
လျှင်၊ ညြရသံ ဂုင်နှစ်ရင်ဆော့ဖြစ်သော၊ သုဘံ= ကြွန်အင်
ဂုံလင် အလွှန်ဘင့်တယ်လှုပမသော၊ ရာဟုလ်• သားတော်ရဟုလာ
ကို၊ ပဒေဿယံ–အားရပါးရ အလိုရှိတိုင်းကြည့်ရှုရတော့မပေအံ့။

ငါသည် ယသော်ဓရာမိဖုရားလက်ကို ဖယ်မှုားပြီး သားတော်
ရဟုလာကို ယူငင်လက်လှမ်း နမ်းရှုပ်ပွေ့ပိုက်လျှင် ယသော်ဓရာ
အိပ်ယာမှနိုးပြီး တောထွက်ခွင့် မပေးတန်ရာ၊ ဘုရားဖြစ်ပြီးမှ
သားတော်ရာဟုလာကို အားရပါးရကြည့်ရှုမည်ဟု ကြံစည်တော်
မူကာ ယသော်ဓရာနန်းဆောင်မှ ထွက်တော်မူခဲ့လေသည်။

ယင်းသို့ တောထွက်တော်မူသောနေ့ကား ဝါဆိုလပြည့်
တနင်္လာနေ့ဖြစ်သည်။

(ဆောင်) ဖွားမြင်ပြီးနောက်, ဆယ့်ခြောက်နှစ်မှုယ်, ပျိုနု
နယ်၍, သုံးသွယ်ရွှေနန်း, သိမ်းမြန်းပြီးလစ်, ဆယ့်
သုံးနှစ်လျှင်, ဘုန်းသစ်လျှံလူ, စံတော်မူရာ, ရွှယ်မူ
နှုဖြိုး, နှစ်ဆယ့်ကိုးဝယ်, လေးမျိုးနိမိတ်, နတ်ပြ
ဟိတ်ကြောင့်, ရွှေစိတ်ငြင်ငြိ၊, သံဝေပိုက, ဝါဆို
လပြည့်, ကျားမင်းနေ့ဝယ်, ချမ်းမြေ့ရဂုံ, တော
ရိပ်လှူသည်, စုံမြှိုင်ပင်ရိပ်, ခမ်းမှာကိုံ၊

## မာရ်နတ်တားဆီးခြင်း

ဘုရားအလောင်းတော်သည် ယသော်ဓရာ အဆောင်နန်းမှထွက်ခွါ၍ မြေပြင်သို့ ဆင်းသက်ကာပြီးလျှင် အဆင်သင့်ပြင်ထားပြီးသော ကဏ္ဍကမြင်းတော်ကိုစီးလျက် မြင်းမြီးကိုဆွဲကိုင်လိုက်ပါသော ဆန္နအမတ်နှင့်အတူ သန်းခေါင်ကျော်အချိန်တွင် တောထွက်တော်မူခဲ့လေသည်၊ မြို့တံခါးအနီးရောက်လေသော် မာရ်နတ်မင်းသည် ကောင်းကင်ကရပ်လျက်—အို သိဒ္ဓတ္ထ ခုနစ်ရက်ကြာလျှင် စကြာရတနာကြီး ဆိုက်ရောက်ပါတော့မည်၊ တောမထွက်ပါနှင့်ဟုဆို၍ တားဆီးလေသည်။

ထိုအခါ ဘုရားအလောင်းတော်က အိုမာရ်နတ် စကြာရတနာကြီးဆိုက်ရောက်မည်ကို ငါသိပါသည်၊ ထိုစကြာရတနာကို ငါအလိုမရှိပါ၊ ဘုရားဖြစ်ပြီး၍ သတ္တဝါအများအား ကယ်တင်မှုကိုသာ ငါအလိုရှိသည်—ဟု ပြောဆိုတော်မူပြီးလျှင် မြို့တော်တံခါးစောင့်နတ်သား အဆင်ဆင့်ဖွင့်ထားသော တံခါးဖြင့် ထွက်တော်မူ နန်းကခွါလေရာ နတ်ဗြဟ္မာအပေါင်းတို့ ခြံရံကာဖြင့် အလွန်လျှင် ကြည်နူးအားရဖွယ် ကောင်းပါသတည်း။

(ဆောင်) ယာဉ်ပုံစကြာ, ခုနစ်ရက်ကြာသော်, ရောက်လာတော့မည်, သို့ဖြစ်သည်ကြောင့်, ပြန်လည်လေပါ, မထွက်ပါနှင့်, ခါခါထပ်ထပ်, မာရ်နတ်တားလည်း, ဘုရားအလျာ, သူတော်စွာသည်, ယာဉ်ပုံစကြာ, ရောက်လာတာကို, ငါတားအမှန်, ဧကန်သိ၏, ဇမ္ဗူ ပတီထွက်ထား, ဘုရားဖြစ်ကာ, သတ္တဝါကို, ဩဃလေးဖြာ, သံသရာမှ, ကောင်းစွာထုတ်ဆယ်, ကယ်ရမည်သာ, မိန့်ဆိုမှာ၍, မှန်စွာထွက်ခွါတော်မူသတည်း။

## ဆံတော်ပယ် ရဟန်းပြုတော်မူခြင်း

သန်းခေါင်အခါတွင် တောထွက်တော်မူလာသော ဘုရားအလောင်းတော်သည် အရုဏ်ကျင်း၍ နံနက်လင်းသောအခါ အနော်မာမြစ်ကမ်းသို့ ဆိုက်ရောက်တော်မူ၍ ကဏ္ဍကမြင်း၏ အစွမ်းဟုန်ဖြင့် ရှစ်ဥသဘ ကွာလှမ်းသော ဟိုဘက်ကမ်းသို့ ကျော်လှမ်းတော်မူလေသည်၊ ၎င်းနောက် ဝတ်ဆင်တော်မူခဲ့သော တန်ဆာနှင့်မြင်းတော်ကို ဆန္နအမတ်အား အပ်နှင်းတော်မူ၍ တိုင်းပြည်သို့ ပြန်တော့ဟု စေလွှတ်တော်မူပြီးလျှင် အနော်မာ သောင်အပြင်တွင် သန်လျက်ဖြင့် ဆံတော်ကို ယယ်ဖြတ်တော်မူလေသည်။

ထိုသို့ ပယ်တော်မူပြီးလျှင် "ငါကား ဧကန် ဘုရားဖြစ်မည်မှန်လျှင် ဆံတော်သည် ကောင်းကင်မှာ တည်ပါစေသား"ဟု စိတ္တာန်၍ ပစ်မြှောက်လေရာ ကောင်းကင်၌ ရတနာ ပန်းဆိုင်းတရထည် တည်လေ၏။ ယင်းဆံတော်ကို သိကြားမင်းက ရွှေကလပ်ဖြင့်ခံယူ၍ တာဝတိံသာနတ်ပြည်ဝယ် "စူဠာမဏိစေတီ" တည်ထားလေသည်၊ ထို့နောက် ဃဋိကာရဗြဟ္မာ ဆက်ကပ်လာသော သက်န်းဖြင့် ရဟန်းပြုတော်မူ၍ ဝတ်လဲတော်ပုဆိုးကိုလည်း ဃဋိကာရဗြဟ္မာမင်းကယူ၍ ဗြဟ္မာ့ပြည်ဝယ် ဒုဿစေတီတည်ထားကိုးကွယ်ခဲ့လေသည်။

(ဆောင်) လောင်းလျာဘုန်းခေါင်, ဆံဦးသျှောင်ကို, ဂုဏ်ရောင် တောက်ကြွား, သိကြားယူ၍, စူဠာမဏိ, မည်ရှိ ပြောစည်, စေတီတော်မှာ, ဌာပနာကာ,. ဒေဝါနံတို့ အောင်ပွဲခံသတည်း။

## ရာဇဂြိုဟ်ပြည့်ရှင် ဗိမ္ဗိသာရမင်းက ထီးနန်းလှူခြင်း

ဘုရားအလောင်းတော်သည် ရဟန်းပြုပြီးနောက် ခုနစ်ရက်ခန့် ကြာသောအခါ ရာဇဂြိုဟ်မြို့တော်သို့ ကြွလာ၍ ဆွမ်းခံဝင်တော်မူသည်၊ ထိုစဉ်က ရသေ့ ရဟန်းတို့ဝယ် သပ္ပာယ်တင့်တယ်သူကို တွေ့ရခဲ၏၊ မတင့်မတယ်နှင့် အသက်အရွယ်ကြီးရင့်သူများကိုသာ အများအားဖြင့် တွေ့နေသော ရာဇဂြိုဟ် မြို့သူ မြို့သားတို့သည် အရွယ်တော်အားဖြင့် နှစ်ဆယ့်ကိုးနှစ်မျှသာ ရှိသေး၍ စကြာအမှတ်လက္ခဏာ စုံလင်စွာပါရှိ၍ အတုမဲ့ လှပစိုပြေသော ဘုရားအလောင်းတော်ကို တအံ့တသြကြည့်ရှုကြလေသည်။

အလောင်းတော်သည် ဆွမ်းခံပြီး ပဏ္ဍဝ တောင်ခြေသို့ ကြွတော်မူကာ ဆွမ်းဘုဉ်းပေးလေရာ ရာဇဂြိုဟ်ပြည်ရှင် ဘုရင် ဗိမ္ဗိသာရမင်းကြီး ရောက်လာကာ ရုပ်လက္ခဏာကို မြင်ရ၍ဖြင့် ဥစ္စာစည်းစိမ်ဂုဏ်သိန်တိုးပွား ဇာတ်မြင့်သော မင်းသားတစ်ပါးဖြစ်ရာသည်ဟု စဉ်းစားပြီးလျှင် ထီးနန်းစည်းစိမ်ကို လွှဲအပ်လေသည်။ ဘုရားအလောင်းသည် ဗိမ္ဗိသာရမင်းထက် ငါးနှစ်ကြီးလေရာ ထိုစဉ်က ဗိမ္ဗိသာရမင်း နှစ်ဆယ့်လေးနှစ်ရှိရာ၏။[၁]

ဘုရားအလောင်းတော်သည် ထီးနန်း စည်းစိမ်ကို မလိုချင်ကြောင်း, ဘုရားဖြစ်လိုကြောင်း မိန့်တော်မူလေလျှင် ဘုရားဖြစ်လျှင် ဦးစွာပထမကြွလာဖို့ရန် လျှောက်ထား တောင်းပန်လိုက်လေသည်။

---

၁။ ဗောဓိသတ္တော ဗိမ္ဗိသာရ၊ ပဉ္စဝဿာဓိကော အဟု။
ကျေနတ်သော ဝယသာ၊ ဗောဓိသတ္တာဘိနိက္ခမိ။
မဟာဝံသ၊ ၂။ ၂၆၊

(ဆောင်) အလောင်းအလျာ, သူတော်စွာသည်, ရာဇဂြိုဟ်
မည်, ပူရီကြငှန်း, ဆွမ်းခံဝင်စဉ်, မျှားဖြင်သောင်း
သောင်း, လူအပေါင်းတို့, သောင်းသောင်းဖျဖျ,
ကြည့်ရှုကြ၏, ပဏ္ဍဝတောင်ခြေ, ပရမေမြတ်စွာ,
ဆွမ်းအာဟာရ, မျှတနေစဉ်, ဘုရင် ဗိမ္ဗိသာ,
ရောက်ရှိလာ၍, ရာဇဂြိုဟ် ကြငှန်း, သူ လှူဒါန်း
လည်း, ဘုန်းပန်းစောလှံ့, လက်မခံပဲ, စောလှုံ
မြတ်စွာ, ဖြစ်လိုပါကြောင်း, ပြန်ပြောင်းကြည်ဖြူ,
မိန့်တော်မူသည်, နတ်လူ ပြဟ္မာ အံ့ဖွယ်တည်း။

## ဒုက္ကရစရိယာ ကျင့်သဖြင့် ကိုယ်တော်အသွေးအသား ခေါင်းပါးခြင်း

ဘုရား အလောင်းတော်သည် ရဟန်းပြုတော်မူပြီးနောက် ဆရာဖြစ်ထိုက်သူကိုရှာလေရာ အာဠာရနှင့် ဥဒကရသေ့တို့ကို တွေ့၍ ထိုရသေ့တို့မှ လောကီစျာန်မျှကိုသာ နည်းခံရ၍ အားရ တင်းတိမ် ကျေနပ်ခြင်း အလျှင်းမရှိပဲ တရားထူးကို မရမနေ ဆက်သက်ရှာဖွေကာ ဥရုဝေလတောသို့ ရောက်တော်မူသည်။ ထို့နောက် သေနနိဂုံးသို့ဆွမ်းခံဝင်ကြွတော်မူ၍ ဆွမ်းဘုဉ်းပေး တော်မူပြီးလျှင် ဆွမ်းခံဝင်ကြွရသည်ကိုပင် တရားအလုပ်၏ အနှောင့်အယှက်ဟု ထင်မှတ်ရကား ဆွမ်းခံမကြွတော့ပဲ ဒုက္ကရ စရိယာ (သာမန်လူတို့ ကျင့်နိုင်ခဲသော) အကျင့်ကို စတင်၍ ကျင့်တော်မူလေသည်၊ ကျင့်ပုံအစဉ်မှာ အောက်ပါအတိုင်း ဖြစ်လေသည်။

ဆွမ်းမစားပဲ သစ်ပင်ရှိရာကြွ၍ အလိုလိုကြွေကျသော သစ် သီးကိုသာ ကောက်ယူစားတော်မူ၏၊ ထို့နောက် သစ်ပင်ရှိရာသို့

ကြွ၍မကောက်ပဲ မိမိသစ်ပင်အောက်က သစ်သီးကိုသာ ကောက်ယူစားတော်မူ၏၊ ထို့နောက် သစ်သီးတစ်လုံး, နှမ်းတစ်လုံး ဆန်တစ်လုံးမျှကိုသာ စားတော်မူ၏၊ ဤသို့ အစာကို လျှော့ချသဖြင့် အသားအသွေးမရှိတော့ချေ။ ဝါဝင်းထိန်ပြေ ကျက်သရေရှိသော အဆင်းတော်သည် ညိုမဲသွေ့ခြောက်ကာ အရေသာ ကျန်တော့သည်၊ ယင်းသို့ ကျင့်တော်မူခဲ့ ရသည်မှာ ခြောက်နှစ်ကာလ ကြာညောင်းခဲ့လေသည်။

ရင့်သီးစွာ ပြစ်မှားပြောဆိုမိသဖြင့် ခြောက်နှစ်ကျင့်ရ

ဘုရားအလောင်းတော်သည် ကဿပ ဘုရားရှင် လက်ထက် ဇောတိပါလ ပုဏ္ဏား လုလင်ဖြစ်စဉ်က ကဿပ ဘုရားရှင်အား ဤဦးပြည်းရဟန်းသည် သဗ္ဗညုတ ဉာဏ်တော်ရှင် အဘယ်မှာ လျှင် ဖြစ်နိုင်ပါအံ့နည်း၊ သဗ္ဗညုတ ဉာဏ်တော်မှာ လွန်စွာပင် ရခဲ၏ဟု ပြောဆိုမိသော ဝစီကံကြောင့် ဒုက္ကရစရိယာ ခြောက်နှစ် ကြာမျှ ကျင့်ရသည်ဟူ၏၊ ဝစီဘေက ထိုတိုင်းရှ ကြောက်စရာပါတကား။

မေး။ ။ဥရုဝေလ – တောရမ္မိုင်ခွင်၊
ခြောက်နှစ်ပတ်လုံး – ကျင့်သုံးအရှင်။
အားကုန်ခန်းလို့ – ညှိုးနွမ်းငြိုငြင်၊
ပင်ပန်းရေး – ဝဋ်ကြွေးဘယ်ကြောင့်တင်။

ဖြေ။ ။ကဿပဘုရား – ထင်ရှားပွင့်သော်၊
ဇောတိပါလ – နာမအကျော်။
ပုဏ္ဏားမာန်တက် – နှုတ်မြွက်အာဘော်၊
ဝစီပြင်း – ရှေးရင်းဝိပါက်တော်။

## သုဇာတာလှူဒါန်းသော ဃနာနို့ဆွမ်းကို ခံယူတော်မူခြင်း

ဥရုဝေလတောအနီး သေနနိဂုံးကြီး၌ သေနနိဂုံး သူဌေး သမီး သူဌေးကတော်လေး သုဇာတာသည် အပျိုဘဝတုန်းက ညောင်ပင်ကြီးသို့ သွား၍ သူဌေးသား ရရန်နှင့် သားဦးရရန် ဆုသန်ခဲ့လေရာ ထိုဆုတောင်းသည့်အတိုင်း ပြည့်သောကြောင့် နတ်မင်းကြီးက မ,သည်ဟု ထင်မှတ်၍ နှစ်စဉ် ပူဇော်လေ့ရှိ၏၊ အလောင်းတော်သည်လည်း ခြောက်နှစ်ကာလပတ်လုံး ပင်ပန်း လှသောအကျင့်ဖြင့် တရားထူးမရသောကြောင့် ဆွမ်းအာဟာရ ကို မျှတအောင် ဘုဉ်းပေး၍ ကျင့်တော်မူလေပြီ။

သက်တော် သုံးဆယ့်ငါးနှစ်ပြည့်ရာ ကဆုန်လပြည့် နံနက် စောစောအခါတွင် ညောင်ပင်ကြီးအောက်သို့ရောက်တော်မူစဉ် သုဇာတာသည် မိမိ၏ ကျေးငှူးရှင် နတ်မင်းကြီးဟုထင်မှတ်ကာ တစ်သိန်းတန် ရွှေခွက်နှင့်တကွ နို့ဃနာဆွမ်းကို လှူဒါန်းလေ သည်၊ ထိုဆွမ်းကို နေရဉ္ဇရာမြစ်သာကမ်းနား၌ ဘုဉ်းပေးတော် မူပြီးလျှင် "ယနေ့ ဘုရားငစ်စစ် ကေန်ဖြစ်မည်မှန်လျှင် ရေညာ ဆန်စေသား"ဟု မိဋ္ဌာန်၍ ရွှေခွက်ကို မျှောလိုက်ရာ ရေညာသို့ ဆန်တက်သွားလေသည်။

(ဆောင်) ဗုဒ္ဓနေ့မှာ, သုဇာတာမည်, ဂုဏ်ရည်ပြည့်ကျော်, သူဌေးကတော်သည်, ကော်ရော်လှူဒါန်း, နို့ဃနာ ဆွမ်းကို, မြစ်ကမ်းသာယာ, နေရဉ္ဇရာဝယ်,လောင်း လျာဘုန်းခေါင်, သုံးဆောင်စား၍, ဘုရားဖြစ်ရန်, ယနေ့မှန်လျှင်, ဆန်စေမြစ်ညာ, မိဋ္ဌာန်ကာ, ရေမှာ ရွှေခွက်မျှောသတည်း။

## မာရ်နတ်ရှန်ကို အောင်တော်မူခြင်း

သုဇာတာ၏ဃနာနို့ဆွမ်းကိုဘုဉ်းပေးတော်မူပြီးလျှင်နေရဥ္စရာ မြစ်ကမ်းဝယ် အေးချမ်းသာယာသော အင်ကြင်းဥယျာဉ်၌ နေ့သန့်စင်တော်မူကာ ညနေချမ်း ဗောဓိပင်သို့ အကြွတွင် မြက်ရိတ်သမား ပုဏ္ဏားအထံမှ မြက်ရှစ်ဆုပ်ကို အလှူခံတော်မူပြီး ထိုမြက်ပေါ်မှာပင် "ဘုရားမဖြစ်သမျှ ဤတင်ပလ္လင်ကို မဖျက်တော့"ဟု မိဋ္ဌာန်လျက် ထက်ဝယ်ဖွဲ့ခွေထိုင်နေတော်မူရာ ဖြဟ္မာ, သိကြား,နတ်အများတို့ ထံခဘော်ပါးသို့ရောက်ရှိသာကြကုန်၏။

ထိုအခါ ကေန်ငင်စစ် ဘုရားဖြစ်တော့မည်ဟု သိသော မာရ်နတ်သည် ဒေါသထွက်ကာ နတ်ပြည်သို့ပြန်သွား၍ စစ်သည် တပ်သားစုဆောင်းကာ မိမိကိုယ်တိုင်ကလည်း လက်နက်မျိုးစုံ ကိုင်ကာ "တက်ကြလော့, ဖမ်းကြလော့"စသည်ဖြင့် ဆော်သြ ခြိမ်းခြောက်သေရာ ဘုရားမြတ်စွာလောင်းလျာသည် သားယုတ် သားကြမ်းအပေါ်တွင် မိခင်၏မေတ္တာပမာ ဘဝများစွာ အထုံ ပါသော မေတ္တာတော်စွမ်းပကားသီတဂူဖြင့် အေးချမ်းကြည်ဖြူ အောင်မြင်တော်မူလေသည်။

(ဆောင်) ပလ္လင်လုရန်, စိတ်အကြံဖြင့်, ကေန်ရောက်လတ်, မာရ်မာရ်နတ်ကို, စောမြတ်လောင်းလျာ, တို့မဟာ သည်, မေတ္တာတော်စွမ်း, အံ့မခန်းဖြင့်, အေးချမ်း ကြည်ဖြူ, အောင်တော်မူသည်, နတ် လူ ဖြဟ္မာ အံ့ဖွယ်တည်း။

## ဘုရားသဗ္ဗညုအဖြစ်သို့ ရောက်တော်မူခြင်း

အလောင်းတော်မြတ် ဗောဓိသတ်သည် မာရ်နတ်မင်းရန်ကို အောင်တော်မူပြီး၍ ဗောဓိပင်ရင်း၌ ထက်ဝယ်ဖွဲ့ခွေ နေတော်မူကာ ဘုရားသဗ္ဗညုအဖြစ်သို့ မရောက်သမျှ ဤနေရာမှ မထတော့ဟု ကြီးမားလှစွာသောလုံ့လဖြင့် ဆင်ခြင်သုံးသပ်တော်မူသောအခါ ညဦးယံ၌ လွန်ခဲ့သော ဘဝပေါင်းများစွာကို ပြန်၍ အောက်မေ့ဆင်ခြင်သိစွမ်းနိုင်သော ပုဗ္ဗေနိဝါသာနုဿတိ ဉာဏ်, သန်းခေါင်ယံ၌ ဘုံသုံးဆယ့်တစ် ဖြစ်ဖြစ်သမျှသော သတ္တဝါအားလုံးကို မြင်စွမ်းနိုင်သော အာသဝက္ခယဉာဏ်ကို ရတော်မူပြီးလျှင် မဟာသက္ကရာဇ် ၁၀၃-ခုနှစ် ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ နံနက် အရုဏ်ဘက် အချိန်တွင် လောကသုံးပါး၏ အထွတ်အဖျား ဘုရားသဗ္ဗညုအဖြစ်သို့ ရောက်တော်မူလေသည်။

(ဆောင်) တောရပ်မြိုင်ပေါ်, ခြောက်နှစ်ပျော်၍, ခါတော်တပုံ, ပွင့်ချိန်ကြုံက, ကဆုန်လပြည့်, ဆင်မင်းနေ့ဝယ်, မြေ့ပရမေ, ပလ္လင်ဗွေထက်, ရွှေညောင်တော်ကြီး, ဗိဘာန်ထီးနှင့်, မငြိုးကြည်ဖြူ, နေတော်မူလျက်, ရန်မူခပင်း, အမိုက်သင်းကို, အလျှင်းပယ်ဖျောက်, အလင်းပေါက်က, ထွန်းတောက်ဘုန်းတော်, သောင်းလုံးကျော်သည်, သုံးဖော်လူတို့ ငြိမ်းပါကို။[၁]

---

၁။ လယ်တီဆရာတော်ဘုရားကြီး၏ ခုနစ်နေ့ဘုရားရှိခိုး-လင်္ကာ—၄။

## သတ္တသတ္တာဟ စံတော်မူခြင်း

ဘုရားဖြစ်တော်မူပြီးသောအခါ ထိုဗောဓိပင်အောက်မှာပင် ပတ်လည်ဝန်းကျင် ပေါင်ချင်းယှဉ်လျက် ဖွဲ့တင်အပ်သော တင်ပလ္လင်ကို မဖျက်သေးပဲ ၇-ရက်ကြာအောင် ဖလသမာပတ်ကို ဝင်စားတော်မူကာ ထိုင်မြဲထိုင်နေတော်မူ၏၊ ယင်းသို့ ထိုင်တော်မူရာ ၇-ရက်ကို ပလ္လင်္ကသတ္တာဟဟုခေါ်သည်။

(ဆောင်) ဘုရားဖြစ်လျှင်၊ တို့ရှင်ပင်သည်၊ ဗောဓိပင်တွင်၊ တင်ပလ္လင်ဖွဲ့ကာ၊ ခုနစ်ရက်ကြာ၊ ဆက်ကာစံတော်မူသတည်း။

ထိုနေရာ၌ ၇-ရက် ကြာလေသော် သိဒ္ဓတ္ထမင်းသားသည် ယခုတိုင်အောင်ပင် ဘုရားဖြစ်သေးဟန်မတူ နေရာပလ္လင်ကို ခင်မင်စွဲလန်းတုန်းပင် ရှိသေးသည်ဟု နတ်အချို့က တွေးကြလေ၏။ ထိုအခါ ထိုနေရာပလ္လင်မှ ထတော်မူ၍ ကောင်းကင်သို့ တက်ကြွတော်မူပြီးလျှင် ဝဲ-ယာမျက်လုံး လက်ရုံး နှစ်ဖက်တို့မှ ရေနှင့်မီးစုံ ပြိုင်၍ ထွက်သော တန်ခိုးကို ပြတော်မူသည်။ ထိုအခါကျမှ နတ်များက ဘုရားဖြစ်ကြောင်းယုံကြည်ကြသည်။

ၐင်းနောက် ကောင်းကင်မှ ဆင်းသက်တော်မူ၍ ဗောဓိပင်အနီး အရှေ့မြောက်အရပ်၌ ရပ်တော်မူ၍ ဘုရားဖြစ်ရာ ပလ္လင်နေရာတော်ကို ၇-ရက်ပတ်လုံး မမှိတ်သောမျက်စိဖြင့် ကြည့်တော်မူသည်။

(ဆောင်) ဗောဓိရုက္ခေ၊ အရှေ့မြောက်ဆီ၊ ခိုင်ကြည်မတ်မတ်၊ ရပ်တော်မူကာ၊ စောမြတ်စွာသည်၊ နေရာပလ္လင်၊ ကြည်လင်ရှင်သာ၊ ကြည့်ရှုပါသည်၊ သတ္တာဟ အနိမိသတွင်သတည်း။

၎င်းနောက် ဗောဓိပင်နှင့် ရပ်တော်မူရာ အကြား အရှေ့ အနောက် ရှည်လျားသော စင်္ကြံကြွတော်မူခဲ့လေသည်။ ယင်းကို စင်္ကမနသတ္တာဟဟု ခေါ်သည်။

(ဆောင်) ဗောဓိပင်သာ, ရပ်တည်ရာနှင့်, မကွာ အကြား,
ရှေ့ နောက် သွားဖို့, အလျားစင်္ကြံ, ခုနစ်ရက်မှန်,
တုံ့ပြန်လျှောက်တော်မူလေသတည်း။

၎င်းနောက် စင်္ကမန သတ္တာဟ နောက်တွင် ဗောဓိပင်၏ အနောက်မြောက်သို့ ကြွတော်မူခဲ့လေသည်၊ ထိုနေရာ၌ နတ်များ ဖန်ဆင်းထားသည့် ''ရတနာဃရ'' ရတနာစံကျောင်းတော် ရှိသည်၊ ထို ကျောင်းတော်၌ ၇-ရက်တိုင်အောင် အဘိဓမ္မာ တရားတော်ကို ဆင်ခြင်တော်မူသည်။

(ဆောင်) ရတနာဃရခေါ် ရွှေအိမ်နန်းဆီသို့၊
နေရှိန်မသန်းအောင်လို့ ကြွတော်မူ။
သုံးဘုံထွတ်လူ။ အေးစိမ့်စိမ့်ထုံကာကြူ။
သိတင်္ဂုတ္တဲ့ပုံအလား။ အဘိဓမ္မာ အကုန်စပ်အောင်
သုံးသပ်ရှုစား။[၁]

### ပဋ္ဌာန်းကျမ်းဆင်ခြင်မှ ရောင်ခြည်တော်များကွန့်မြူး

အဘိဓမ္မာ ၇-ကျမ်းကို ဆင်ခြင်စဉ် ဓမ္မသင်္ဂဏီ, ဝိဘင်း, ဓာတုကထာ, ပုဂ္ဂလပညတ်, ကထာဝတ္ထု, ယမိုက်–ဟူသော ရှေ့ခြောက်ကျမ်းကို ဆင်ခြင်တော်မူသော အခါ ကိုယ်တော်မှ ရောင်ခြည်တော်ခြောက်သွယ်မထွက်သေးပဲ ပဋ္ဌာန်းကျမ်းတော်

---

၁။ ဗုဒ္ဓဝင်ဆရာကြီး ဦးထွန်းစိန်၏ တြိချိုးကဗျာ။

ကြီး ဆင်ခြင်တော်မူသော အခါတွင်မှ အားရပါးရရှိလှသော ကြောင့် စိတ်တော် အလွန် ကြည်လင်တော်မူ၏၊ စိတ်တော် ကြည်မှုကြောင့်ဖြစ်သော အသွေးအသားတော်လည်း ထူးထူး ခြားခြားကြည်လင်ရကား ကိုယ်တော်မြတ်မှ ရောင်ခြည်တော် ခြောက်သွယ်တို့ ကွန့်မြူးတော်မူလေသည်။

ပဋ္ဌာနံ သမ္မသန္တဿ၊ နာထဿ ဒေဟတော သုဘာ၊
ဆဗ္ဗဏ္ဏာဘာ နိစ္ဆရန္တိ၊ ဝိဓာဝန္တိ တဟိံ တဟိံ။

ပဋ္ဌာနံ– ပဋ္ဌာန်းတွင်ခေါ် အဘိဓမ္မာ ကျမ်းတော်ကြီးကို၊ သမ္မသန္တဿ– သုံးသပ်ဆင်ခြင်တော်မူသော၊ နာထဿ– သုံး လောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရား၏၊ ဒေဟတော–ရွှေ တောင် နှုန်းလျော် မြတ်ကိုယ်တော်မှ၊ သုဘာ–ကြည်ညိုဖွယ် လွန်တင့်တယ်ကုန်သော၊ ဆဗ္ဗဏ္ဏာဘာ–ဆင်းတော်ခြောက်ဖော် ရောင်ခြည်တော်တို့သည်၊ နိစ္ဆရန္တိ-ထွက်ကြွကွန့်မြူးတော်မူကုန်၏၊ တဟိံ တဟိံ–ထက်အောက်မကြွင်း ခပင်းများစွာ ဗိလာဒေသ ထိုထိုချပ်ဌာနတို့၌၊ ဝိဓာဝန္တိ–ပြေးသွားစံပယ်ကြလေကုန်၏။

ရတနာဃရ သတ္တာဟမှ နောက်၌ အဇပါလ ညောင်ပင်သို့ ကြွတော်မူ၍ ၇-ရက်ကြာအောင် ဖလသမာပတ် ချမ်းသာကို စံစားတော်မူ၏၊ နိဗ္ဗာန်ကို အာရုံပြုကာ ဖိုလ်စိတ်အကြိမ်များစွာ ဖြစ်စေခြင်းကို ဖလသမာပတ်ဟုခေါ်သည်။

(ဆောင်) အဘိဓမ္မာမြတ်, သုံးသပ်ရှုထ, သတ္တာဟမှ, အဇ ပါလ, မည်ရညောင်ပင်, ထိုရှင်ပင်, ကာပ်ဝင် ခုနှစ်ရက် စံတော်မူပါသတည်း။

ထို ၇-ရက်လွန်ပြီးနောက် ဗောဓိပင်၏အရှေ့တောင်မျက်နှာဝယ် အလင်္ကါးဆယ်ကွာသော အရပ်၌ မုစလိန္ဒာ-ကျည်းပင်ရှိသည်၊ ထို ကျည်းပင်အနီးရှိ ရေအိုင်ကိုလည်း မုစလိန္ဒအိုင်ဟုခေါ်သည်၊ ထိုကျည်းပင်အောက်၌ ၇-ရက်ပတ်လုံး သီတင်းသုံး၍ ဖလသမာပတ်ချမ်းသာကို ခံစားတော်မူလေသည်၊ ထိုအခါ ၇-ရက်ပတ်လုံး စွေမိုးကြီးရွာသွန်းလေရာ လွန်စွာအေး၏၊ ထိုရေအိုင်မှ နဂါးမင်းကြီးသည် ဘုရားမြတ်စွာထံလာ၍ ၇-ခွေပတ်ကာ ဖုံးထားလေ၏၊ ထိုကို အတုယူကာ ရှေးအခါ၊ ယခုအခါတွင် နဂါးရုံဘုရားများတည်ကြသည်။

(ဆောင်) အဇပါလ, သတ္တာဟမှ, မုစလိန္ဒ, မည်ရကျည်းပင်, တို့ရှင်ပင်, ကပ်ဝင် ခုနစ်ရက် စံတော်မူပါသတည်း။

ထိုနောက် ဗောဓိပင်နှင့်အလံ ၄၀-ကွာအရပ်ရှိ ရာဇာယတနခေါ် လင်းလွန်းပင်သို့ ကြွ၍ ၇-ရက်ပတ်လုံးသီတင်းသုံး၍ ဖလသမာပတ်ချမ်းသာကို ခံစားတော်မူခဲ့လေသည်။

(ဆောင်) ကျည်းပင်ရင်းမှာ, ခုနစ်ရက်ကြာသော်, ရာဇာယတနမည်လျှင်း, လင်းလွန်းပင်မှာ, တို့မြတ်စွာ, ခုနစ်ရက်ကြာ စံတော်မူပါသတည်း။

## တပုဿနှင့် ဘလ္လိကညီနောင်တို့အား ဆံတော်ချီးမြှင့်တော်မူခြင်း

ယင်းသို့ လင်းလွန်းပင်အောက်၌ သီတင်းသုံးတော်မူစဉ် ဥက္ကလာဇနပုဒ်မှ တပုဿနှင့် ဘလ္လိက ကုန်သည် ညီနောင် နှစ်ယောက်တို့သည် ဘုရားပွင့်ရာ မဇ္ဈိမဒေသသို့ ကုန်ရောင်းကုန်ဝယ်

သွားကြ၏၊ ထိုညီနောင်တို့၏ ဆွေမျိုးဖြစ်ခဲ့ဖူးသော နတ်သည် ကိုယ်ထင်ပြ၍ ဘုရားမြတ်စွာ ပွင့်တော်မူလာကြောင်းကို ပြောပြပြီးလျှင် ပ ါလာသောမုန့်များကို ကပ်လှူကြလေဟု တိုက်တွန်းလာ နေရာကို ညွှန်ပြလေသည်၊ ယင်းသို့ ညွှန်ပြချက်အရ ဘုရားမြတ်စွာထံတော်သို့ ချဉ်းကပ်၍ မိမိတို့မှာပ ါလာသော မုန့်များကို ကပ်လှူကြပြီးလျှင် "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ, ဓမ္မံ သရဏံ ဂစ္ဆာမိ-ဘုရားမြတ်စွာကို ဆည်းကပ် ကိုးကွယ်ပ ါ၏၊ တရားတော်ကို ဆည်းကပ်ကိုးကွယ်ပ ါ၏၊ ယနေ့ကစ၍ ဥပ ါသကာမှတ်တော်မူပါ"ဟု လျှောက်ထားကြလေသည်၊ ၎င်းနောက် ကိုးကွယ်ဖို့ရာ လျှောက်ထားသဖြင့် ဘုရားမြတ်စွာက လက်တော်ဖြင့်ဦးခေါင်းတော်ကိုသုံးသပ်၍ ငြိကပ်ပ ါလာသော ဆံတော်များကို သနားချီးမြှင့်တော်မူလိုက်လေသည်၊ ထိုဆံတော်များ ရန်ကုန်မြို့ ရွှေတိဂုံ စေတီတော်ကြီး အတွင်း၌ ကိန်းဝပ်လျက်ရှိတော်မူသည်။

(တေးထပ်)

လှည်းကုန်သည် ဥက္ကဋ္ဌ တဖုဿနောင်ညီ၊
ဓမ္မုဿဝရောင်ခြည်မှာ ပြောင်ကြည်ခါထိန်စ၊
လင်းလွန်းပင် နန်းပလ္လင် မြန်းအရှင် ကြွရောက်ကာလ။
ထိုအခိုက်လှူနှစ်ဖော် အပူဇော်ဝင်ကြ၊
တူပျော်ပျော်ရွှင်ပျလို့ ဘဝင် ဟဒယ အေးကြည်၊
မြတ်ဗုဒ္ဓထံတော်ပါးမှာလ၊ ဆံတော်များရကြလေသည်။
သုံးလူ့မင်း မြတ်ကေသရှိမှာ၊ ဓာတ်စေတီ မပြတ်သုံးကြဖို့၊
အမြတ်ဆုံးဆံကေသာ၊ ချီးမြှောက်ပေတာ။
ရဂုံမြို့ငှာ ၍နေရာဝယ်၊ ပြည်ခေမာရောက်ကြောင်းကဲ့လေး။[၁]

---

၁။ ဗုဒ္ဓဂယာ ဆေးစာညွှန့်ပေါင်း။ ၅၁—နှာ။

## တရားမဟောရန် အကြံတော်ဖြစ်ခြင်း
## သဟမ္ပတိဗြဟ္မာတောင်းပန်ခြင်း

ဘုရားမြတ်စွာသည် ရာဇာယတနမှ အဇပါလ ညောင်ပင်သို့ ပြန်ကြွတော်မူသည်။ ရောက်၍ မကြာမီပင် တရားတော်သည် ရိုးရိုးဉာဏ်ဖြင့် မသိနိုင်လောက်အောင်ပင် ခက်ခဲလှ၏၊ ဉာဏ်ဖြင့် မလှမ်းနိုင်လောက်အောင် နက်သည်းနက်၏၊ သတ္တဝါတို့သန္တာန်မှာလည်း လောဘ, ဒေါသ, မောဟတွေ များလှ၏၊ ယင်း လောဘ, ဒေါသ, မောဟတို့ကို ဆန့်ကျင်ဖက်ပြုရမည့် တရားတော်သည် လောဘ, ဒေါသ, မောဟဖုံးနေသော သတ္တဝါတို့နှင့် မထိုက်တန်၊ သို့ဖြစ်၍ တရားဟောရန် မသင့်ဟူ၍ ဘုရားမြတ်စွာတို့၏ ဓမ္မတာ စဉ်လာအတိုင်း အကြံအစည် ဖြစ်တော်မူလေသည်။ ထိုအခါ သဟမ္ပတိ ဗြဟ္မာမင်းသိ၍ "လောက ကြီး ပျက်စီးပါပြီတကား" ဟု မြွက်ဆို၍ နတ်ဗြဟ္မာများစွာနှင့်အတူ ဘုရားမြတ်စွာထံလာပြီးလျှင် မြတ်စွာဘုရား တရားဟောတော်မူပါ။ ပညာမျက်စိ၌ ကိလေသာနည်းပါးသော သတ္တဝါများ ရှိကြပါသေးသည်။ ထိုသတ္တဝါများ တရားမနာရသည့်အတွက် ဆုတ်ယုတ်နေကြပါသည်။ တရားတော်ကို သိလွယ်သူများ ရှိကြပါလိမ့်မည်ဟု ရှေးနားတော်ကြား လျှောက်ထား၍ ၃-ကြိမ် ၃-ခါ တောင်းပန်လေသည်၊ နောက်တွင် ဘုရားမြတ်စွာသည် တရားဟောရန် လက်ခံတော်မူလေသည်။

**(ဆောင်) ရာဇာယတ, မင်မူလမှ, အဇပါလပညောင်, ဘုန်းခေါင်ရောက်က, ဓမ္မတရား, မဟောကြားဟု, ဘုရားဘုန်းလျှံ, ကြံစည်လေရာ, ဗြဟ္မာသဟမ္ပတိ, ရောက်ရှိလာကာ, တောင်းပန်ရာ, မြတ်စွာဝန်ခံတော်မူသတည်း။**

## ၁၈ ငါးယောက်တို့အား ဓမ္မစကြာတရား ဟောတော်မူခြင်း

ဘုရား မြတ်စွာ ဖွားမြင်စက ပေက္ခဏာတော်ဖတ် ပုဏ္ဏား ရှစ်ယောက်အနက် ပုဏ္ဏား ငါးယောက် တို့သည် မုချဧကန်စင်စစ် ဘုရားဖြစ်လိမ့်မည်ဟု ယုံကြည်ကြသောကြောင့် ရသေ့ရဟန်း ပြုနှင့်ကြ၍ ဘုရားအလောင်းတော်တောထွက်သောအခါ ရေပူ ရေချမ်း ကမ်းလှမ်း ပြုစုနေကြလေသည်၊ နောက်တွင် ဆွမ်း အာဟာရ ဘုဉ်းပေးသည်ကို မြင်သဖြင့် ဘုရားဖြစ်တော့မည် မထင်သောကြောင့် ဘုရားအလောင်းထံမှ ခွဲခွာ၍ ဗာရာဏသီ မြို့တော်အနီးမိဂဒါဝုန်တော၌ နေကြလေသည်။

ဘုရားဖြစ်ဘော်မူ၍ တရားဦးဟောသိုက်သူများကို ရှုဆင် ခြင်တော်မူလေရာ ထိုရသေ့ငါးဦး၏ ရင့်သန်သော ဉာဏ်ကို မြင်တော်မူသဖြင့် ဗောဓိပင်မှ တစ်ဆယ့်ရှစ်ယူဇနာ ကွာလှမ်း သော ဣသိပတနမိဂဒါဝုန်တောသို့ ကြွတော်မူပြီးလျှင် ဝါဆို လပြည့်နေ့နေမဝင်မီအချိန်တွင် ထိုပဉ္စဝဂ္ဂီရသေ့ ငါးဦးတို့အား ဓမ္မစကြာတရားဦး ကို ဟောကြားတော်မူလေရာ တစ်ဆယ့်ရှစ် ကုဋေသော နတ်ဗြဟ္မာတို့နှင့်အတူ အရှင်ကောဏ္ဍည သောတာ ပန်တည် ဟောဘိက္ခု ရဟန်းအဖြစ်သို့ ရောက်လေသည်။

(ဆောင်) ဘုရားဖြစ်ကာ, မိဂဒါသို့, စကြာရွေဖွား, ဖြန့်ချီ
သွား၍, ငါးပါးဝဂ္ဂီ, စုံအညီနှင့်, မဟီတစ်သောင်း,
တိုက်အပေါင်းမှ, ခညောင်းကပ်လာ, နတ်,ဗြဟ္မာ
အား, ဝါဆိုလပြည့်, စနေနေ့ဝယ်, ကြွေ့ကြွေ့
လုံ့တက်, ဓမ္မစက်ကို, မိန့်မြွက်ထွေပြား, ဟောဖော်
ကြားသည်, တရားနတ်စည်ရှမ်းတယ်ကိုး။[၁]

---

၁။ လယ်တီဆရာတော်ဘုရားကြီး၏ ခုနစ်နေ့ဘုရားရှိခိုးလင်္ကာ၁-၅ ပိုဒ်။

## အနတ္တလက္ခဏသုတ်ဟောကြားတော်မူခြင်း
## မိဂဒါဝုန်တော၌ ဝါဆိုတော်မူခြင်း

ဝါဆိုလပြည့်ကျော် ၁-ရက်နေ့မှစ၍ အရှင် ကောဏ္ဍညမှ ကြွင်းသော လေးယောက်တို့အား ဣမ္ဗြိယဘာဝနာ စီးဖြန်းခြင်း၌ ဖြစ်သော အညစ်အကြေးနှင့် အပြစ်ဘေးဟူသမျှ ဖြူစင်အောင်သုတ်သင်ခြင်းငှာ ဆွမ်းမခံစေပဲ ကျောင်း၌သာ နေစေ၍ အဆုံးအမ ပေးတော်မူသည်။ ယင်းဝါဆိုလပြည့်ကျော် ၁-ရက်နေ့တွင် အရှင်ဝပ္ပ, နှစ်ရက်နေ့တွင် အရှင်ဘဒ္ဒိယ, သုံးရက်နေ့တွင် အရှင် မဟာနာမ်, လေးရက်နေ့တွင် အရှင်အဿဇိ နေ့အစဉ်အားဖြင့် သောတာပန်တည်ကြလေသည်။ ဝါဆိုလပြည့်ကျော် ငါးရက် နေ့တွင် ပဥ္စဝဂ္ဂီ ငါးဦးတို့ကို တပေါင်းတည်း ထား၍ အနတ္တ လက္ခဏသုတ်ကို ဟောကြားတော်မူသောအခါ အာသဝေါ ကုန်ခန်း ရဟန္တာဖြစ်ကြလေသည်။ ဤသို့ဖြင့် မဟာသက္ကရာဇ် ၁၀၃-ခုနှစ် ဝါဆိုလပြည့်ကျော် ငါးရက် ကြာသပတေးနေ့၌ ကမ္ဘာလောကအတွင်း လူရဟန္တာပုဂ္ဂိုလ် ခြောက်ပါးတို့ ဖြစ်ရှိ တော်မူကြကုန်သေး၏၊ ဘုရားရှင်သည် ပထမဝါကို မိဂဒါဝုန် တော၌ ဝါဆိုတော်မူခဲ့လေသည်။

(ဆောင်) ပဥ္စဝဂ္ဂီ, ဂုဏ်ရည်ထူးခြား, ရဟန်းများအား, တရား အနတ္တ, လက္ခဏသုတ္တန်, ဘုန်းလျှံမြတ်စွာ, ဟော ကြားပါသဖြင့်, အာသဝဟူ, မြူမျှမသန်း, ရဟန္တာ, မှန်စွာဖြစ်ကြပါသတည်း။

## ယသ သတို့သား ရဟန်းပြုခြင်း
## ယသဘခင်သူဌေးကျွတ်တမ်းဝင်ခြင်း

ဘုရားဖြစ်မည့်နေ့၌ နို့ဃနာဆွမ်းလှူဒါန်းသော သုဇာတာ၏ သားဦးရတနာ ယသ သတို့သားသည် ဘုရားလောင်းဝံသည့် အလား ဆောင်း, နွေ, မိုး, ဥတုသုံးပါးနှင့် သင့်လျော်သော ပြာသာဒ်သုံးဆောင်ဖြင့် စံစားနေစဉ် ညဥ့်အချိန်တွင် အိပ်ရာမှ နိုးလေသော် မတော်မလျော် အိပ်ပျော်နေသော မိန်းမငြွေ့ရုံ အစုကိုမြင်၍ သုသာန်ကဲ့သို့ထင်ကာ ဘုရားမြတ်စွာသီတင်းသုံးရာ မိဂဒါဝုန်တောသို့ ညတွင်းချင်း ထွက်လာလေသည်။ ထိုအခါ ဘုရားမြတ်စွာနှင့် တွေ့သဖြင့် တရားနာရလေရာ သောတာပန် ဖြစ်ပြီးနောက် သားရှာသော ဖခင်သူဌေးအား သားကိုမမြင်ရ အောင် တန်ခိုးဖြင့်ကွယ်ထားပြီး အသင့်သား တွေ့ပါလိမ့်မည်- ဟု မိန့်ဘော်မူကာ တရားတော်ဟောပြန်ရာ သောတာပန်ဖြစ်၍ ယသ သတို့သားလည်း ရဟန္တာဖြစ်လေသည်။ ထိုအခါ ဘုရား မြတ်စွာက တန်ခိုးတော်ကိုရုပ်သိမ်းလိုက်သဖြင့် သား အဖ တွေ့ ကြ၍ ယသလည်း ဧဟိဘိက္ခုရဟန်းဖြစ်လေသည်။

## အရှင်ယသ၏ သူငယ်ချင်း လေးယောက် ရဟန်းပြုကြခြင်း

ဗာရာဏသီပြည်၌ သူဌေးမျိုးအစဉ်ဆက်မှ ဆင်းသက်လာ ကြသော အရှင်ယသ၏ လူဖြစ်စဉ်က သူငယ်ချင်းဟောင်းများ ဖြစ်ကြသော ဝိမလသူဌေးသား, သုဗာဟုသူဌေးသား, ပုဏ္ဏဇိ သူဌေးသား, ဂဝမ္ပတိ သူဌေးသား—ဟူသော သူဌေးသား လေးဦးတို့သည်လည်း အရှင် ယသ ရဟန်းပြုသည်ကို အားကျ သဖြင့် အရှင်ယသနှင့်အတူ ဘုရားရှင်ထံ သွားရောက်လေရာ

ဘုရားရှင်ထံ တရားနာပြီး သောတာပန်တည်ကြကုန်၏။ ၎င်းနောက် ဧဟိဘိက္ခုရဟန်းအဖြစ်သို့ရောက်ကြလေသည်။ ဘုရားရှင်က ဆက်လက်တရားဟောကြားဆုံးမတော်မူလေရာ အာသဝေါကင်းကွာ ရဟန္တာဖြစ်ကြလေသည်။

## ရဟန္တာ တစ်ဆယ့် တစ်ပါး

သို့နှင့် လူ့ပြည်လူသား ရဟန္တာအရှင်မြတ်တို့ကား-

(၁) ဘုရားမြတ်စွာ၊ (၂) (၃) (၄) (၅) (၆) ပဉ္စဝဂ္ဂီငါးပါး၊ (၇) အရှင်ယသ၊ (၈) အရှင်ဝိမလ၊ (၉) အရှင်သုဗာဟု၊ (၁၀) အရှင်ပုဏ္ဏဇိ၊ (၁၁) အရှင်ဂဝမ္ပတိ-အားဖြင့် တစ်ဆယ့်တစ်ပါးဖြစ်လေသည်။

## အရှင်ယသ၏ သူငယ်ချင်း ငါးကျိပ်တို့ ရဟန်းပြုကြခြင်း

အရှင် ယသ၏ သူငယ်ချင်းဟောင်း ဖြစ်ကြသော ဇနပုဒ် (မြို့ကြီး) နေသူ သူငယ်ချင်းငါးကျိပ်တို့သည်လည်း ရဟန်းပြုလိုကြသဖြင့် အရှင်ယသထံ ရှေးဦးစွာချဉ်းကပ်ရောက်ရှိ၍ အရှင်ယသနှင့်အတူ ဘုရားရှင်ထံရောက်ရှိခါ ဘုရားရှင် ဟောကြားတော်မူသော တရားတော်ကို ကြားနာရသဖြင့် သောတာပတ္တိဖိုလ်၌ တည်ကြလေကုန်၏။ ၎င်းနောက် ရဟန်းပြုလိုကြောင်း လျှောက်ထားကြသဖြင့် ဘုရားမြတ်စွာသည် ဧထ ဘိက္ခဝေါ-ရဟန်းတို့ လာကြလော့-စသည်ဖြင့် သာပ ာချီငေါ်ခေါ်တော်မူရာ လူ့အသွင်ကွယ်ပျောက် ရဟန်းအဖြစ်သို့ ရောက်ကြလေကုန်၏။ ဘုရားမြတ်စွာသည် ဆက်လက်၍ အဆုံးအမတရားဟောကြားတော်မူရာ အားလုံး အာသဝေါကင်းကွာ ရဟန္တာဖြစ်ကြလေကုန်၏။

## ရဟန္တာခြောက်ကျိပ်တစ်ပါး

ယင်းသို့ အမျိုးကောင်းသား ငါးကျိပ်တို့ ရဟန္တာဖြစ်သော အခါ လူ့ပြည် လူသား ရဟန္တာအရှင်မြတ်တို့မှာ ငွေးတင်ဆယ့် တစ်ပါးနှင့်ပေါင်း၍ ခြောက်ကျိပ်တစ်ပါးဖြစ်လေသည်။ အနယ် နယ် အစို ဂို့ အမြို့မြို့ အရွာရွာတို့၌ သာသနာပြုရန်လုံလောက် ပြီဟု ဆိုနိုင်ပေပြီ။

## ရဟန္တာ ခြောက်ကျိပ်တို့ကို သာသနာပြု စေလွှတ်တော်မူခြင်း

ဘုရားမြတ်စွာသည် ဘုရားဖြစ်တော်မူပြီးနောက် ပဌမဝါကို မိဂဒါဝုန်တော၌ ငါဆိုတော်မူ၍ ထိုမိဂဒ ဝုန်တော၌ သီတင်း ကျွတ်လပြည့်နေ့တိုင်အောင် သီတင်းသုံးတော်မူ၍ တစ်နေ့တွင် ခြောက်ကျိပ်သော ရဟန္တာအရှင်မြတ်တို့ကို ခေါ်တော်မူပြီးလျှင် ရဟန်းတို့....ငါသည် လူ့နတ်တို့၌ဖြစ်သော တဏှာ့ရာဂ ကျော့ ကွင်းမှ လွတ်ကင်းတော်မူခဲ့လေပြီ၊ သင်ချစ်သားတို့သည်လည်း လူ့နတ်တို့၌ဖြစ်သော တဏှာ့ရာဂ ကျော့ကွင်းမှ လွတ်ကင်းခဲ့ လေပြီ-ဟူ၍ စကားပျိုးတော်မူကာ—

> “သင်တို့ ထိုထို ဤဤ လှည့်လည်ကြချေ၊ အစ, အလယ်, အဆုံး သုံးပါးလုံး ကောင်းမြတ်၍ အနက် အဓိပ္ပာယ်နှင့် ပြည့်စုံသော တရားတော်မြတ်ကို ဟော ကြားကြချေ၊ ကိလေသာမြူမှုန်နည်းပါး၍ ပညာမျက်စိ အားကောင်းသော သတ္တဝါတွေများစွာရှိကြပေသည်။

ထိုသတ္တဝါများ တရားမနာရသည့်အတွက် ရသင့်
ရထိုက်သော တရားထူးမှ ယုတ်လျော့နေကြသည်။
တရားကို သိလွယ်သူတွေ ရကြလိမ့်မည်-

ဟု မိန့်တော်မူကာ သာသနာပြုစေလွှတ်တော်မူခဲ့လေသည်။

(ဆောင်) ခြောက်ကျိပ်သခ်ျာ, ရဟန္တာအား, ဘုရားမြတ်စွာ,
သာသနာပြုရေး, ဝေးနီးရပ်ဌာ, အပြာပြာ, မိန့်မှာ
စေလွှတ်တော်မူသတည်း။

## ဘဒ္ဒဝဂ္ဂီမင်းသားသုံးကျိပ်တို့ ရဟန်းပြုကြခြင်း

ဘုရားမြတ်စွာသည် ဗာရာဏသီပြည် မိဂဒါဝုန်တော၌ ပဉ္စဝဂ္ဂီစသည်တို့အား ချွတ်ချွတ်ရန် အလိုဆန္ဒပြည့်ဝအောင် သီတင်းသုံးတော်မူပြီးလျှင် ကိုယ်တော်တစ်ပါးတည်း သပိတ်, သင်္ကန်းကို ယူတော်မူ၍ ဥရုဝေလတောသို့ ကြွတော်မူစဉ် လမ်းခရီးအကြား ကပ္ပာသိက တောအုပ်အတွင်းဝင်တော်မူ၍ သစ်ပင်တစ်ပင်အောက်၌ သီတင်းသုံးတော်မူလေသည်။

ထိုအခါ ကောသလမင်းနှင့် အဖတူဖြစ်ကြသော ဘဒ္ဒဝဂ္ဂီညီနောင်မင်းသား သုံးကျိပ်တို့သည် ထိုတောအတွင်းပျော်ပွဲစားလာကြရာ ဇနီးမယားမရှိသောမင်းသားများအဖို့ရာခေါ်လာခဲ့သော ပြည့်တန်ဆာမသည် ထိုမင်းသားများမေ့လျော့နေကြစဉ် ဥစ္စာထုပ်ကိုယူ၍ထွက်ပြေးလေသည်။ ထိုမိန်းမကိုလိုက်ရှာကြရင်း ဘုရားမြတ်စွာအနီးသို့ ရောက်သွားသဖြင့် ''မိန်းမတစ်ယောက်မလာဘူးလား''ဟု မေးကြလေသည်။ ထိုအခါ ဘုရားမြတ်စွာက ''အိုမင်းသားတို့....မိန်းမ ရှာတာနှင့် ကိုယ့်ကိုယ်ကိုရှာတာ ဘယ်

ဟာဝက မြတ်သနည်း''ဟု မေးတော်မူရာ ကိုယ့်ကိုယ်ကိုရှာတာက မြတ်ပါသည်ဟု လျှောက်ထားကြ၏။ ထိုအခါ မင်းသားတို့အား တာမဂုဏ်အပြစ်နှင့်တကွ သစ္စာလေးပါး ဟောပြတော်မူလေရာ အချို့ သောတာပတ္တိဖိုလ်, အချို့ သကဒါဂါမိဖိုလ်, အချို့ အနာဂါမိဖိုလ်တည်ကြပြီး ဟေိဘိက္ခုရဟန်းအဖြစ် ရရှိကြလေသည်။ နောက် တစ်ချိန်တွင် ဘုရားမြတ်စွာ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် အနမတဂ္ဂတရားဒေသနာကို ကြားနာကြရသဖြင့် အာသဝေါကင်းကွာ ရဟန္တာ ဖြစ်ကြလေသည်။[၁]

တေ ဓမ္မဒေသနတ္ထာယ၊ ဝိဿဇ္ဇေတွာန ဘိက္ခဝေါ။
ဝိနေတွာ စ တတော တိံသ—သဟာယေ ဘဒ္ဒဝဂ္ဂိယေ။[၂]

ရသေ့ညီနောင် ရှင်တစ်ထောင်ရဟန္တာဖြစ်ခြင်း

ဘုရားမြတ်စွာသည် ဘဒ္ဒဝဂ္ဂီ ညီနောင်သုံးကျိပ် တို့အား အောက်မဂ် အောက်ဖိုလ်တို့၌ တည်စေတော်မူကာ ရဟန်းအဖြစ် ရောက်အောင် ချီးမြှောက်ချွတ်တော်မူပြီးနောက် ဥရုဝေလကဿပ, နဒီကဿပ, ဂယာကဿပ အမည်ရသော ရသေ့ညီနောင်သုံးယောက် ခေါင်းဆောင်သော ရသေ့တစ်ထောင်တို့ကို ချွတ်တော်မူရန် ဥရုဝေလတောသို့ ဆက်လက်ကြွရောက်တော်မူရာ ထိုနေရာရှိ မီးတင်းကုပ်၌ နဂါးမင်းအား တန်ခိုးမျိုးစုံဖြင့် နှိမ်နင်းပြသဆုံးမတော်မူရာ အားလုံး ဟေိ

---

၁။ သံ၊ ၁။ ၃၉၄။
၂။ မဟာဝံသ၊ ၁။ ၁၅။

ဘိက္ခုရဟန်းဖြစ်ကြသည်။ ထို့နောက် ထိုရဟန်းတစ်ထောင်နှင့်အတူတကွ ဂယာသီသသို့ ကြွတော်မူ၍ အာဒိတ္တပရိယာယသုတ်ကို ဟောတော်မူရာ အားလုံးအာသဝေါကုန်ခန်း ရဟန္တာဖြစ်ကြသည်။

## ရာဇဂြိုဟ်ကြွ ဗိမ္ဗိသာရမင်းနှင့် ပြည်သူပြည်သားတို့အား ချီးမြှောက်ခြင်း

ဘုရားရှင်သည် ဗိမ္ဗိသာရမင်းကြီး၏ဘုရားဖြစ်လျှင် ရာဇဂြိုဟ်မြို့တော်သို့ ဦးစွာပထမ ကြွရောက်တော်မူရန် လျှောက်ထားချက်ကို သင်ခြင်တော်မူကာ ဥရုဝေလကဿပ အစရှိသော ရဟန္တာတစ်ထောင်တို့နှင့်အတူ ရာဇဂြိုဟ်မြို့တော်သို့ ကြွတော်မူ၍ ထန်းတော ဥယျာဉ်၌ သီတင်းသုံးတော်မူစဉ် ဗိမ္ဗိသာရမင်းသည် တစ်သိန်းနှစ်သောင်းသော လူထုပရိသတ်နှင့်အတူတကွ အဖူးမြော်လာလေရာ ထိုပရိသတ်အပေါင်းတို့မှာ အရှင်ကဿပဆရာလေလော၊ ရဟန်းဂေါတမဆရာလေလော-ဟုယုံမှားခြင်းဖြစ်ကြလေသည်။ ထိုအကြောင်းကို အရှင်ကဿပသိ၍ ဘုရားဇိနေ်း၏ ခြေတော်ပေါ်၌ဦးခေါင်းကိုတိုက်ပြီးလျှင်ဘုရားမြတ်စွာသည် ဆရာမိမိက တပည့်ဖြစ်ပါကြောင်းကို အကြိမ်ကြိမ်လျှောက်ထားလေသည်။ ဘုရားမြတ်စွာက ပရိသတ်အပေါင်းအား ငါဘုရားသည် ဥရုဝေလကဿပကို ယခုအခါ၌ ဆုံးမသည်မဟုတ်၊ ရှေးသမယနာရဒရသော့ဖြစ်စဉ်ကလည်း မိစ္ဆာဝါဒကင်းအောင် နှိမ်နင်းဆုံးမတော်မူဖူးပြီ ဟု မိန့်တော်မူပြီးလျှင် မဟာနာရဒကဿပဇာတ်တော်ကြီးကို ဟောကြားတော်မူခဲ့လေသည်။ တရားတော်အဆုံး၌ ဗိမ္ဗိသာရမင်းနှင့်တကွ တစ်သိန်း တစ်သောင်းသော

လူဘို သောဘာဝတ္တိဖိုလ်၌ တည်ကြ၍ လူ တစ်သောင်းတို့ သရဏဂုံသုံးရပ် နှလုံးမှတ်၌ တည်ကြလေသည်။

(ဆောင်) ဗ္ဗလိကိုလိ, စရှိတောင်ငါး, တည်ဌာနဝန်းခဲ, ရာဇဂဟမည်, ပူရိကြွင်နန်း, မြို့တော်နန်းသို့, ဘုန်းပန်းပရမေ, ကြွရောက်လေ၍, မွေ့အမြိုက်, တိုက်ကျေးတော်မူ, ပဟာတော်မူရာ, ဗိမ္ဗိသာနှင့်, များစွာလူများ, ထူးခြားတုံလတ်, အမြိုက်မှတ်သို့, ဆိုက်ကပ်ရောက်ကာ, သံရှိပါသည်, မဟာကရုဏာတော် စွမ်းအင်တည်း။

## ဝေဠုဝန်ဥယျာဉ်တော်အလှူခံသိတင်းသုံးတော်မူခြင်း

ဘုရားမြတ်စွာသည် နောက်တနေ့နံနက်တွင် ရဟန္တာရဟန်းပေါင်း တစ်ထောင်ခြံရံလျက် သိကြားမင်း လုလင် ပြုဖြင်ပေးသော လမ်းခရီးဖြင့် ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံဝင်ကြွတော်မူလေသည်။ ထိုအခါ ဗိမ္ဗိသာရမင်းသည် မဟာဒါနပြု၍ ဝေဠုဝန်ဥယျာဉ်တော်ကို အလှူခံရန် လျှောက်ထားသဖြင့် ရေစက်သွန်းချ အလှူခံတော်မူလေသည်။ ဝေဠုဝန် ဥယျာဉ်တော်ကျောင်းအလှူခံသည်နှင့် တစ်ပြိုင်နက် "ဘုရားမြတ်စွာသာသနာ ပင်ရင်းမြစ်မဘိုသည် တည်ကုန်ပြီ" ဟူ၍ မဟာပထဝီမြေကြီးသည် တဟီးဟီးတုန်လှုပ်လေ၏။ ဘုရားမြတ်စွာသည် သံဃာတော်အပေါင်းခြံရံကာ ဝေဠုဝန်ဥယျာဉ်သို့ ကွန့်ချီကြွမြန်းတော်မူခဲ့လေသည်။

(သောင်) အသွားအလာ, လှယ်ကူစွာနှင့်, မြတ်စွာဇိနော်, သင့်လျော်လှပေ, ဓဝဠုဝန်ဓော်, ဥယျာဉ်တော်ကို, ကော်ရော်လေးမြတ်, မင်းလူ့အပ်သဖြင့်, ဘုန်းမြတ်ဝိဒူ, လှူတော်ခံသည်, ကေန်သာသနာ တည်ပြီတကား။

အဂ္ဂသာဝက ဘလောင်း ဥပတိဿ နှင့် ကောလိတပရိဗိုဇ်နှစ်ဦး ဘုရားထံရောက်ရှိခြင်း

ဥပတိဿရွာ၌ ဥစ္စာဓနကြွယ်ဝချမ်းသာသော ဝက်န္တပုဏ္ဏားနှင့် ရူပသာရီပုဏ္ဏေးမ၏သား ဥပတိဿနှင့် ကောလိတရွာ၌ ဥစ္စာဓန ကြွယ်ဝ ချမ်းသာသော သုဇာတပုဏ္ဏားနှင့် မောဂ္ဂလိပုဏ္ဏေးမ၏သား ကောလိတတို့သည် ထူးထူးခြားခြား သံဝေဂရကြသဖြင့် တရားထူးကိုစုံစမ်းကာ သိဉ္စည်းဆရာကြီး၏ အထံတွင် ပရိဗိုဇ်ပြုလုပ်၍နေကြသည်။ အခါတစ်ပါး၌ အရှင် သာရိပုတ္တရာလောင်းလျာ ဥပတိဿသည် ရာဇဂြိုဟ်မြို့တွင်း ဆွမ်းခံဝင်ကြွနေသော အရှင်အဿဇိကိုတွေ့မြင်ရ၍ ထိုပုဂ္ဂိုလ်သန္တာန်မှာ တရားထူးရှိမည်ဟု အထင်ရှိသဖြင့် နောက်မှ လိုက်သွားလေသည်။ အရှင်အဿဇိဆွမ်းဘုဉ်းပေးပြီး၍ ''အရှင်တို့ ဆရာသည် အဘယ် တရားမျိုးကို ဟောပါသနည်း''ဟု မေးရာ အရှင်အဿဇိက ''ငါတို့ဆရာသည် ဒုက္ခနှင့် ဒုက္ခဖြစ်ကြောင်း, ဒုက္ခချုပ်ရာနှင့် ဒုက္ခချုပ်ရာသို့ သွားရောက်ကြောင်း လမ်းကောင်းများကို ဟောတော်မူ၏''ဟု ဖြေတော်မူရာ သောတာပန်ဖြစ်လေသည်။ ထိုအကြောင်းကို အရှင်မောဂ္ဂလာန်လောင်းလျာ ကောလိတအား ပြောပြ၍ သောတာပန်ဖြစ်ပြန်လေရာ အရှင်

ဥပတိဿ၏တပည့် နှစ်ရာငါးဆယ်, အရှင်ကောလိတ၏တပည့် နှစ်ရာငါးဆယ်, စုစုပေါင်း၊တပည့်ပရိဗိုဇ်ငါးရာနှင့်အတူ ဘုရားထံ ပြောင်း၍ ရဟန်းပြုကြကုန်၏။

ရဟန္တာဖြစ်တော်မူကြခြင်း

အရှင်ဥပတိဿနှင့် အရှင်ကောလိတမှတစ်ပါး ငါးရာသော တပည့်တို့သည် အစဉ်အတိုင်းဖြစ်သော မဂ်ကိစ္စဖြင့် အရဟတ္တဖိုလ်သို့ရောက်၍ ရဟန္တာဖြစ်ကြသော်လည်း ထိုပုဂ္ဂိုလ်မြတ်ကြီးနှစ်ဦးတို့မှာကား ကြီးမားသော သာဝကပါရမီဉာဏ် ငရိုက်မပြည့်စုံသေးသဖြင့် ယခင်ကရရှိယင်းစွဲ သောတာပန်အဖြစ်ဖြင့်သာ တည်ကြကုန်၏။ အရှင်ကောလိတသည် ရဟန်းဖြစ်သည်နောက် ခုနစ်ရက်မြောက်နေ့၌ ဘုရားသဗ္ဗညုထံမှဓာတုကမ္မဋ္ဌာန်းကို ကြားနာရသဖြင့် ရဟန္တာဖြစ်တော်မူသည်။ အရှင်ဥပတိဿသည် ရဟန်းဖြစ်ပြီးနောက် ၁၅-ရက်မြောက်နေ့ငယ် သူကရခဘ (ဝက်တူး) လိုဏ်၌ နေစဉ် တူဖြစ်သော ဒီဃနခပရိဗိုဇ်အား ဘုရားမြတ်စွာ ဝေဒနာပရိဂ္ဂဟ လက္ခဏသုတ္တန်ကို ဟောကြားလေသျှင် ထိုတရားကို ကြားနာရသဖြင့် သာဝက ပါရမီဉာဏ်အပြီးအဆုံးသို့ ရောက်တော်မူကာ ရဟန္တာဖြစ်လေသည်။

လက်ျာရံ, လက်ဝဲရံ အဂ္ဂသာဝကများအဖြစ် လွန်စွာထင်ရှား

ထိုအရှင်မြတ်နှစ်ပါးတို့တွင် အရှင်ဥပတိဿသည် ပညာအရာတွင် လွန်စွာထူးချွန်၍ မွန်မြတ်သော တေဒဂ်ဘွဲ့ကိုရတော်မူကာ လက်ျာရံအဂ္ဂသာဝကဖြစ်တော်မူ၍ သာရိပုဏ္ဏေးမ၏ သားဖြစ်ရ

ကား အရှင်သာရိပုတ္တရာဟူသောအမည်ဖြင့် လွန်စွာကျော်ကြား ထင်ရှားတော်မူလေ၏။ အရှင်ကောလိတကား တန်ခိုးအရာတွင် သူတကာထက် ထူးချွန်မွန်မြတ်သော ဧတဒဂ်အရာကို ရရှိတော်မူသည့်အပြင် အဂ္ဂသာဝက ဘွဲ့ထူးကိုလည်း ရရှိတော်မူကာ မောဂ္ဂလိပုဏ္ဏေးမ၏သားဖြစ်လေရကား အရှင်မောဂ္ဂလာန် ဟူသော အမည်ဖြင့် လွန်စွာထင်ရှားလေသည်။ ဖော်ပြပါ အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန် နှစ်ဦးတို့သည် တပေါင်းတည်း ညီညီမျှမျှဘုရားမြတ်စွာသာသနာတော်ကြီးကို တင့်တယ်ထွန်းလင်းစေတော်မူခဲ့ကြလေကုန်၏။

ဧကာလိတော ဇလ္ဒိယာ သေဋ္ဌော၊
အဟံ ပညာယ ပါရဂေါ။
ဥဘောဝ ကေတော ကုတွာ၊
သာသနံ သောဘယာ မသေး

## ကပိလဝတ်ပြည်သို့ ကြွန်းချီကြွမြန်းတော်မူခြင်း

ဘုရားမြတ်စွာသည် ရာဇဂြိုဟ်ပြည်ကြီးရှင် ဘုရင်ဗိမ္ဗိသာရမင်းမြတ် လှူဒါန်းအပ်သော ဝေဠုဝန်ကျောင်းတိုက်တော်၌ သီတင်းသုံးတော်မူကြောင်း ဖခင်ဘုရင်သုဒ္ဓေါဒနမင်းတရားကြီး ကြားသိတော်မူသဖြင့် လူပေါင်းတစ်ထောင်စီဖြင့် အမတ် ကိုးယောက်ကို ဘုရားရှင်အားပင့်ရန် အတန်တန် စေလွှတ်သော်လည်း စကားပြန်မျှပင်မရဘဲ အားလုံး အာသဝေါကုန်ခန်း ရဟန္တာဖြစ်ကြ၍ ရဟန်းပြုကြလေသော် ကာဠုဒါယီကို ရဟန်းပြုလိုသျှင်လည်း ပြုပါဟု ခွင့်ပြုကာ စေလွှတ်ပြန်လေသည်။

---

သူငယ်သာရိပုတ္တရာဝတ္ထုပဒါန်။ (အပ၊ ၁၊ ၂၀)။

ကာဠုဒါယီအမတ်သည် ရဟန္တာဖြစ်၍ ရဟန်းပြုပြီးနောက် ကပိလဝတ်နေပြည်တော်သို့ ကြွတော်မူပါရန် လျှောက်ထားသောအခါ နောက်တော်ပါ ရဟန္တာရဟန်း နှစ်သောင်းနှင့် အတူ ယူဇနာခြောက်ဆယ် ကွာဝေးသောခရီးကို တစ်နေ့လျှင် တစ်ယူဇနာကျဖြင့် နှစ်လတိတိကြွတော်မူလေသည်။ ကာဠုဒါယီသည် ဘုရားမြတ်စွာကြွသာ၍ ရောက်သောခရီးကို သိနှင့်ရန် နေ့စဉ် ရှေ့ပြေးဖြင့်ကြွ၍ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးအား ပြောထားသောကြောင့် ဘုရားရောက်မည့်နေ့တွင် အဆင်သင့်ကြိုဆိုနေကြလေသည်။

ကောဠသော မုနိန္ဒော၊ ဝရေ ဖဂ္ဂုဏပုဏ္ဏမေ။
သကျာနံ နဂရံ ဂန္တ္ဘာ၊ သာဝကေဟိ ပုရေက္ခတော။

မုနိန္ဒော-မုနိငါးပါးတို့၏ ထွတ်ဖျားပရမေ သုံးလူ့ဆွေဖြစ်တော်မူသော မြတ်စွာဘုရားသည်၊ ကောဠသော- တစ်ဝါရရှိတော်မူပြီးသာလျှင်ဖြစ်၍၊ ဝရေ- ရွက်ဟောင်းကျကြွေ ရွက်သစ်ဝေဝေ ထူးမြတ်လှစွာသော၊ ဖဂ္ဂုဏပုဏ္ဏမေ - တပေါင်းလပြည့်နေ့၌၊ သာဝကေဟိ—နှစ်သောင်းသင်္ချာ တပည့် ရဟန္တာအပေါင်းတို့ဖြင့်၊ ပုရက္ခတော-ခြံရံအပ်သည်ဖြစ်၍၊ သကျာနံ- သာကီဝင်မျိုးတို့၏၊ နဂရံ-မြို့တော်ဖြစ်သော ကပိလဝတ်ပြည်သို့၊ ဂန္တ္ဘာ—ကွန့်ချီမြန်းကြွတော်မူခဲ့လေပြီ။

မဟာသက္ကရာဇ် ၁၀၄-ခုနှစ် တစ်ပေါင်းလဆန်း ၁၅-ရက်နေ့တွင် အစပြု၍ ကြွတော်မူသည်၊ ၁၀၅-ခုနှစ် ကဆုန်လပြည့်နေ့တွင် ကပိလဝတ်နေပြည်တော်သို့ ရောက်တော်မူသည်။

(ဆောင်) တစ်ဝါရသော်, ခမည်းတော်အား, ချိုးမြှောက်သောထွေ, ပရမေဇ်နှ, ကပိလကြွင့်နှင်း, ကွန့်ချိုမြန်းသည်, အံ့မခန်းမျှဆန်းထူးတည်း။

## ဆွေတော်မျိုးတော်အလယ် တန်ခိုးပြ ပေါက္ခရဝသမိုးရွာချခြင်း

သာကီဝင်မင်းမျိုးတို့သည် အလွန်လျှင် မာနကြီးကြ၏။ သို့ဖြစ်၍ ဘုရားမြတ်စွာ ရောက်လာတော်မူသောအခါ ငယ်ရွယ်သူတို့ကိုသာ ရှိခိုးစေ၍ ဘုရားမြတ်စွာထက် အသက်ကြီးသောသာကီဝင်တို့ကား ရှိမခိုးဘဲနေကြသည်။ ထိုအခြင်းအရာကို မြင်တော်မူသော ဘုရားသဗ္ဗညုသည် ကောင်းကင်သို့ကြွ၍ သာကီဝင် မင်းတို့၏ ဦးထိပ်ထက်၌ စင်္ကြံကြွလျက် အထက်ပိုင်းကိုယ်တော်မှ မီးအလျှံ အောက်ပိုင်းကိုယ်တော်မှ ရေအယဉ် ဝဲဖက်မှမီး, ယာဖက်မှ ရေ, ဤသို့ ရေမီးအစုံ ထွက်စေသော တန်ခိုးပြာဋိဟာကို ပြတော်မူလေသည်။

ဤသို့ တန်ခိုးပြသော ကိုယ်တော်မှ အညိုတစ်ဖြာ အဝါတစ်လီ အနီတစ်ဆူ အဖြူတစ်ကြောင်း ရောင်မောင်းတင်ချက်ပြိုးပြိုးပြက်ဆန်းကြယ် ရောင်ခြည်တော် ခြောက်သွယ်ကို လွှတ်ဘော်မူလေရာ တအံ့တသြဖြစ်ကြကာ သုဒ္ဓေါဒနမင်းကြီးကိုယ်တိုင် ဘုရားဇိနော်၏ ခြေတော်ကို ဦးတိုက်လေ၏။ ထိုအခါ ဆွေတော် မျိုးတော်အားလုံး မနေသာတော့ဘဲ ရှိသေစွာရှိခိုးကြလေသည်။ ထိုအခိုက်ဝယ် တိမ်တွေတက်လာပြီး စိုစေလိုသူကိုသာစို၍ မစိုစေလိုသူကို မစိုသော ပေါက္ခရဝသမည်သော မိုးကြီးရွာသဖြင့် သာလွန်၍ အံ့သြကြကာ ဘုရားမြတ်စွာ

အပေါ် လေးစားကြည်ညိုကြလေသည်။ ဘုရားမြတ်စွာသည် ဝေဿန္တရာဇာတ်တော်ကြီးကိုလည်း ဟောတော်မူခဲ့လေသည်။

(ဆောင်) သာကီဝင်တို့၊ လွန်လျှင်မာန၊ ထောင်လွှားကြသဖြင့်၊ ဗုဒ္ဓမြတ်စွာ၊ စေသတ္တာအား၊ ကောင်းစွာရိုကျိုး၊ ရှိမခိုးဘူး၊ တန်ခိုးဘိညာဉ်၊ ပါရင်ပေါက်ရောက်၊ ဘုန်းတောက် ထွတ်တင်၊ ကောင်းကင် ကြက်ဘ၊ ပြာဋိဟာတန်ခိုး၊ အမျိုးမျိုးပြ၊ ပေါက္ခရဝဿ၊ မည်ရအံ့ချီး၊ မိုးကြီးရွာချ၊ ထိုကာလ၊ ဦးချ အံ့သြကြသတည်း။

ဘုရားဗိုလ်ခြေတော်ကို ယသော်ဓရာဦးခေါင်းဖြင့် ပွတ်တိုက်ရှိခိုးခြင်း

ကပိလဝတ် နေပြည်တော်သို့ ရောက်၍ နောက်တစ်နေ့တွင် ဆွမ်းခံဝင်ကြွတော်မူသောမြတ်စွာဘုရားကို သုဒ္ဓေါဒနမင်းကြီး လာ၍ တောင်းခံစားရမည်လား စသည်ဖြင့် ရန်သောင်စကား လျှောက်ကြားသောအခါ ဘုရားရှင်သည် ခမည်းတော်ကို တရားဟောသာ ခမည်းတော်ကြီး သောတာပန်တည်လေသည်။ ခမည်းတော်မင်းတရားသည် နန်းတော်သို့ပင့်ကာ မွန်မြတ်လှစွာသော ဆွမ်းဘောဇဉ်အာဟာရတို့ကို ဆက်ကပ်သည့်ကို ဘုဉ်းပေးတော်မူပြီးသည်၏ အဆုံး၌တစ်နန်းတော်လုံး အုံးကြွက်ညံမျှ ဖူးမြော် ကန်တော့ ရောက်လာကြသော်လည်း ယသော်ဓရာမိဖုရားကား "မောင်တော်ဘုရားသည် ငါ၏ ကျေးဇူးရှိလျှင် ကိုယ်တိုင်ကြွလာလိမ့်မည်။ ထိုအခါကျမှ အားရပါးရရှိခိုးမည်" ဟု ပြောဆိုကာ မထွက်လာဘဲ နေလေ၏။

ထိုအခါ ဘုရားမြတ်စွာသည် ငါဘုရားကြွတော်မမူလျှင် ပူမန်လွန်ကဲ ယသော်ဓရာရင်ကွဲလိမ့်မည်ဟု ဆင်ခြင်သိမြင်တော်မူသောကြောင့် ခမည်းတော်အား သပိတ်ကိုပေး၍ လကျာ်, လက်ဝဲ အဂ္ဂသာဝကနှစ်ပါးနှင့်အတူ ယသော်ဓရာနန်းဆောင်သို့ ကြွတော်မူကာ ခင်းထားပြီးသောနေရာ၌ ထိုင်နေတော်မူလေသည်။ ထိုအခါ ယသော်ဓရာသည် ကဗျာကရာလာ၍ ခြေဖမျက်တော်နှစ်ဖက်ကို လက်နှစ်ဖက်ဖြင့်ပွေ့ပြီးလျှင် မျက်နှာဦးခေါင်းတို့ကို ခြေဖမိုးပေါ်မှာ အကြိမ်ကြိမ်လိမ့်ကာ အားရ ကျေနပ်အောင် ကန်တော့ရှာကာ သောကကို ဖြေခဲ့လေသည်။

(ဆောင်) ယသော်အဆောင်, ဘုန်းခေါင်မြတ်စွာ, ကြွရောက်
လာလျှင်, ယသော်ဓရာ, မင်းဗိမ္ဗာသည်, မြတ်စွာ
ခြေပေါ်, အံ့သြော်ညံ့နူး, ဦးခေါင်းတင်ကာ,
ကန်တော့ရှာသည်, သောကပျောက်ပြေပြီတဲ့လေး။

## စန္ဒကိန္နရီဇာတ်ကိုဟောတော်မူခြင်း

ဘုရားမြတ်စွာသည် ယသော်ဓရာ၏ သစ္စာရှိခဲ့ပုံ, မေတ္တာရှိခဲ့ပုံတို့ကို ပို့မို၍ ပေါ်လွင်ထင်ရှားစိမ့်သောငှာ စန္ဒကိန္နရီဇာတ်တော်ကိုလည်း အင်္ဂါရှစ်ဖော် အသံတော်ဖြင့် ဟောတော်မူခဲ့လေသည်။

ဂန္တွာ သာဝကယုဂေန၊ ယသောဓရာနိကေတနံ။
တံ တောသေတွာန ဒေသေသိ၊ စန္ဒကိန္နရီဇာတကံ။

သာဝကယုဂေန–လက်ဝဲ, လကျာ် နှစ်ဖြာသော သာဝက အစုံနှင့်တကွ၊ ယသောဓရာနိကေတနံ–ရာဟုမယ်တော် ယသော်

ရော၏ လွန်စွာဆန်းစုံ နန်းဘုံဆောင်သို့၊ ဂန္ဓာ–ကရဏာခရေးရှု ကြွတော်မူ၍၊ တံ–သံသရာအဆက် ပါရမီဖြည့်ဖက် ဖြည့်ဖော် ယသောဓရာကို၊ ဘောသေတွာ- နှစ်သိမ့်စေတော်မူ၍၊ စန္ဒကိန္နရီ ဇာတကံ–စန္ဒကိန္နရီဇာတ်တော်ကို၊ ဒေသေသိ- ရွှေနှုတ်ပွင့်ကြူ ဟောတော်မူခဲ့လေပြီ။

## နန္ဒမင်းသားအား သပိတ်ထမ်းခေါ် ကျောင်းတော်ရောက် ရဟန်းပြုပေးတော်မူခြင်း

သုဒ္ဓေါဒနမင်းကြီးသည် သားတော်ကြီး သိဒ္ဓတ္ထမင်းသား ဘုရားဖြစ်တော်မူသဖြင့် နန္ဒမင်းသားကို မိမိအရိုက်အရာ လွှဲအပ်၍ မင်းပြုစေခြင်းငှာ နမ္မတော် အဲရင်း ဇနပဒကလျာဏီနှင့် စုံဖက်၍ အိမ်ရှေ့အရာ အပ်နှင်းမည်ဟု ကြံကာ ဘုရားရှင် ကပိလနန်းမြို့တော်ရောက်၍ သုံးရက်မြောက်နေ့တွင် ဘုရား မြတ်စွာအောာတ် ခုနစ်ရက်သာ ငယ်သော နန္ဒမင်းသားအား–

၁။ ဥသျှောင်ထုံးမင်္ဂလာ၊
၂။ သင်းကျစ်သရဖူမကိုဋ်ယူမင်္ဂလာ၊
၃။ အိမ်နိမ့်စံမှ အိမ်မြင့်တက်မင်္ဂလာ၊
၄။ လက်ထပ်မင်္ဂလာ၊
၅။ အိမ်ရှေ့ထီးဆောင်းမင်္ဂလာ၊

ဤ မင်္ဂလာငါးရပ်ကို ပြုမည်ဟု စီမံခင်းကျင်းလေသည်။ ထိုနေ့နံနက်အချိန်တွင် ဘုရားရှင်သည် ဆွမ်းခံဝင်ကြွတော်မူ၍ မင်္ဂလာတရားဟောကြားတော်မူပြီး "ညီတော်နန္ဒ....မင်းလိုက်ခဲ့ ရော့ ဟောသည်သပိတ်ထမ်း ငါဘုရားနောက်တော်က လိုက်ခဲ့ ရမည်"ဟု မိန့်ဆိုခေါ်ဆောင်တော်မူလေသည်။ နန္ဒမင်းသား

သည် ငါ့ကိုတစ်နေရာရာတွင် ပြန်လွှတ်ကောင်းရဲ့ဟု တွေးကြံ လျက် သပိတ်တော်ထမ်း၍ လိုက်လာခဲ့လေသည်။ ဇနပဒ ကလျာဏီသည် အပျိုတော်များကလျှောက်ထားသဖြင့် သိရှိလေ ရကား သည်တစ်ခါမှ အခက်ကြီးခက်ပြီဟု မြည်ဆိုကာ ပြူတင်း ပေါက်ကိုဖွင့်ပြီး ဖြီး၍ တစ်ဝက်သာ ပြီးသေးသည့် ဖရိုဖရဲကျ သော ဆံပင်ဖြင့် မောင်တော်မြန်မြန်ပြန်ခဲ့ပါ၊ နှမတော်သလွန် ပေါ်ကမျှော်နေပါမယ်ဟုဆိုလေ၏။ ဘုရားရှင်သည် ဘာမျှမမိန့် ဘဲ နိဗြောဓာရုံ ကျောင်းတော်အရောက် ခေါ်ဆောင်တော်မူ ကာ ကျောင်းတော်အရောက်တွင် အရှင်သာရိပုတ္တရာကိုခေါ်၍ ရဟန်းပြုစေတော်မူလေသည်။ အရှင်နန္ဒသည် ဇနပဒကလျာဏီ၏ အသံကို နားကမထွက်ဘဲနေပြီး သာသနာ့ဘောင်၌ မပျော်ပိုက် ဘဲ ရှိလေ၏။ ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ကိန်းအောင်းစဉ် အရှင်နန္ဒသည် လူထွက်မည်ဟုရဟန်းများအား လျှောက်ထားရာ ဘုရားရှင်သ်၍ ငါ့ညီတော် နန္ဒရဟန်းလိုက်ခဲ့ ပါ၊ ဒေသစာရီကြွချီရအောင်ဟု မိန့်ဆိုကာ တောလမ်းခရီးဖြင့် ကြွမြန်းတော်မူခဲ့လေသည်။ ဘုရား မြတ်စွာသည် လမ်းခရီး အကြား သစ်ငုတ်တိုတစ်ခု၌ နားရွက်, နှုတ်သီး, အမြီးပြတ်ကြွေ ထိုင်နေသော မျောက်မကြီးကို ပြခဲ့ပြီး တာဝတိံသာနတ်ပြည် သို့ ကြွတော်မူလေသည်။ တာဝတိံသာနတ်ပြည်မှ အလွန်လှပ သော နတ်သမီးငါးရာတို့က ကြိုဆိုဝတ်ပြုကြသည်။ ထိုအခါ ဘုရားမြတ်စွာက ညီတော်နန္ဒရဟန်းအား ဇနပဒကလျာဏီနှင့် သည်နတ်သမီးတွေ ဘယ်သူက လှသနည်းဟု မေးတော်မူရာ အရှင်နန္ဒက နောင်တော်မြတ်စွာဘုရား....တန်းမဆိုင်ပါ၊ ဇနပဒ ကလျာဏီနှင့်လမ်းမှာတွေ့ခဲ့သောမျောက်မကြီးနှင့်တူပါသည်ဟု

လျှောက်ထားလေ၏။ ညီတော်နန္ဒ အဲသည်နတ်သမီးတွေ လိုချင်လျှင် ပျော်ရွှင်စွာ အားထုတ်ပါဟု မိန့်တော်မူကာ ဇေတဝန်ကျောင်းတော်သို့ ပြန်ကြွလာကာ လက္ခဏာရေးသုံးပါးနှင့် စပ်သော တရားတော်ကို ဂါထာဖွဲ့ဆို ပေးသနားတော်မူခဲ့လေသည်။ အရှင်နန္ဒသည် နတ်သမီးဘော့ လာလိမ့်မည် အမှတ်ဖြင့် မပြတ်ကြိုးကုတ် အားထုတ်လေသည်။ အခြားရဟန်းများက အရှင်နန္ဒရဟန်းဘော် ဘုရားမြတ်စွာ သာသနာတော်မှာနေပြီး နတ်သမီးလာရေး, နတ်သမီးရရေး ကြိုးပမ်းနေသည်ဟု ပြောဆိုသည်များကို ရှက်နိုးသဖြင့် ဆိတ်ငြိမ်ရာ၌ နေထိုင်ကာ ကြိုးကြိုး စားစား စီးဖြန်းအားထုတ်ရာ အာသဝေါ ကင်းကွာ ရဟန္တာဖြစ်လေသည်။ နောက်တွင် ဣန္ဒြေကြီးမားသောအရာ ဧတဒဂ်ရရှိလေသည်။

(ဆောင်) သံသရာဝဋ္ဋ်, နှစ်မွန်းမည်ရေး, တွေးကြံဖန်ခါ,
သနားပါသဖြင့်, မြတ်စွာဗုဒ္ဓ, နန္ဒညီတော်, ခေါ်
ဆောင်ပြီးကာ, သာသနာမွေ့, ပေးဝေတော်မူ,
ငှတော်မူသည်, မတူတူးလှ ကရုဏာတော်တည်း။

## အမွေတောင်းသော သားတော်ရာဟုလာအား သာမဏေပြုစေ၍ လောကုတ္တရာအမွေပေးတော်မူခြင်း

ဘုရားမြတ်စွာသည် ကပိလဝတ်နေပြည်တော်သို့ကြွတော်မူ၍ ခုနစ်ရက်မြောက်နေ့တွင် ခမည်းတော်စံနန်းတော်၌ ဆွမ်းဘုဉ်းပေးတော်မူစဉ် ယသော်ဓရာသည် သားတော်ကိုတန်ဆာဆင်၍ ''မယ်မယ့်မျက်ရှု သက်စုရတနာရာဟုလာ.... ရဟန်းသံဃာတော်

နှစ်သောင်း အလယ်မှာ တင့်တယ်စွာ သီတင်းသုံးနေတော်မူသော ရဟန်းတော်အရှင်မြတ်ကြီးကား သားတော်၏ ခမည်းတော်ကြီးဖြစ်ပေ၏။ မောင့်ခမည်းတော်မှေးစက ရွှေအိုးကြီးတွေ ပေါပေါက်ခဲ့ရာ သုံးစွဲမကုန်အောင် လွန်စွာများလှ၏။ အဲသည် ရွှေအိုးကြီးတွေကို တောထွက်သည့်နေ့ကစ၍ မတွေ့ရတော့ဘူး။ လူကလေး စကြာမင်းလုပ်ရအောင် အဲဒီအမွေကို တောင်းချေ''ဟု သွန်သင်ညွှန်ကြား၍ ဘုရားမြတ်စွာထံ လွှတ်လိုက်လေသည်။

သားတော် ရာဟုလာသည် မိခင်ယသော်ဓရာ သင်ပြသည့်အတိုင်း ဘုရားထံသို့ ရောက်လာပြီး ''ခမည်းတော်....ခမည်းတော်၏ အရိပ်သည် လွန်စွာ အေးချမ်းသာယာလှပါသည်။ သားတော်စကြာမင်းလုပ်ချင်ပါသည်။ သားတော်အား အမွေပေးပါ''ဟု တီတီတာတာပြောဆိုကာ အမွေတောင်းရှာလေသည်။ ဘုရားမြတ်စွာ ကျောင်းတော်ပြန်ကြွရာ၌လည်း တီတီတာတာ အမွေတောင်းကာ နောက်တော်က လိုက်သွားလေသည်။

ကျောင်းတော် ရောက်သောအခါ ဘုရားမြတ်စွာက ငါ့သားတော်ရာဟုလာက အမွေအလိုရှိနေ၏။ သူလိုချင်တဲ့အမွေက ဝဋ်ဆင်းရဲဒုက္ခရောက်မည့်အမွေဖြစ်၏။ ဗောဓိမဏ္ဍိုင် မြေဦးတိုင်က ရခဲ့သော အရိယာဥစ္စာခုနစ်ဖြာကိုငါပေးမည်။ လောကုတ္တရာအမွေ ပိုင်ဆိုင်သူ ပြုမည်ဟု ဆင်ခြင်တော်မူကာ ရှင်သာမဏေပြုပေးတော်မူခဲ့လေသည်။ ရာဟုလာသည် အရှင်မောဂ္ဂလာန်၏ ဆံရိတ်, သင်္ကန်းပေး, သရဏဂုံပေးခြင်း, အရှင်သာရိပုတ္တရာက

ဥပဇ္ဈာယ်ပြုခြင်း, အရှင်မဟာကဿပက အဆုံးအမပေးခြင်းဖြင့် သာမဏေဖြစ်ခဲ့လေသည်။[၁]

(ဆောင်) အမွေပေးပါ, တိတ္တာတာဖြင့်, ပြောကြာလိုက်လာ, ရာဟုလာအား, သာမဏေဝတ်ကာ, လွန်စွာထူးသော, လောကုတ္တရာမွေ, ဘုန်းဝေ မြတ်စွာ, ပေးဝေပါသည်, မဟာကရုဏာစွမ်းတော်တည်း။

## သာကီဝင်မင်းသားများ ရဟန်းပြုကြခြင်း

ဘုရားမြတ်စွာ ဘုရားဖြစ်ပြီးသောအခါ နန္ဒမင်းသားစသော သာကီဝင်မင်းသားများစွာတို့ ရဟန်းပြုကြသည်။သားများစွာရှိသော အိမ်တော်မှ တစ်ယောက်တလေမျှ ရဟန်းမပြုလျှင် တာဝန်ဝတ္တရားမကျေသကဲ့သို့ရှိ၏။ သို့နှင့် မဟာနာမ်နှင့် အနုရုဒ္ဓါညီနောင်နှစ်ပါး ရဟန်းပြုရန် တိုင်ပင်ကြရာ အနုရုဒ္ဓါမင်းသားက ရဟန်းပြုမည်ဟု ဝန်ခံလေသည်။ ထိုအချိန်တွင် ဘုရင်ဖြစ်နေသော ဘဒ္ဒိယမင်းသည် အနုရုဒ္ဓါနှင့် ရင်းနှီးသော သူငယ်ချင်းဖြစ်လေသည်။ ထို့ကြောင့်အနုရုဒ္ဓါသည် ဘဒ္ဒိယမင်းထံသွား၍ ရဟန်းပြုရန် အဖော်ညှိလေသည်။ ဘဒ္ဒိယမင်းသည်လည်း ရဟန်းပြုမည်ဟု ဝန်ခံလေသည်။ ဤနည်းနှင်နှင် အာနန္ဒာ, ဘဂု, ကိမိလ, ဒေဝဒတ်နှင့် ဆတ္တာသည် ဥပါလိအပါအဝင် ခုနစ်ယောက်လုံး ဘုရားမြတ်စွာထံရောက်လာလေသည်။ ထိုအခါ သာကီဝင်မင်းမျိုးသည် အလွန် မာနကြီးပါသည်။ ထိုမာနကိုနှိမ်ချိုး၍ ဥပါလိကို ရှိခိုးနိုင်ရန် ဥပါလိကို

---

၁။ ဝိ၊ ၄၊ ၃။ ၂၉၁။

ပသမဦးစွာ ရဟန်းပြုပေးတော်မူပါဟုလျှောက်၍ နောက်တွင် အာနန္ဒာစသူတို့ ရဟန်းပြုကြလေသည်။

(ဆောင်) ဘုရားမြတ်စွာ, သာသနာ၏, လွန်စွာသုခ, ရှိရှိလှ၍, သာကီယဇာတ်, မြင့်မြတ်ပွားတိုး, အမျိုးသားတို့, ဘုရားသာသနာ, ထမ်းရွက်ပါသည့်, များစွာ အားကျဖွယ်ပါတကား။

## ဗုဒ္ဓကိစ္စငါးပါး

ဘုရားမြတ်စွာ နေ့စဉ်နေ့တိုင်း ပြုလုပ်နေကျ ကိစ္စငါးပါးရှိသည်။ မှတ်စရာသိစရာကောင်းပြီး ကြည်ညိုဖွယ်လည်းကောင်းလှ၏၊ သို့ဖြစ်၍ သုံးလူ့ရှင်ပင် ဗုဒ္ဓဝင် စာတော်ဖတ်သည့် ဗုဒ္ဓကိစ္စငါးပါးကို သိအောင် လေ့လာကြည့်ရှုရာ၏။ ယင်း ဗုဒ္ဓကိစ္စသည်=

၁။ ပုရေဘတ္တကိစ္စ=ပုရေဘတ်ကိစ္စ (နံနက်ပိုင်း လုပ်ငန်း)
၂။ ပစ္ဆာဘတ္တကိစ္စ=ပစ္ဆာဘတ်ကိစ္စ (နေ့ပိုင်းလုပ်ငန်း)
၃။ ပုရိမယာမကိစ္စ=ပုရိမယံကိစ္စ (ညဉ့်ပထမပိုင်းလုပ်ငန်း)
၄။ မဇ္ဈိမယာမကိစ္စ = မဇ္ဈိမယံကိစ္စ ( ညဉ့် ဒုတိယပိုင်း လုပ်ငန်း)
၅။ ပစ္ဆိမယာမကိစ္စ = ပစ္ဆိမယံကိစ္စ ( ညဉ့် နောက်ပိုင်း လုပ်ငန်း)

အားဖြင့် ငါးပါးရှိလေသည်။

## ၁။ ပုရေဘတ္တကိစ္စ=ပုရေဘတ်ကိစ္စ(နံနက်ပိုင်းလုပ်ငန်း)

ဘုရားမြတ်စွာသည် ကျိန်းစက်တော်မူရာမှ နံနက်စောစော ထတော်မူပြီးနောက် ပြုစုလုပ်ကျွေးသည့်ပုဂ္ဂိုလ်ကို ချီးမြှောက်တော်မူရန်လည်းကောင်း, ခန္ဓာကိုယ်ချမ်းချမ်းသာသာရှိစေရန်လည်းကောင်း မျက်နှာသစ်တော်မူခြင်း အစရှိသော ကိုယ်ခန္ဓာဆိုင်ရာ ပရိကံများကို ပြုတော်မူလေသည်။ ထို့နောက် ဆွမ်းခံမဝင်မကြွမီအတွင်း ဆိတ်ငြိမ်ရာတွင် ဖလသမာပတ် ဝင်စားတော်မူ၍ အချိန်ကိုကုန်လွန်စေလေသည်။ ဆွမ်းခံချိန် ကျရောက်သောအခါ သင်းပိုင်ကို ပြင်ဆင်ဝတ်တော်မူခြင်း, သင်္ကန်းရုံတော်မူခြင်းများကို ပြုတော်မူပြီးလျှင် သပိတ်ကိုယူတော်မူကာ ရံခါ နောက်တော်ပါ အဖော်မပါ တစ်ပါးတည်း, ရံခါ ရဟန်းများစွာခြံရံလျက် မြို့တွင်းရွာတွင်းသို့ ဆွမ်းခံကြွတော်မူသည်။ ထိုသို့ကြွတော်မူရာ၌လည်း တစ်ခါတစ်ရံ ပကတိအတိုင်းကြွတော်မူ၏။ တစ်ခါတစ်ရံ တန်ခိုးပြာဋိဟာ မျိုးစုံတို့ကို ဖြစ်စေတော်မူကာ ကြွတော်မူတတ်၏။ တန်ခိုး ပြာဋိဟာ မျိုးစုံဖြင့် ကြွတော်မူပုံကား အောက်ပါအတိုင်းဖြစ်လေသည်။

ဘုရားမြတ်စွာ၏ ရှေ့တော်က ကြိုကာကြိုကာ နူးညံ့သိမ့်သော လေများသည် မြေကြီးကို စင်ကြယ်အောင် သုတ်သင်ရှင်းလင်းနှင့်ကြကုန်၏။ တိမ်တိုက်များသည် ရေပေါက်ကလေးများကို လွှတ်ချသွန်းလောင်းပြီးလျှင် လမ်းစဉ်တစ်လျှောက်လုံး၌ မြူမှုန်များကို ငြိမ်စေ၍ မိုးဝကောင်းကင်ဝယ် ဗိတာန်မျက်နှာကြက်သဖွယ် တည်နေကုန်၏။ မြင့်မောက်သော မြေနေရာများသည်လည်း ညီညွတ်အောင် နိမ့်၍သွားကုန်၏။ နိမ့်ခွက်

သော မြေနေရာများသည်လည်း ညီညွတ်လေအောင် မြင့်တက်လာကုန်၏။

ခြေတော်ချတော်မူလိုက်လျှင် တစ်ပြင်တည်း တညီတညွတ်တည်း ဖြစ်၍ နေလေ၏။ အတွေ့အထိကောင်းမြတ်သော ပဒုမ္မာကြာပန်းတို့သည်လည်း ဘုရားမြတ်စွာ၏ ခြေတော် အစုံတို့ကို ခံလင့်ကုန်၏။ မြို့ရှာ တံခါးတိုင်အတွင်းဖက်သို့ လက်ျာခြေတော်ကို ချတော်မူလိုက်သည်နှင့် တစ်ပြိုင်နက် ရွှေတောင်နှုန်းလျော် မြတ်ကိုယ်တော်မှ ညို, ဝါ, နီ, ဖြူ, ရောင်မောင်းဟူခြောက်ဆူပြိုးပြိုးပြက် ဟူသည့် ရောင်ခြည်တော် ခြောက်သွယ်တို့ အံ့မခန်းမျှ ဆန်းကြယ်စွာ ထွက်ကုန်၍ ပြာသာဒ်စုလစ်မွန်းချွန်တပ်သော အိမ်စသည်တို့ကို ရွှေရည်အယင်သဖွယ် ရွှေရောင်ရှိကုန်သကဲ့သို့လည်းကောင်း, ဆန်းကြယ်သော အဝတ်အထည်တို့ဖြင့် လွှမ်းခြုံအပ်ကုန်သကဲ့သို့လည်းကောင်း ထန်ဆာဆင်ကုန်လျက် ထိုမှဤမှပြေးသွားလေကုန်၏။ ဆင်, မြင်း, ငှက် အစရှိသော သတ္တဝါတို့သည်လည်း မိမိတို့ ရောက်ရှိနေရာ၌ပင်လျှင်တည်နေကြကုန်လျက် သာယာချိုမြိန်သည့် အခြင်းအရာရှိသော အသံဖြင့် ကျူးရင့်မြည်ဟွန်ကြလေကုန်၏။

စည်, စောင်းငြင်း, ပတ်သာ အစရှိသော တူရိယာမျိုးစုံတို့သည်လည်းကောင်း, အမျိုးသမီး, အမျိုးသား လူများကိုယ်၌ဝတ်ဆင်ထားသည့် ခြေချင်း, နားတောင်း, လက်ကောက်စသည့် တန်ဆာတို့ သည်လည်းကောင်း မည်သူ တစ်ဦး တစ်ယောက်မျှ မတီးမခတ်ရဘဲ အလိုလိုမြည်လေကုန်၏။

လူအပေါင်းတို့သည် ဖော်ပြခဲ့သည့် အမှတ် အသားကို တွေ့မြင်သော အားဖြင့် ယနေ့ဘုရားမြတ်စွာ သည်အရပ်ဒေသ

သို့ ဆွမ်းခံဝပ် ကြွတော်မူသည်ဟု သိကြရကုန်၏။ လူတို့သည် ကောင်းစွာ သေသေသပ်သပ် ဝတ်ဆင်ကြ၊ အပေါ်ဝတ်တဘက် စသည် တင်ကြပြီးလျှင် ပန်း၊ နံ့သာ စသည်တို့ကိုယူကြ၍ အိမ်မှ ထွက်ကြပြီးနောက် ရိုးအကြားသို့ သွားကြကာ ဘုရားမြတ်စွာကို ပန်းနံ့သာ အစရှိသည်တို့ဖြင့် မြတ်နိုးလေးမြတ် ပူဇော်ကြကုန်၏။ ဘုန်းတော် ကံတော် သမ္ဘာတော်ကြီးတော် မူလှသော မြတ်စွာဘုရား.... တပည့်တော်တို့အား သံဃာ ၁၀ - ပါး ပေးသနားတော် မူပါဘုရား၊ တပည့်တော်တို့အား သံဃာ အပါး ၂၀-ပေးသနားတော်မူပါ၊ သံဃာအပါး ၃၀-ပေးသနားတော်မူပါ၊ သံဃာအပါး ၄၀-ပေးသနားတော်မူပါ၊ သံဃာအပါး ၅၀- ပေးသနားတော်မူပါ၊ သံဃာအပါး ၁၀၀— ပေးသနားတော်မူပါ- စသည်ဖြင့် လျှောက်ထားတောင်းယူကြကုန်၏။ ဘုရားဇိနေ်္ဒ အထံတော်မှ သပိတ်တော်ကို ယူငင်၍ နေရာခင်းကာ ရိုသေလေးမြတ်စွာ ဆွမ်းလုပ်ကျွေးကြကုန်၏။

ဘုရားမြတ်စွာသည် ဆွမ်းကိစ္စ ပြီးစီး ပြည့်စုံလေလျှင် ထိုပုဂ္ဂိုလ်များ၏ ရှေးကအကြောင်းကံ ပါရမီများနှင့် မျက်မှောက်စိတ်သန္တာန်ကို ကြည့်ရှုတော် မူပြီးနောက် သင့်လျော်သော တရားဒေသနာတော်ကို ဟောကြားတော်မူလေသည်။ ထိုအခါ အချို့သရဏဂုံ သီလတို့၌ တည်ကြသည်။ အချို့ သောတာပန်၊ အချို့သကဒါဂါမ်၊ အနာဂါမ်ဟူသော အောက်ဖိုလ်သုံးပါး တို့တွင် တစ်ခုခု၌ တည်ကြလေကုန်၏။ အချို့ကား ရဟန်းပြု၍ အရဟတ္တဖိုလ်၌ တည်ကြလေကုန်၏။

ဤသို့ပင် လူအများကို ချီးမြှောက်တော် မူပြီးနောက် နေရာမှ ထတော်မူကာ ကျောင်းတော်သို့ ပြန်ကြွတော်မူလေ၏။ ကျောင်းတော်သို့ပြန်ရောက်လျှင် ရဟန်းတော်များ ဆွမ်းကိစ္စပြီးချိန်ကို ငံ့လင့်တော်မူယင်း တန်ဆောင်းဝန်းရှိ မြတ်သောနေရာ၌ သီတင်းသုံးတော် မူလေ၏။ ထို့နောက် အလုပ်အကျွေး ရဟန်းတော်များက ရဟန်းတော်များ ဆွမ်းကိစ္စပြီး ပြီဖြစ်ပါကြောင်း လျှောက်ထားသော အခါတွင် ဂန္ဓကုဋီ ကျောင်းတော်သို့ ကြွတော်မူလေ၏။ ဤကား ပုရေဘတ်ကိစ္စတည်း။ အလွန်လျှင် အံ့ဩကြည်ညိုဖွယ် ကောင်းလှပေသည်။

(ဆောင်) ဝေနေယျများ, ကျိုးစီးပွားကို, လိုလားမယုတ်, အားထုတ်တော်မူ, ကျင့်တော်မူလတ်, ပုရေဘတ် တွင်, ချိန်ခါလျှင်, ရှင်ပင် မနေ့နား အားသစ် တော်မူသတည်း။

## ၂။ ပစ္ဆာဘတ်ကိစ္စ (နေ့ပိုင်းလုပ်ငန်း)

ဘုရားမြတ်စွာသည် ဂန္ဓကုဋီ ကျောင်းတော်သို့ မဝင်မီ ဂန္ဓကုဋီအနီး၌ သပ္ပါယ်ရှင်ပြုး သီတင်းသုံးနေထိုင်တော်မူကာ ခြေတော်များကို ဆေးတော်မူပြီးနောက် ခြေဆေးအင်ပျဉ်၌ ရပ်တည်တော်မူယင်း ရဟန်း အပေါင်းတို့အား "ချစ်သား ရဟန်းများတို့.... သင်ချစ်သားတို့သည် မမေ့ မလျော့ကြနှင့် သတိနှင့်ပြည့်စုံစေကြရမည်။

၁။ လောက၌ ဘုရားပွင့်ချိန်ကို ရဖို့ကြုံဖို့ခက်ခဲသည်။

၂။ လူ့အဖြစ်ရဖို့ မလွယ်ဘူး။

၃။ လျောက်ပတ်သော အရပ်၌ နေရခြင်း, ဣန္ဒြေများ မချို့တဲ့ခြင်း, သဒ္ဓါတရားနှင့်ပြည့်စုံခြင်း, စသောအကြောင်းနှင့် ပြည့်စုံဖို့လဲ မလွယ်ဘူး။

၄။ ရှင်ရဟန်းအဖြစ်ကိုလည်း ရခဲသည်။

၅။ သူတော်ကောင်းတရား ကြားနာရဖို့ကိုလည်း ခဲယဉ်းသည်—

ဟု ဆုံးမတော်မူမြဲဖြစ်လေသည်။ ဤသို့လျှင် နေ့စဉ် နေ့တိုင်း ရဟန်းတို့အား ဒုလ္လဘတရားငါးပါးကို သတိပေးဟောကြားတော်မူလေ့ရှိသည်။

ထိုနေရာမှာပင် တစ်ချို့ ရဟန်းတော်များ မိမိတို့နှင့် သင့်လျော်မည့် ကမ္မဋ္ဌာန်းကို မေးမြန်း လျှောက်ထားကြကုန်၏။ ဘုရားမြတ်စွာသည် ထိုရဟန်းတို့အား စရိုက်နှင့်ကိုက်ညီသော ကမ္မဋ္ဌာန်းကို ပေးသနားတော်မူလေ့ရှိ၏။ ထို့နောက်မှ ရဟန်းများအားလုံး ဘုရားမြတ်စွာကို ရိုသေမြတ်နိုးရှိခိုးကာ မိမိတို့ ညဉ့်နေရာ နေ့နေရာများသို့ ကြွသွားကြလေကုန်၏။ အချို့ကား တောသို့ဝင်ကြွကြသည်။ အချို့ကား သစ်ပင်ရင်း သစ်ပင်အောက်သို့ ကြွသွားကြသည်။ အချို့ကား တောင်စသည်တို့တွင် တစ်မျိုးမျိုးသောအရပ်သို့ ကြွသွားကြသည်။ အချို့ကား နတ်ပြည်ခြောက်ထပ်ရှိဆိတ်ငြိမ်ရာ သင့်လျော်ရာ ဘုံဗိမာန်များသို့ ကြွကြလေသည်။

ထို့နောက် ဘုရားမြတ်စွာသည် ဂန္ဓာကုဋီကျောင်းတော်တွင်းသို့ ဝင်ကြွတော်မူကာ အလိုတော်ရှိခဲ့လျှင် လက်ျာနံစောင်းဖြင့် လျောင်းတော်မူ၍ သတိ, သမ္ပဇဉ်ယှဉ်တော်မူ

လျက် တစ်မဟုတ်မျှ ခြင်္သေ့မင်းအိပ်သကဲ့သို့ ကျိန်းစက်တော်မူလေ၏။ ကျိန်းစက်တော်မမူသောအခါ၌လည်း သမာပတ်ဝင်စားတော်မူလေသည်။

ဤသို့ တစ်မဟုတ်မျှ ကျိန်းစက်တော်မူလိုက်သဖြင့် ခန္ဓာကိုယ်မျှတမှုကို ရရှိတော်မူ၍ ထတော်မူကာ ဒုတိယအဖို့၌ ပစ္ဆိမယာမ်၏ တတိယအဖို့မှာလိုပင် ကျွတ်ထိုက်သော သတ္တဝါတို့ကို ဉာဏ်ဖြင့်ရှုစားတော်မူလေသည်။

တတိယအဖို့၌ သိတင်းသုံးမှီတင်းတော်မူရာ မြို့ရွာနိဂုံးဇနပုဒ်ရှိ ဒါနရှင်တို့က နံနက်ဆွမ်းဘုဉ်းပေးတော်မမူမီ အချိန်အတွင်း အလှူဒါနများ ပြုလုပ်ခဲ့ကြပြီးလျှင် ဆွမ်းဘုဉ်းပေးတော်မူပြီး အချိန်၌လည်း ကောင်းစွာ ဝတ်ရုံခြုံလွှမ်းကြ၍ ပန်းနံ့သာစသည်ယူဆောင်ကြကာ ဘုရားမြတ်စွာ သိတင်းသုံးတော်မူရာ ကျောင်းတော်၌ညီညာတသွေးစည်းဝေးကြလေသည်။ ထိုအခါ စည်းဝေးညီမူကြသော ဒကာ, ဒကာမများနှင့် ကိုက်ညီသော တန်ခိုးပြာဋိဟာဖြင့် ကြွတော်မူလျက် တရားသဘင်ရှိ ဘုရားရှင်၏ နေရာတော်၌ သိတင်းသုံးတော်မူ၍ အချိန်နှင့် ကိုက်ညီစွာ တရားရေအေး တိုက်ကျွေးတော်မူမြဲ ဖြစ်လေသည်။ ဤကား ပစ္ဆာဘတ်ကိစ္စနေ့ပိုင်းလုပ်ငန်းတော်တည်း။ အံ့ဩဖွယ်ကြည်ညိုဖွယ်ကောင်းလှပေ၏။

(ဆောင်) ဝေနေယျများစွာ, အကျိုးရှာလျှင်, မြတ်စွာဘုန်း
ဟော့, နေ့ပိုင်းမှာလည်း, သီးသီးကိစ္စ, မအားရ
အောင်, ရွက်ဆောင်တော်မူ, ပြုတော်မူသည်,
အဖော်အံ့ချီးဖွယ်ပါတကား။

## ၃။ ပုရိမယာမကိစ္စ (ညဉ့်ပထမပိုင်းလုပ်ငန်း)

ယင်းသို့ ဆွမ်းဘုဉ်းပေးတော်မူပြီး နောက်ပိုင်း ကာလအတွင်း အချို့ ပြုလုပ်ဖွယ်ရှိသမျှကို ပြုလုပ်တော်မူပြီးနောက် ခန္ဓာကိုယ်ကို ရေသွန်းလောင်း ရေသပ္ပာယ်တော် မူလိုပါက သိင်္ဘင်းသုံးနေရာမှ ထတော်မူကာ ရေချိုးခုံသို့ ဝင်တော်မူ၍ အလုပ်အကျွေး ရဟန်းတော် အဆင်သင့်ပြင်ထားသောရေဖြင့် ရေသွန်းလောင်း ရေသပ္ပာယ်၍ ကိုယ်တော်ကို ချမ်းအေးစေတော်မူသည်။ ထို့နောက် အလုပ်အကျွေးရဟန်းတော်က ဘုရားမြတ်စွာ၏ နေရာတော်ကို ဂန္ဓကုဋိ ကျောင်းတော် အတွင်း၌ အဆင်သင့်ခင်းထားနှင့်လေရာ ဘုရားမြတ်စွာသည် ကောင်းစွာဆိုးထားသည့် နှစ်ထပ်သင်းပိုင်ကို ဝတ်တော်မူခြင်း, ခါးပန်းဖွဲ့ပတ်တော်မူခြင်း, ကိုယ်ရုံတော်ကို လက်ဝဲတစ်ဖက် ပခုံး၌ စံပယ်တင်ခြင်းများ ပြုလုပ်တော်မူပြီးနောက် ကြွတော်မူကာ တစ်မုဟုတ်မျှ တစ်ပါးတည်း သိတင်းသုံးတော်မူလေသည်။ (ဖလသမာပတ်ဝင်စားတော်မူလေသည်။)

ထိုအခါ အနယ်နယ် အစုံ့စုံ့ အမြို့မြို့ အရွာရွာမှ ရဟန်းတော်များ ရောက်လာကြကာ အချို့က ပြဿနာများမေးလျှောက်ကြသည်။ အချို့က ကမ္မဋ္ဌာန်းမေးလျှောက်ကြသည်။ အချို့က တရားနာလိုကြောင်း လျှောက်ထားကြသည်။ ဘုရားမြတ်စွာသည် ရဟန်းတော်အားလုံးတို့၏ အလိုကိုဖြည့်တော်မူရင်း ပုရိမယံ (ညဉ့်ဦးယံ) အချိန်ကို လွန်စေတော်မူခဲ့လေသည်။ ဘုရားမြတ်စွာ၏ မဟာကရုဏာတော်ကား အံ့ချီးမကုန်နိုင်ဖွယ်ပါတကား။

(ဆောင်) ဝေနေတွက်တာ, စောသတ္တာကား, များစွာကြွ
ကုတ်, အလုပ်လုပ်၏, မဟာ့ဿာဟ, ဇွဲလုံ့လဖြင့်,
နေ့ညမယုတ်, ကောင်းမှုလုပ်ကို, အားထုတ်ပြုရန်,
တိုက်တွန်းပန်သည်, ကေန် အားရဖွယ်ပါတကား။

## ၄။ မဇ္ဈိမယာမကိစ္စ (ညဉ့်ဒုတိယပိုင်းလုပ်ငန်း)

**မဇ္ဈိမယာမ** ခေါ်သော ညဉ့်အလယ်ပိုင်း အချိန်ကား နတ်, ဗြဟ္မာများအတွက်သီးခြားအခွင့်ရသော အချိန်ဖြစ်၏။ လောကဓာတ်ပေါင်း တိုက်တစ်သောင်းမှ နတ်,ဗြဟ္မာတို့သည် ဤသည့် ညဉ့်အသယ်ပိုင်း အချိန်ကျမှသာလျှင် မိမိတို့ မေးလျှောက်လိုသော ပြဿနာများကို မေးလျှောက်ခွင့် ရကြသည့် အားလျော်စွာ မေးလျှောက်ကြရာ ဘုရားမြတ်စွာ မဟာကရုဏာဖြင့် ဖြေကြားတော်မူခဲ့လေသည်။ နတ်ဗြဟ္မာများ၏ အမေးနှင့် အဖြေများ ဒေဝတာသံယုတ်,ဒေဝပုတ္တသံယုတ်စသည်ကြည့်။ သို့ဖြစ်၍ နတ်ဗြဟ္မာများ လာရောက်ဆည်းကပ်သည့်အခါတိုင်းပင် ညဉ့်ဦးယံလွန်ပြီးသော သန်းခေါင် အခါ၌ဟူ၍ ကျမ်းဂန်များ၌ လာရှိလေသည်။

(ဆောင်) လောက ဓာတ် ပေါင်း, တိုက် တစ် သောင်း မှ,
ချဉ်းရောက်လာ,နတ်ဗြဟ္မာတို့, ပုစ္ဆာခန်းခန်း,
မေးမြန်းလျှောက်ကြ, ဆွေးနွေးကြ၏, ဗုဒ္ဓမြတ်စွာ,
စောသတ္တာလည်း, ကရုဏာရှေးရှု, ဖြေတော်မူ
သည်, သဒ္ဓါလုလုမှတ်ဖွယ်တည်း။

၅။ ပစ္ဆိမယာမကိစ္စ (ညဉ့်နောက်ပိုင်းလုပ်ငန်း)

ပစ္ဆိမယာမခေါ်သည့် နောက်ဆုံးပိုင်း၌ အချိန်သုံးချိန်ပိုင်းခြားကာ ပထမအချိန်၌ကိုယ်တော်၏ပင်ပန်းနွမ်းနယ်မှုကင်းပျောက်စေရန် စင်္ကြံကြွသောမှုလည်း၊ ဒုတိယအချိန်တွင် ဂန္ဓကုဋိကျောင်းတော်သို့ ဝင်ကြွတော်မူ၍ ကျိန်းစက်တော်မူလေ့ရှိသည်။ တတိယအချိန်၌ (နေ့ပိုင်းကဲ့သို့) ချွတ်သင့်သော ဝေနေယျများကို ချွတ်နိုင်ရန် သဗ္ဗညုတဉာဏ်တော်ကွန်ယက်ကို ဖြန့်ကျက်၍ ကြည့်တော်မူခဲ့လေသည်။ တစ်နေ့နှင့် တစ်ညဉ့်လျှင် ၂၄-နာရီရှိရာ ၁-နာရီ မိနစ် ၃၀-ခန့်ခလောက်သာ ကျိန်းတော်မူ၍ ၂၂-နာရီ မိနစ် ၃၀-ခန့် အလုပ်လုပ်တော်မူ၍ ကိုယ်တော်မြတ်သာသနာတော်ကြီးကို တည်ထောင်တော်မူခဲ့လေသည်။[၁]

သို့ဖြစ်၍ အသင် သုံးလူ့ရှင်ပင်ဗုဒ္ဓဝင် စာတော်ဖတ်သည်လည်း သဒ္ဓါနှင့် ပညာ သမာဓိနှင့် ဝီရိယ စောင်းနှယ်ညှိပြီး အစွမ်းကုန်ကြိုးပမ်းရာသတည်း။

(ဆောင်) ဘုရားသဗ္ဗညု၊ အတုယူ၍၊ သုံးလူ့မြတ်စွာ၊ သာသနာဝယ်၊ သဒ္ဓါ-ပညာ၊ သမာ-ဝီရိ၊ စောင်းနှယ်ညှိကာ၊ လုပ်သင့်ရာကို၊ မှန်စွာ ကြိုးကုတ်နိုင်စေသော်။

ဓမ္မတာသုံးဆယ် မှတ်သားဖွယ်

ဘုရားမြတ်စွာ အားလုံးတို့နှင့် ဆက်စပ်သော ဖြစ်တော်မူမြဲတရား (ဓမ္မတာ) တို့ကား သုံးဆယ်ရှိလေသည်။ အလွန်လည်း သိမှတ်ဖွယ်ကောင်းလှပါသည်။ သို့ဖြစ်၍ အောက်ပါ အတိုင်း ကြည့်ရှုလေ့လာမှတ်သားကြည်ညိုရာ၏။

---

၁။ ဒီ၊ ဌ၊ ၁။ ၄၆၊ သံ၊ ဋ္ဌ၊ ၁။ ၄၈။ အံ၊ ဋ္ဌ၊ ၁။ ၄၉-ကြည့်။

၁။ နောက်ဆုံးဘဝ ဘုရားမြတ်စွာ အလောင်းတော်၏ ပညာအဆင်ခြင်ဖြင့် ပဋိသန္ဓေနေတော်မူခြင်း။
၂။ မယ်တော်ဝမ်းတွင်း၌ ပြင်ပဝယ်မျက်နှာပြုကာ တင်ပလ္လင်ခွေ၍ နေတော်မူခြင်း။
၃။ ဘုရားဖ်နေ့မယ်တော်၏ မတ်တတ်ရပ်လျက် မီးရှူး သန့်စင် ဖွားမြင်တော်မူခြင်း။
၄။ ဘောဓိသတ္တလျှင် မီးရှူးသန့်စင် ဖွားမြင်တော်မူခြင်း။
၅။ ဖွားမြင်တော်မူပြီးနောက် မြောက်သို့ ခုနစ်ဖဝါး ကြွလှမ်းတော်မူကာ အရပ်လေးမျက်နှာသို့ ကြည့်ရှုလျက် "အဂ္ဂေါဟမသ္မိ လောကဿ- ငါကား သုံးလောကထက် အမြတ်ဆုံး ပုဂ္ဂိုလ် ဖြစ်၏။ ဇေဋ္ဌောဟမသ္မိ လောကဿ-ငါကား သုံးလောကထက် အကြီးဆုံး ပုဂ္ဂိုလ်ဖြစ်၏။ သေဋ္ဌောဟမသ္မိ လောကဿ-ငါကား သုံးလောကထက် ဓမ္မရာဇ်ခေါင်ဖွေ့ အချီးမွမ်းအပ်ဆုံးသော အထွတ် အထိပ် ပုဂ္ဂိုလ်ဖြစ်တော်မူပေ၏" ဟု သီဟနာဒကြုံးဝါးတော်မူခြင်း။
၆။ သူအို,သူနာ,သူသေ,ရဟန်း ဟူသော နိမိတ်ကြီး လေးပါးကို မြင်၍ တောထွက်တော်မူခြင်း။
၇။ သက်နှင်းဝတ်ပြီးနောက် အနည်းဆုံးခုနစ်ရက်ကမ္ဗဋ္ဌာန်းအားထုတ်ကျင့်ရခြင်း။
၈။ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်သို့ ရောက်တော်မူသည့် ခန္ဓ၌ နို့ဃနာဆွမ်းကို ဘုဉ်းပေးတော်မူခြင်း။
၉။ မြက်အခင်း၌ ထိုင်နေတော်မူ၍ သဗ္ဗညုတဉာဏ်ကို ရရှိတော်မူခြင်း။

၁၀။ အာနာပါနကမ္မဋ္ဌာန်းကို ပရိကံပြုတော်မူခြင်း။
၁၁။ မာရ်ခစ်သည်ကို ဖျက်ဆီးတော်မူခြင်း။
၁၂။ ဗောဓိပလ္လင်၌ပင် ဝိဇ္ဇာဉာဏ် သုံးပါးနှင့်တကွ အသာမာရဏဉာဏ်တော်များကို ရရှိတော်မူခြင်း။
၁၃။ ခုနစ်ရက် ခုနစ်လီ ဗောဓိပင်အနီး၌သာ အချိန် ကုန်စေတော်မူခြင်း။
၁၄။ တရားဟောတော်မူရန် ဗြဟ္မာမင်းတောင်းပန်ခြင်း။
၁၅။ မိဂဒါဝုန်တော၌ ဓမ္မစကြာတရားဦး ဟောတော်မူခြင်း။
၁၆။ တပို့တွဲလပြည့်နေ့၌ ပါတိမောက် ပြတော်မူခြင်း။ (ဘုရားမြတ်စွာ တစ်ဆူနှင့်တစ်ဆူ ဥပုသ်ပြုချိန်ကွဲပြားကြသည်။ ဝိပဿီဘုရားမြတ်စွာလက်ထက်၌ခြောက်နှစ်တစ်ကြိမ်, ကဿပဘုရားမြတ်စွာလက်ထက်၌ ခြောက်လ တစ်ကြိမ်, ဂေါတမဘုရားမြတ်စွာ လက်ထက်၌ ၁၅-ရက် တစ်ကြိမ် ဥပုသ်ပြုကြသည်။)[၁]
၁၇။ ဇေတဝန်ကျောင်းတော်၌ အမြဲ သီတင်းသုံးတော်မူခြင်း။
၁၈။ သာဝတ္ထိမြို့တံခါးအနီး၌ တန်ခိုးပြာဋိဟာ ပြတော်မူခြင်း။
၁၉။ တာဝတိံသာနတ်ပြည်၌ အဘိဓမ္မာတရားဟောတော်မူခြင်း။
၂၀။ သင်္ကဿမြို့တံခါးအနီး၌ နတ်ပြည်မှ သက်ဆင်းတော်မူခြင်း။

---

၁။ ဓာ၊ ဋ္ဌ၊ ၁။ ၂၀၄။

၂၁။ အမြဲနိစ္စသာဝရ ဖလသမာပတ် ဝင်စားတော်မူခြင်း။
၂၂။ တစ်နေ့နှစ်ကြိမ် ဝေနေယျတို့ကို ကြည့်ရှုတော်မူခြင်း။
၂၃။ အကြောင်းဖြစ်ပေါ်လျှင် သိက္ခာပုဒ် ပညတ်တော်မူခြင်း။
၂၄။ အကြောင်း ဘဇ္ဇုပ္ပတ္တိဖြစ်ပေါ်လျှင် ဇာတ်တော်ကို ဟောတော်မူခြင်း။
၂၅။ ဆွေမျိုးအပေါင်း၌ ဗုဒ္ဓဝင်ကို ဟောတော်မူခြင်း။
၂၆။ အာဂန္တုရဟန်းတို့ကို နှုတ်ခွန်းဆက်စကား မိန့်ကြားတော်မူခြင်း။
၂၇။ ဝါကျွတ်သောအခါ ဝါဆိုရန်ဖိတ်ကြားသူတို့ကို မပန်ကြားဘဲ ခရီးထွက်တော်မမူခြင်း။
၂၈။ နေ့စဉ် ဗုဒ္ဓကိစ္စငါးပါးကို ဆောင်ရွက်တော်မူခြင်း။
၂၉။ ပရိနိဗ္ဗာန်ပြုတော်မူမည့်နေ့၌ သားပြွမ်းဆွမ်းဘုဉ်းပေးတော်မူခြင်း။
၃၀။ ကုဋေ နှစ်သန်းလေးသိန်းသော သမာပတ်ကို ဝင်စားပြီးနောက် ပရိနိဗ္ဗာန်ပြုတော်မူခြင်း—တို့ ဖြစ်ကုန်၏။

## သံပေါက်ရှတ်ဆို ကြည်ညိုရန်

၁။ အသိပညာ, သင်ခြင်ကာဖြင့်, စွဲကာသန္ဓေ,
တည်နေလာ, မြတ်စွာဓမ္မတာတော်တည်း။
၂။ ပြင်ပရပ်ဖက်, မျက်နှာမူပင်, တင်ပလ္လင်ခွေ,
သန္ဓေနေ, ပရမေဓမ္မတာတော်တည်း။
၃။ မယ်တော်မိမြတ်, မတ်တတ်ရပ်ကာ, ဖွားမြင်ပါ,
မြတ်စွာဓမ္မတာတော်တည်း။

၄။ တောမှာသာလျှင်, ဖွားသန့်စင်,
မြတ်ရှင်ဓမ္မတာတော်တည်း။
၅။ ဖွားမြင်ပြီးနောက်, မြောက်သို့ခုနစ်ဖဝါး,
ကြွသွားလှမ်းပြီး, သီဟနာဒ, မိန့်မြွက်ဟ,
ဗုဒ္ဓဓမ္မတာတော်တည်း။
၆။ နိမိတ်လေးအင်, မြင်၍တောထွက်, ဤအချက်,
ဆက်ဆက်ဓမ္မတာတော်တည်း။
၇။ အနည်းဆုံးအား, ရက်ကားသတ္တာဟ, အားထုတ်ရ,
မြတ်စွာဓမ္မတာတော်တည်း။
၈။ ဉာဏ်တော်နှစ်ဝ, ရသည့်နေ့မှာ, နို့ဃနာဘတ်,
ဘုဉ်းပေးလတ်, စောမြတ်ဓမ္မတာတော်တည်း။
၉။ မြက်ခင်းနုနု, သဗ္ဗညုဉာဏ်, ရလေပြန်,
ဘုန်းလျှံဓမ္မတာတော်တည်း။
၁၀။ အာနာပါန, မည်ရထူးဆန်း, ကမ္မဋ္ဌာန်း,
ကြိုးပမ်းဓမ္မတာတော်တည်း။
၁၁။ မာရ်စစ်သည်အလုံး, ချေမှုန်းသုတ်သင်,
ရန်အောင်မြင်, မြတ်ရှင်ဓမ္မတာတော်တည်း။
၁၂။ ဗောဓိပလ္လင်မှာ, သုံးအင်ဝိဇ္ဇာ, အသာဓာရဏ,
အပိုင်ရ, ဗုဒ္ဓဓမ္မတာတော်တည်း။
၁၃။ ခုနစ်ရက်ခုနစ်လီ, ဘုန်းစည်စောဇီ, ဗောဓိပင်နီး,
စံမငြီး, အံ့ချီးဓမ္မတာတော်တည်း။
၁၄။ တရားဟောရန်, တောင်းပန်ဗြဟ္မာ, ဤအရာ,
မြတ်စွာဓမ္မတာတော်တည်း။

၁၅။ မိဂဒါဝုန်, ရဂုံသာမော, တောအရပ်မှာ, စကြာ
တရား,ဟောမြွက်ကြား,ဘုရားဓမ္မတာတော်တည်း။

၁၆။ တပို့တွဲလ, ပုဏ္ဏမာနေ့, ပရမေ့ ဘုန်းတောက်,
ပါတိမောက်ပြ, ထူးလှ ဓမ္မတာတော်တည်း။

၁၇။ ဇေတဝန်ကျောင်းမှာ, ထာဝရမက္ခာ, နေထိုင်ပါ,
မြတ်စွာ ဓမ္မတာတော်တည်း။

၁၈။ သာဝတ္ထိပုရ, တံခါးဝနီး, အုံချီးဖွယ်ရာ, ပြာဋိဟာ,
ပြပါ ဓမ္မတာတော်တည်း။

၁၉။ တာဝတိံသာ, နတ်မြို့မှာဝယ်, အဘိဓမ္မာတရား,
ဟောမြွက်ကြား, မြတ်ဖျား ဓမ္မတာတော်တည်း။

၂၀။ သင်္ကဿနဂရ, တံခါးဝ အနီး, ဘုန်းမီးနေလ,
နတ်ပြည်မှ, ဆင်းထ ဓမ္မတာတော်တည်း။

၂၁။ ဖလသမာပတ်, မပြတ်ထာဝစဉ်, ဝင်စားတော်မူ,
သဗ္ဗညူ, ဆူဆူ ဓမ္မတာတော်တည်း။

၂၂။ တစ်နေ့ နှစ်ခါ, များစွာဝေနေ, ကြည့်ရှုလေ,
ပရမေ ဓမ္မတာတော်တည်း။

၂၃။ ကြောင်းပေါ်လေရာ, သိက္ခာပုဒ်တော်, ထုတ်ပေါ်
ပညတ်,စောနေနတ်,ဆတ်ဆတ်ဓမ္မတာတော်တည်း။

၂၄။ အတ္ထုပ္ပတ္တိ, ရှိပေါ်လေက, ဇာတက,
ဟောရ ဓမ္မတာတော်တည်း။

၂၅။ ဆွေမျိုးပေါင်းလယ်, ဘုန်းကြွယ်မြတ်စွာ, ဒေသနာ
ဗုဒ္ဓဝင်,ဟောမြွက်အင်,မြတ်ရှင်ဓမ္မတာတော်တည်း။

၂၆။ အာဂန္တုရဟန်း, ဘုန်းပန်းပရမေ, နှုတ်ဆက်လေ,
မသွေ ဓမ္မတာတော်တည်း။

၂၇။ ဝါကျွတ်လေပြန်, ဖိတ်မန်သူအား, မပန်မကြား, မကြွသွား, ဘုရား ဓမ္မတာတော်တည်း၊

၂၈။ ဗုဒ္ဓကိစ္စ, ယင်းငါးဝကို, နိစ္စကြည်ဖြူ, မြှုတော်မူ, သဗ္ဗညူ ဓမ္မတာတော်တည်း။

၂၉။ ပရိနိဗ္ဗာန်, စံမည့်နေ့မှာ, ရသာမံသ, ဘုဉ်းပေးရ, မြတ်စွာ ဓမ္မတာတော်တည်း။

၃၀။ ကုဋေနှစ်သန်း, တစ်ခန်းလေးသိန်း, တွက်ကိန်းသမာပတ်, ငင်စားလတ်ကာ, အမတ ပြည်ခွင်, စံဝင်သွား, ဘုရား ဓမ္မတာတော်တည်း။

## အံ့ဖွယ် ကြည်ညိုဖွယ်ရာများ

သုံးလူ့ရှင်ပင် ဗုဒ္ဓဝင် စာတော်ဖတ်သည် အောက်ပါအံ့ဩဖွယ် ကြည်ညိုဖွယ်တို့ကို ဖတ်ရှု၍လည်း ဘုရားမြတ် အပေါ် အကြွင်းမဲ့ကြည်ညိုရာ၏။

## အန္တရာယ်မပြုနိုင်သော အရာများ

ဘုရားမြတ်စွာတို့အား ရည်ညွှန်း၍ ဆောင်လာသောပစ္စည်း လေးပါးကို မည်သူတစ်ဦးတစ်ယောက်မျှ အန္တရာယ်မပြုနိုင်ပါချေ။ ယင်းအပြင် ဘုရားဇီနေဘ်တို့၏ အသက်တော်ကိုလည်း မည်သူ တစ်ဦးတစ်ယောက်မျှ အန္တရာယ် မပြုနိုင်ပါချေ။ ထို့မှတစ်ပါး လက္ခဏာတော်ကြီးသုံးဆယ့်နှစ်ပါး, လက္ခဏာတော်ငယ် ရှစ်ဆယ်, ရောင်ခြည်တော်, သဗ္ဗညုတဉာဏ်တော်ကိုလည်း မည်သည့်ပုဂ္ဂိုလ်တစ်စုံတစ်ယောက်မျှ အန္တရာယ်မပြုနိုင်ပါချေ။ ဘုရားမြတ်စွာ၏ နောက်ကိုယ်တော်သည် အဘေဇ္ဇကာယ ဖြစ်သဖြင့်

တစ်ပါးသူများ လုံ့လပယောဂဖြင့် အရေကို ဖောက်ဖြတ်ကာ သွေးထွက်အောင် မပြုနိုင်ပါချေ။[၁]

(ဆောင်) ဘုရားမြတ်စွာ, တွက်တာဆောင်အပ်, လေးရပ် ပစ္စည်း, ထိုပြီး သက်တော်, လက္ခဏာတော်ကြီး ငယ်, အသွယ်သွယ်နှင့်, ခြောက်သွယ် ရောင်ခြည်, တစ်လီ သဗ္ဗညုတ်, ရွှေဉာဏ်မြတ်ကို, ဆတ်ဆတ် အန္တရာယ် မပြုနိုင်ဘူးတည်း။

ဘုရားပရမေတို့၏ ပဋိသန္ဓေစိတ်

ဘုရားမြတ်စွာအားလုံးတို့သည် သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက ပထမမဟာဝိပါက်စိတ်ဖြင့် ပဋိသန္ဓေ နေတော်မူကြသည်။ ယင်း စိတ်ဖြင့် ပဋိသန္ဓေ နေသူတို့သည် အသချေ်ယျကပ် ပတ်လုံး အသက် ရှည်နိုင်စွမ်းရှိ၏။ သို့ရာတွင် ဥတု,ဘောဇဉ်ဖောက်ပြန်သဖြင့် အသချေ်ယျကပ်ပတ်လုံးမတည် နိုင်ကြချေ။[၂]

သီဟိုဠ်ကျွန်း သာသနာသက္ကရာဇ် ၄၅၀-ခန့်လောက်တွင် ပေါ်ထွန်းခဲ့သည့် မဟာသိဝထေရ်ကမူ ဘုရားမြတ်စွာအားလုံး တို့သည် ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက ပဉ္စမ မဟာဝိပါက်စိတ်ဖြင့် ပဋိသန္ဓေနေတော်မူကြသည်။ယင်းစိတ်ဖြင့် ပဋိသန္ဓေနေခဲ့သူသည် ထူးမြတ်သော အဇ္ဈာသယ ဓာတ်ပိုင်ရှင် ဖြစ်တတ်သည်။နတ်ဩဖြစ်သော အာရုံကိုင် လျှပ်ပေါ်လေ်လီ မှု မဖြစ်တတ်ဟူ၏။[၃]

---

၁။ ဗုဒ္ဓဝံသ၊ ဋ္ဌ။ ၃၄၀။ ဝိ၊ ဋ္ဌ၊ ၁။ ၁၄၇။ မ၊ ဋ္ဌ၊ ၄။ ၇၇။
၂။ ဒီ၊ ဋ္ဌ၊ ၂။ ၇။ ၃။ အဘိ၊ ဋ္ဌ၊ ၁။ ၃၀၇။

(ဆောင်) ဘုရားရှင်ပရမေတ္တိ, သန္တေတော်ထူးခြား။
ဆရာ တစ်ပါး အဆိုမှာ, သောမနဿ ဉာဏ
အသင်္ခါ့ဟု, မိန့်မှာမြွက်ကြား။
မဟာသိဝထေရ်ဆရာမှာ,ဥပေက္ခာဉာဏအသင်္ခါ့ဟု,
သေချာမှာ မိန့်ဆိုမြွက်တယ်, ဆက်ဆက်မှတ်သား။

အရဟတ္တမဂ်နှင့် တစ်ပြိုင်နက် ဂုဏ်တော်အားလုံးရ

ဘုရားမြတ်စွာတို့သည် အရဟတ္တမဂ် ရသည်နှင့်တစ်ပြိုင်နက် ဂုဏ်တော်အားလုံး, အသင်္ချေ့အနန္တအံ့မဆုံးနိုင်သည့် ဂုဏ်တော်များ ရရှိတော်မူကြသည်။

(ဆောင်) အရဟတ္တမဂ်, ရသည့်တစ်ပြိုင်နက်, ဆက်ဆက်မုချ,
ဂုဏ်အနန္တ, မုချဘုရားရှင်တို့ ရသတည်း။

ဘုရားပရမေ ခြေဘော်ရာ မထင်ခြင်း,ထင်ခြင်း

ဘုရားရှင်တို့၏ အရေတော်က နူးညံ့သောကြောင့် လည်းကောင်း, အားတော် ကြီးမားသည်၏ အဖြစ်ကြောင့်လည်းကောင်း, သတ္တဝါဝေနေယျတို့ကို ချီးမြှောက်လိုသောကြောင့်လည်းကောင်း ခြေတော်နင်းချသည့်နေရာ၌ ခြေရာတော် ထင်မကျန်ရစ်ပါချေ။ ထင်သော်လည်း အလိုအလျောက် ပျောက်ကွယ်လေသည်။ ပုဂ္ဂိုလ်တစ်ဦးဦးမြင်စေရန် အဓိဋ္ဌာန်တော်မူလျှင် မြင်စေလိုသူ တစ်ယောက်သာခြေတော်ရာကိုမြင်ရသည်။[1]

(ဆောင်) တရားမြတ်မင်း, နင်းကြွလေရာ, ခြေရာ မထင်,
မြင်စေလိုသူ, ရှိလေမူကား, သဗ္ဗညုမြတ်စွာ, ခြေ
တော်ရာ, မှန်စွာထင်ရှားပါသတည်း။

---

၁။ အံ၊ ဋ္ဌ၊ ၂။ ၂၉၉။

## ကိုးကွယ်စေလိုလျှင် ခြေတော်ရာချ

**နိစ္စထာဝရ မပြတ် ဆည်းကပ်ကိုး**ကွယ်ရန် **ပစ္စည်း တစ်ခုခု** ချီးမြှောက်ပါရန်လျှောက်ထားသူရှိလျှင် ခြေတော်ရာကို ကမ္ဘာတည်သရွေ့ ကာလပတ်လုံး ထင်စေလျက် ကိုးကွယ်စေတော်မူခဲ့လေသည်။[၁] သို့ဖြစ်၍ ဂေါတမမြတ်စွာဘုရားသည် သီဟိုဠ်ကျွန်း သုမနတောင်ထိပ်၌ ခြေတော်ရာ တစ်ဆူ, မြန်မာပြည် မင်းဘူး မြို့နယ် သစ္စာဗန္ဓတောင်၌[၂] ခြေတော်ရာ နှစ်ဆူတို့ ချတော်မူခဲ့လေသည်။

(ဆောင်) သီရိလင်္ကာ, ကျွန်းသာယာနှင့်, မြန်မာရဋ္ဌ, တို့နိုင်ငံဝယ်, ဘုန်းကြွယ်မြတ်စွာ, ကြွခဲ့ပါ၍, တစ်ရာ့ရှစ်ကွက်, စက်လက္ခဏာ, ဆန်းကြယ်စွာကို, ဒေဝါ၊ သိကြား, ဗြဟ္မာမကြွင်း, လူခပင်းတို့, ဝပ်စင်းကော်ရော်, ပူဇော်ဖို့ရန်, ချခဲ့ပြန်, ကောင်းအံ့ဩဖွယ် ပါတည်း။

## ချွေချွတ်စရာ သတ္တဝါရှိမှ ကြွတော်မူခြင်း

ဘုရားရှင်တို့မှာ ဥတု,ဘောဇဉ်စသည် သပ္ပာယ မဖြစ်ခြင်း, ကျောင်းမကောင်းခြင်း, ဒေသခံလူများ မသဒ္ဓါခြင်း စသည်ကြောင့် မပျော်ပိုက်ခြင်းမည်သည် မရှိပါချေ။ ဥတု,ဘောဇဉ်စသည် သပ္ပာယဖြစ်ခြင်း, ကျောင်းကောင်းခြင်း, ဒေသခံလူများ သဒ္ဓါတရားပေါ်များပြည့်ကြွယ်ခြင်း စသည်ကြောင့် တစ်နေရာ

---

၁။ အိန္ဒိယတောင်ပိုင်း သစ္စာဗန္ဓတောင်၌လည်း ခြေတော်ရာနှစ်ဆူ ရှိသေးရာ ထိုခြေတော်ရာများကိုလည်း တစ်ချို့ ဆရာများက ရည်ညွှန်းကြသည်။

၂။ မ၊ ဋ္ဌ၊ ၄။ ၂၇၉။

တည်းမှာ ကြာမြင့်စွာနေတော်မူသည်ဟူ၍ မရှိပါချေ။ ချွေချွတ်စရာ သတ္တဝါ (သတ္တဝါများ သရဏ သီလ စသည် တည်မှု ဥပနိဿယ) ရှိလျှင် ထိုနေရာ၌ သီတင်းသုံးတော်မူ၍ မရှိလျှင် ထိုနေရာမှ ပြန်ကြွတော်မူသည်။[၁]

(ဆောင်) ချွေချွတ်စရာ, သတ္တဝါဝေနေ့, ရှိပချေက, ပရမေ
သနင်းတို့, သီတင်းသုံးတော်မူ, နေတော်မူသည်,
သဗ္ဗညုဘို့ ထုံးစံတည်း။

သေးငယ်သော အရာကိုပင် နေ့ရာ ညဥ့်ပါ မြင်နိုင်

အံ့မဆုံးနိုင်သော ပါရမီကုသိုလ် ကံတော်သည် စီမံ ဖန်တီးအပ်သော ပကတိပင်ကိုယ်မျက်လုံးတော် မံသစက္ခုဖြင့် လဆုတ်ဆယ့်လေး, တောအရေးနှင့်, တိမ်မြေး တိမ်လွှာ, သန်းခေါင်ခါဟု လေးဖြာသော အင်္ဂါရှိသော အမိုက်တိုက်ဖြင့် ဖုံးလွှမ်းနေစေကာမူ နံရံတိုက်တာစသည် ကွယ်ခြားနေစေကာမူ တစ်ယူဇနာအတွင်း တည်ရှိနေသည့် နှမ်းလုံးမျှ သေးငယ်သော အရာဝတ္ထုကိုပင်လျှင် ဘုရားရှင်တို့ နေ့ရောညဥ့်ပါ မြင်တော်မူနိုင်လေသည်။[၂]

(ဆောင်) မဆုံးများလှ, အနန္တပါရမီ, စီမံဖန်ပြု, စက္ခုတော်
ဖြင့်, မှောင်မသော်လည်မှောင်, တောင်စသည်ခြား,
ကွယ်ကာထားလည်း, ယူဇနာတွင်း, နှမ်း မှုန်ညင်း
မျှ, သေးငယ်လှသား, ဝတ္ထုများကို, ဘုရားသဗ္ဗညု,
မြင်တော်မူသည်, နရမရှုအံ့ဖွယ်တည်း။

---

၁။ သာရတ္ထ၊ ၃။ ၂၀၃။
၂။ မဟာနိ၊ ၃၅၆။ မ၊ ဋ္ဌ၊ ၃။ ၉။ မ၊ ဋ္ဌ၊ ၄။ ၁၈၁။
အံ၊ ဋ္ဌ၊ ၃။ ၃၄၆။

## ကျွတ်ထိုက်သည့် သတ္တဝါရှိလျှင် ဘယ်လောက်ဝေးဝေး ကြွတော်မူခြင်း

ကျွတ်ထိုက်သည့် ဗောဓနေယျ သတ္တဝါတို့ကို ဘုရားရှင်တို့ မြင်တွေ့တော်မူလျှင် ဘုရားရှင်တို့သည် ဘယ်လောက် ကွာဝေး ကွာဝေး ကြွတော်မူ၍ ချွေချွတ်တော်မူသည်။ ယူဇနာတစ်သိန်း အထိဝေးသည်းကောင်း, စကြာဝဠာတစ်သောင်း အထိဝေး လည်းကောင်း အပင်ပန်းခံကြွတော်မူကာချွေချွတ်တော်မူသည်။

ဗောဓနေယျံ ဇနံ ဒိသွာ၊ သတသဟဿေပိ ယောဇနေ။
ခဏေန ဥပဂန္တွာန၊ ဗောဓေတိ တံ မဟာမုနိ။[၁]
စက္ကဝါဠသဟဿမ္ပိ၊ ဂန္တွာ ဩဝဒတေ မုနိ။[၂]

## နေ့စဉ်ကုဋေနှစ်သန်းလေးသိန်းသော သမာပတ်များဝင်စား

ဘုရားမြတ်စွာသည် နေ့စဉ် ကုဋေ နှစ်သန်း လေးသိန်းသော လောကီ လောကုတ္တရာ အရောသမာပတ်တို့ကို ဝင်စားတော်မူ သည်။ နေ့စဉ် မဟာကရုဏာသမာပတ်ကို ကုဋေ တစ်သန်း နှစ် သိန်း, အရဟတ္တဖိုလ် သမာပတ်ကို ကုဋေ တစ်သန်း နှစ်သိန်း ဝင်စားတော်မူသည်။ သို့ဖြစ်၍ နှစ်ရပ်ပေါင်း နေ့စဉ်ဝင်စား အပ်သော သမာပတ် ကုဋေ နှစ်သန်းလေးသိန်းဖြစ်လေသည်။

(ဆောင်) ကုဋေနှစ်သန်း, တစ်ခန်းလေးသိန်း, တွက်ကိန်း များလတ်, သမာပတ်ကို, ဘုန်းမြတ်ရှင်ပင်, ဝင်စား တော်မူ, သုံးတော်မူသည်, လူလူ နတ်နတ် အံ့ဖွယ် တည်း။

---

၁။ ဗုဒ္ဓဝံ၊ ၃၂၁။ ၂။ အပ၊ ၁။ ၄၁၂။

## ဒေသစာရီကြွန့်ချီကြွမြန်းတော်မူခြင်း

ဘုရားမြတ်စွာသည် ခြေလျင်ကြွတော်မူခြင်းဖြင့် ကျန်းမာရေး ကောင်းမွန်စေခြင်းငှာလည်းကောင်း, အတ္ထုပ္ပတ္တိဖြစ်ပေါ်ရာ အခါကာလ သမယကို မျှော်လင့်တော်မူ၍လည်းကောင်း, သိက္ခာပုဒ်ဥပဒေတော်များ ထုတ်ပြန် ပညတ်တော်မူရန်အတွက်လည်းကောင်း, ဣန္ဒြေရင့်ကျက်သော သတ္တဝါတို့ကို ချွတ်တော်မူရန်အတွက်လည်းကောင်း, သရဏဂုံတည်စေရန် လည်းကောင်း, တရားတော်မိုး သွန်းဖြိုးရွာချရန်သော်လည်းကောင်း, ငါးပါးသီလ တည်မြဲစေရန် လည်းကောင်း, ဈာန်တရား, မဂ်တရား, ဖိုလ်တရား ရစေခြင်းငှာလည်းကောင်း ဘုရားမြတ်စွာတို့ ခရီးဒေသစာရီ ကြွန့်ချီကြွမြန်းတော်မူကြသည်။

(ဆောင်) ကြောင်းရာ ထုတ်ပတ်, ဖြစ်ရပ်မျှော်ခေါ်, ဥပဒေတော် သိက္ခာ, မိန့်မှာ ပညတ် ကြောင်းရပ်စသည်, အလီလီကြောင့်, အင်္ဂီရသ, ဘွဲ့ရမြတ်စွာ, စောသတ္တာတို့, ဒေသစာရီ, ကြွမြန်းချီသည်, ကြည်ညိုသဒ္ဓါတိုးဖွယ်တည်း။

### အဆောတလျင်ကြွခြင်း, မှန်မှန်ကြွခြင်း

ဘုရားမြတ်စွာတို့ ဒေသစာရီ ကြွချီတော်မူရာ၌—

(၁) အဆောတလျင်ကြွချီတော်မူခြင်း။

(၂) မြို့စဉ် ရွာစဉ်အတိုင်း တစ်ယူဇနာ, နှစ်ယူဇနာစသည်ဖြင့် ဒေသစာရီ ကြွချီတော်မူခြင်းဟူ၍ နှစ်မျိုးရှိသည်။

ထိုတွင် ခရီးယူဇနာ ဝေးကွာသော အရပ်၌သော်လည်း ချွေချွတ်ထိုက်သော ဝေနေယျပုဂ္ဂိုလ်ကို မြင်တော်မူလျှင် ထို ပုဂ္ဂိုလ်ကို ချွေချွတ်ရန် အဆောတလျင် (အရေးတကြီး) ကြွချီ တော်မူသည်။ (ယင်းကို တုရိတစာရိက ဟု ခေါ်သည်။)

ဝါကျွတ်သောအခါ ဝါကပ်ဆိုရာ ထိုထိုမြို့ရွာမှ ထွက်တော် မူ၍ မြို့,ရွာ,နိဂုံး အစဉ်အတိုင်း တစ်နေ့လျှင် တစ်ယူဇနာ, နှစ် ယူဇနာ ကြွတော်မူကာ ထိုထိုမြို့,ရွာ,နိဂုံးတို့၌ ဆွမ်းခံလှည့်လည် တော်မူခြင်း, တရားဟောတော်မူခြင်းဖြင့် လူအပေါင်းတို့ကို ချီးမြှောက်တော်မူခဲ့လေသည်။ ထိုသို့ လှည့်လည်ကြွချီချီးမြှောက် တော်မူခြင်းကို အတုရိတစာရိကာဟုခေါ်သည်။

(ဆောင်) မြန်မြန်လည်းကြွ, မှန်မှန် ကြွနှင့်, ဗုဒ္ဓ မြတ်စွာ, ဒေသစာရီ, ကွန့်ချီကြွ, ဝေနေယျတို့ ကျိုးငှာ တည်း။

မှန်မှန်ကြွချီတော်မူခြင်းသုံးမျိုး

သတ္တဝါဝေနေ များဗိုလ်ခြေတို့ကို ချီးမြှောက်တော်မူ ခြင်းငှာ–

၁။ ကျယ်ဝန်းသော နယ်မြေအဝှမ်း၌ ကြွချီတော်မူခြင်း။

၂။ အလယ်အလတ် နယ်မြေအဝှမ်း၌ ကြွချီတော်မူခြင်း။

၃။ ကျဉ်းသော နယ်မြေအစွန်၌ ကြွချီတော်မူခြင်း–

ဟူ၍ ၃-မျိုးရှိသည်။

ထိုတွင် (၁) သီတင်းကျွတ်လပြည့်ကျော် ၁-ရက်နေ့မှစ၍ ဝါဆိုလပြည့်နေ့အထိ ကိုးယူဇနာကျယ်ဝန်းသော မြို့ ရွာ နိဂုံး နယ်မြေအဝှမ်း၌ ၉-လပတ်လုံး ဘုရားမြတ်စွာတို့ ဒေသစာရီ

လှည့်လည် ကြွချီတော်မူခြင်းသည် ကျယ်ဝန်းသော နယ်မြေ အဝှမ်း၌ ကြွချီတော်မူခြင်းမည်၏။

(၂) တန်ဆောင်မုန်းလပြည့်ကျော် ၁-ရက်နေ့မှစ၍ ဝါဆို လပြည့်နေ့အထိ ၆-ယူဇနာကျယ်ဝန်းသော မြို့ ရွာ နိဂုံး နယ်မြေ အဝှမ်း၌ ကြွချီတော်မူခြင်းသည် အလယ်အလတ်နယ်မြေအဝှမ်း ၌ ကြွချီတော်မူခြင်းမည်၏။

(၃) နတ်တော်လပြည့်ကျော် ၁-ရက်, သို့မဟုတ် ပြာသို လပြည့်ကျော် ၁-ရက်, သို့မဟုတ် တပို့တွဲလပြည့်ကျော် ၁-ရက်, သို့မဟုတ် တပေါင်းလပြည့်ကျော် ၁ ရက်နေ့မှစ၍ ဝါဆိုလပြည့် နေ့အထိ ၇-လ, သို့မဟုတ် ၆-လ, သို့မဟုတ် ၅-လ, သို့မဟုတ် ၄-လပတ်လုံး ၇-ယူဇနာ ကျယ်ဝန်းသော မြို့ ရွာ နိဂုံး နယ်မြေ အဝှမ်း၌ ကြွချီတော်မူခြင်းသည် ကျဉ်းသော နယ်မြေအစွန်၌ ကြွချီတော်မူခြင်းမည်၏။ ၎င်းတို့ကို မဟာ မဏ္ဍလ စီစာရဏ, မဇ္ဈိမ မဏ္ဍလ စီစာရဏ, အန္တော (စူဠ) မဏ္ဍလ စီစာရဏ ဟူ၍ လည်း ခေါ်သည်။[၁]

တတော ပရဥ္စ သမ္ဗုဒ္ဓေါ၊ တိ မဏ္ဍလစီစာရိနော။
မဟာမဇ္ဈိမိကံ စူဠ–နဝဋ္ဌသတ္တမာသိကာ။[၂]

## သုဇာတာလှူသော ဆွမ်းနှင့် စုန္ဒလှူသောဆွမ်း အကျိုးပေးတူ

ဘုရားဖြစ်တော်မူမည့်နေ့၌ သုဇာတာ သေနနိဂုံး သူဌေး သမီးသူဌေးကတော်လှူဒါန်းသောဆွမ်းနှင့်ပရိနိဗ္ဗာန်စံတော်

၁။ ဒီ၊ ဋ္ဌ၊ ၁။ ၂၁၅။ မ၊ ဋ္ဌ၊ ၂။ ၅၆။
၂။ သောတဂ္ဂကီ။ ၅၃၇–၈၊ ထာ။

မူမည့်နေ့၌ ရှေးသန်းထိမ်သည်သား စုန္ဒလူဒါန်းသော ဆွမ်းတို့သည် သမာပတ်ဝင်စားနိုင်ခြင်း အကြောင်း အဖြစ်တူမျှသော ကြောင့် အကျိုးပေးတူကြသည်။[၁]

(ဆောင်) သုဇာ-စုန္ဒ, ပေးလှူကြသည့်, ဒါနနှစ်တန်, ကျိုးပေးဟန်, ကောန်တူသတည်း။

## ကြည်ညိုဖွယ်ရာ ဘုရားမြတ်စွာ သီးခြားဂုဏ်တော် ၁၈-ပါး

ဘုရားမြတ်စွာ၏ အရဟံဂုဏ်တော်, သမ္မာသမ္ဗုဒ္ဓဂုဏ်တော်, ဝိဇ္ဇာစရဏသမ္ပန္န ဂုဏ်တော်, သုဂတ ဂုဏ်တော်, လောကဝိဒူ ဂုဏ်တော်, အနုတ္တရဂုဏ်တော်, ပုရိသဒမ္မသာရထိဂုဏ်တော်, အနုတ္တရောပုရိသဒမ္မသာရထိ ဂုဏ်တော်, သတ္ထာဒေဝမနုဿာနံ ဂုဏ်တော်, ဗုဒ္ဓဂုဏ်တော်, ဘဂဝါဂုဏ်တော်များအပြင် သီးခြား (အာဝေဏိက) ဂုဏ်တော်များကိုလည်း အောက်ပါ အတိုင်း ကြည့်ရှုလေ့လာကြည်ညိုရာ၏။

၁။ ဘုရားမြတ်စွာအား ကာယဒုစရိုက်ရှိတော်မမူခြင်း။
၂။ ဘုရားမြတ်စွာအား ဝစီဒုစရိုက်ရှိတော်မမူခြင်း။
၃။ ဘုရားမြတ်စွာအား မနောဒုစရိုက်ရှိတော်မမူခြင်း။
၄။ ဘုရားမြတ်စွာအား အတိတ်၌ အပိတ်အပင် အဆီး အတား အနှောင့်အယှက်မရှိသော ဉာဏ်တော်ရှိခြင်း။
၅။ ဘုရားမြတ်စွာအား အနာဂတ်၌ အပိတ်အပင် အဆီး အတား မရှိသော ဉာဏ်တော်ရှိခြင်း။

---

၁။ ဥဒါန။ ၁၈၂၊ ဥဒါန၊ ဋ္ဌ။ ၃၆၆။

၆။ ဘုရားမြတ်စွာအား ပစ္စုပ္ပန်၌ အပိတ် အပင် အဆီး အတား မရှိသော ဉာဏ်တော်ရှိခြင်း။

၇။ ဘုရားမြတ်စွာ အလုံးစုံသော ကာယကံတော်သည် ဉာဏ်တော်သို့ အစဉ်လိုက်ခြင်း။

၈။ ဘုရားမြတ်စွာ၏ အလုံးစုံသော ဝစီကံတော်သည် ဉာဏ်တော်သို့ အစဉ်လိုက်ခြင်း။

၉။ ဘုရားမြတ်စွာ၏ အလုံးစုံသောမနောကံ ကံတော်သည် ဉာဏ်တော်သို့ အစဉ်လိုက်ခြင်း။

၁၀။ ဘုရားမြတ်စွာအား သတ္တဝါတို့၏ အကျိုးစီးပွားကို လိုလားသော ဆန္ဒတော်၏ ဆုတ်ယုတ်မှုမရှိခြင်း။

၁၁။ ဘုရားမြတ်စွာအား သူတပါးအကျိုးစီးပွားကို ပြုကျင့်ရာ၌ အားသုတ်ကြိုးပမ်းမှု လုံ့လဥဿာဟ၏ ဆုတ်ယုတ်မှု မရှိခြင်း။

၁၂။ ဘုရားမြတ်စွာအား သတိ၏ ဆုတ်ယုတ်မှုမရှိခြင်း။

၁၃။ ဘုရားမြတ်စွာအား မြူးတူးလိုသဖြင့် ပြုမှုမရှိခြင်း။

၁၄။ ဘုရားမြတ်စွာအား ချွတ်ယွင်း တိမ်းစောင်းစွာ ပြုမှု မရှိခြင်း။

၁၅။ ဘုရားမြတ်စွာအား တုန်လှုပ်မှုမရှိခြင်း။

၁၆။ ဘုရားမြတ်စွာအား လျင်မြန်စွာ (ဇရးကြီးသုတ်ပြာ) ပြုမှုမရှိခြင်း။

၁၇။ ဘုရားမြတ်စွာအား အကျိုးမရှိသော စိတ်တော်ဖြစ်မှု မရှိခြင်း။

၁၈။ ဘုရားမြတ်စွာအား အကုသိုလ်စိတ်မရှိခြင်း။

ဤသည်တို့ကား အံ့ဖွယ် ကြည်ညိုဖွယ်ရာ သီးခြား (အာဝေဏိက) ဂုဏ်တော်တို့တည်း။[၁]

## အာဝေဏိကဂုဏ် သံပေါက်များ

ငါတို့ကိုးကွယ်, စောဘုန်းကြွယ်, အံ့ဖွယ်များလှပါ၏။
ငါတို့ကိုးစား, မြတ်စွာဘုရား, ထူးခြားလွန်ကဲလှပါ၏။

၁။ ငါတို့ဆရာ, စောမြတ်စွာ, ကာယဒုစရိုက်ကင်းပါ၏။
၂။ ငါတို့ဆည်းကပ်,မြတ်ဘုန်းစည်, ဝစီဒုစရိုက်ကင်းပါ၏။
၃။ ငါတို့ဆည်းကပ်, မြတ်ရှင်စော, မနောဒုစရိုက်ကင်းပါ၏။
၄။ အတိတ်ခါမှာ, ပိတ်ဆီးကွာ, ဉာဏ်တော်မဟာနှင့်ပြည့်စုံပါ၏။
၅။ အနာဂတ်ခါမှာ, ပိတ်ဆီးကွာ, ဉာဏ်တော်မဟာနှင့်ပြည့်စုံပါ၏။
၆။ ပစ္စုပ္ပန်မှာ, ပိတ်ဆီးကွာ, ဉာဏ်တော်မဟာနှင့်ပြည့်စုံပါ၏။
၇။ ဘုရားဘုန်းလျှံ, ကာယကံ, ဉာဏ်သို့ပင်စဉ်လိုက်၏။
၈။ ဘုရားဘုန်းလျှံ, ဝစီကံ, ဉာဏ်သို့ပင်စဉ်လိုက်၏။
၉။ ဘုရားဘုန်းလျှံ,မနောကံ,ဉာဏ်တော်သို့ပင်စဉ်လိုက်၏။

---

၁။ ဒီ၊ ဋ္ဌ၊ ၃။ ၁၇၆။ (ပါထိကဝဂ် သင်္ဂီတိ သုတ် အဋ္ဌကထာ။)

၁၀။ သတ္တဝါများ, ကျိုးစီးပွားကို, လိုလားဆန္ဒ, မြတ်ဗုဒ္ဓ, မုချ မယုတ်လျော့ပါချေတကား။

၁၁။ သူတစ်ပါးကျိုး, သည်ပိုးအားထုတ်, မဆုတ်ယုတ်, သမ္ဗုဒ်သီးခြားဂုဏ်တော်ပါတကား။

၁၂။ မြတ်ဘုရားအား, သတိတရား, လျော့ပါးမရှိပါချေတကား။

၁၃။ မှူးလိုသဖြင့်, ပြုကျင့်ချက်, ဆက်ဆက်ကေန်မရှိပါချေတကား။

၁၄။ ချွတ်ချော်တမ်းလျက်, ပြုမူချက်, ဆက်ဆက်မရှိပါချေတကား၊

၁၅။ တုန်လှုပ်ကင်းကွာ, စောမြတ်စွာ, လွန်စွာကြည်ညိုဖွယ်ပါတကား။

၁၆။ ခေးကြီး သုတ်ပြာ, ပြုမူမှာ, မှန်စွာ မရှိပါချေတကား။

၁၇။ အကျိုးမဲ့လျှင်း, စိတ်ဖြစ်ခြင်း, ရှင်ရင်းမြတ်စွာ မရှိပါတကား။

၁၈။ အကုသိုလ်စိတ်, သုံးလူ့ထိပ်, သည်းဆိတ်မရှိပါချေတကား။

အာဝေဏိကဂုဏ်, ကုံလုံလောက်င, မြတ်ဗုဒ္ဓအား, တုပ်ကွရှိကျိုး, ရှိလျှင်ခိုးသည်, ကောင်းကျိုး လျှင်ဆော ပြည့်စေသော်။

## မူလဋီကာလာ အာဝေဏိကဂုဏ်တော် ၁၈ ပါး

ဝိဘင်းမူလဋီကာ၌ အာဝေဏိကဂုဏ် ၁၈- ပါးကိုလည်း **အောက်ပါအတိုင်း** ကြည့်ရှုကြည်ညိုရာ၏။

၁။ ဘုရားမြတ်စွာအား အတိတ်အဖို့အစုန်း၌ အပိတ်အပင် အဆီးအတားမရှိသော ဉာဏ်တော်ရှိခြင်း။

၂။ အနာဂတ်အဖို့အစုန်း၌ အပိတ်အပင် အဆီးအတား မရှိသော ဉာဏ်တော်ရှိခြင်း။

၃။ ပစ္စုပ္ပန် အဖို့အစုန်း၌ အပိတ်အပင် အဆီးအတားမရှိသော ဉာဏ်တော်ရှိခြင်း။

၄။ ဘုရားမြတ်စွာ၏ အလုံးစုံသော ကာယကံသည် ဉာဏ်တော်လျှင် ရှေ့သွားရှိ၍ ဉာဏ်တော်သို့အစဉ်လိုက်ခြင်း။

၅။ ဘုရားမြတ်စွာ၏ အလုံးစုံသော ဝစီကံသည် ဉာဏ်တော်လျှင် ရှေ့သွားရှိ၍ ဉာဏ်တော်သို့ အစဉ်လိုက်ခြင်း။

၆။ ဘုရားမြတ်စွာ၏ အလုံးစုံသော မနောကံသည် ဉာဏ်တော်လျှင်ရှေ့သွားရှိ၍ ဉာဏ်တော်သို့ အစဉ်လိုက်ခြင်း။

၇။ ဘုရားမြတ်စွာအား သတ္တဝါများ၏ အကျိုးစီးပွားပြုလိုသော ဆန္ဒတော်၏ ဆုတ်ယုတ်မှုမရှိခြင်း။

၈။ ဘုရားမြတ်စွာအား တရားဟောတော်မူခြင်း၏ ဆုတ်ယုတ်မှုမရှိခြင်း။

၉။ ဘုရားမြတ်စွာအား သူတစ်ပါးအကျိုးစီးပွားကို ပြု ကျင့်ရာ၌ အားထုတ်ကြိုးပမ်းမှု လုံ့လ၏ ဆုတ်ယုတ်မှု မရှိခြင်း။

၁၀။ ဘုရားမြတ်စွာအား သမာဓိတော်၏ ဆုတ်ယုတ်မှု မရှိခြင်း။

၁၁။ ဘုရားမြတ်စွာအား ပညာတော်၏ ဆုတ်ယုတ်မှု မရှိခြင်း။

၁၂။ ဘုရားမြတ်စွာအား ဝိမုတ္တိဉာဏ်တော်၏ ဆုတ်ယုတ်မှု မရှိခြင်း။

၁၃။ ဘုရားမြတ်စွာအား မြူးထူးလိုသဖြင့် ပြုမူမှု မရှိခြင်း။

၁၄။ ဘုရားမြတ်စွာအား ချွတ်ယွင်းတိမ်းစောင်းစွာ ပြုမှု မရှိခြင်း။

၁၅။ ဘုရားမြတ်စွာအား ဉာဏ်တော်ဖြင့် မတွေ့သိအပ်သော အရာမည်သည် မရှိခြင်း။

၁၆။ ဘုရားမြတ်စွာအား အရေးတကြီး အဆောတလျင် ပြုမူမှုမရှိခြင်း။

၁၇။ ဘုရားမြတ်စွာအား အကျိုးမရှိသော စိတ်တော်ဖြစ်မှု မရှိခြင်း။

၁၈။ ဘုရားမြတ်စွာအား ဉာဏ်တော်မဆင်ခြင်ဘဲ လျစ်လျူရှုထားမှု မရှိခြင်း။

အားဖြင့် အာဝေဏိကဂုဏ် ၁၈ပါးတင်မျိုးလာ၏။[၁]

---

၁။ မူလဋီ၊ ၂။ ၂။

## ဘုရားဇိနေဉ် အံ့ဖွယ်တော် ဆယ့်ရှစ်ပါး ဘုရားရှိခိုး

ဘုရားမြတ်စွာ၏ အံ့ဖွယ်တော်တစ်ဆယ့် ရှစ်ပါးတို့ကို သံပေါက်ကဗျာအတိုင်း ရွတ်ဆိုလျက် မှတ်၍ ရှိခိုးပူဇော်ရာ၏။

၁။ တိုရှည်မရှိ၊ ငှစ်သမ်ရှိလတ်၊ ဆံတော်မြတ်၊ သိမှတ်အံ့ဖွယ်တော်။

၂။ ရွှေကြာသကန်း၊ ဝတ်ရုံလွှမ်းလည်း၊ ညစ်နွမ်းမရှိ၊ ပကတိ၊ သိရှိအံ့ဖွယ်တော်။

၃။ မြတ်ဘုရားနှင့်၊ ရှစ်ပါးပရိက္ခရာ၊ ကင်းကွာလေးသစ်၊ မထိလစ်၊ စင်စစ်အံ့ဖွယ်တော်။

၄။ အလိုရှိသော်၊ သပိတ်တော်သည်၊ လက်ပေါ်ချက်ချင်း၊ ရောက်လာလျှင်း၊ ထင်လင်းအံ့ဖွယ်တော်။

၅။ လက်တော်ဆေးလျှင်၊ သပိတ်စင်နှင့်၊ သပိတ်ဆေးလျှင်၊ လက်တော်စင်၊ မြတ်ရှင်အံ့ဖွယ်တော်။

၆။ မုံညင်းစေ့တွင်း၊ မြတ်ရှင်ရင်းသည်၊ ကြွခြင်းဖန်ဖန်၊ မြတ်စကြံ၊ အမှန်အံ့ဖွယ်တော်။

၇။ ဆယ်မျက်နှာဝယ်၊ ရောင်ခြောက်သွယ်တို့၊ ပြန့်ကျယ်လွှမ်းခြုံ၊ ထွန်းလင်းတုံ၊ မှတ်ယုံအံ့ဖွယ်တော်။

၈။ မြတ်ဘုရားနှင့်၊ အလားနည်းတူ၊ ဆူဆူဘုရား၊ ဖန်ဆင်းငြား၊ များပြားအံ့ဖွယ်တော်။

၉။ ဇာတိ၊ အာဏာ၊ ဝိသယာအား၊ ခေတ်သုံးပါးမှာ၊ ဆောင်ဝါလင်းမှု၊ မှောင်အောင်ပြု၍၊ မှောင်ထုအစု၊ လင်းအောင်ပြု၊ မှတ်ရှုအံ့ဖွယ်တော်။

၁၀။ တရားဒေသနာ, ဟောသောခါဝယ်, အင်္ဂါရှစ်ရပ်, သံတော်မြွက်ကို, ထက်ရပ်ဘဝဂ်, အောက်ဖက်ဝီစိ, ကြားစေဘိ, မှတ်သိအံ့ဖွယ်တော်။

၁၁။ ဝတိံ နန်းမှ, ကြွမြန်းဆင်းရာ, ထိုအခါဝယ်, လူမှနတ် မြင်, နတ်ပင်လူကာ, ချက်ချင်းပ, မြင်ရအံ့ဖွယ်တော်။

၁၂။ ပဋိသန္ဓေ, စံနေသောခါ, ဖွားမြင်ခါနှင့်, ပြင်ခါ ဘုရား, ဟောကြားဓမ္မစက်, လွှတ်ချက်အာယု, ငံမှု နိဗ္ဗာန်, ဤခြောက်တန်ငယ်, အောက်ခံမြေကြီး, တုန် လှုပ်ပြီးခါ, နိမိတ်ဖြာ, ဖြစ်လာအံ့ဖွယ်တော်။

၁၃။ မြင်းမိုရ်ထိပ်ပန်း, ဝတိံ နန်းဝယ်, နှစ်လှမ်းသုံးဖဝါး, နင်းကြွသွား, ဘုရားအံ့ဖွယ်တော်။

၁၄။ မြေဥ္စချသော်, မြတ်ဇာနေ်မှာ. ခြေရာတော်ပင်, နင်း မထင်, ကြည်လင်အံ့ဖွယ်တော်။

၁၅။ ကျွတ်သင့်မကျွတ်သင့်, ပိုင်းဖြတ်လင့်၍, နုရင့်ဣန္ဒြေ, သိမြင်ပေ, မှတ်ဖွယ်အံ့ဖွယ်တော်။

၁၆။ ပျက်လုံးနားတော်, ရေခသော်များစွာ, ကိုယ်အင်္ဂါမှ, ရောင်ဝါထိန်ညီး, ရေးမီးအစုံ, တန်ခိုးဂုဏ်, ကြည်ယုံ အံ့ဖွယ်တော်။

၁၇။ ပရမက်-ပညတ်, များလတ်ဖုံဖုံ, တရားစုံကို, အကုန် အစင်, မသိမြင်အောင်, ပိတ်ပင်ဆီးတား, မရှိခြား, ထင်ရှားအံ့ဖွယ်တော်။

၁၈။ ခြောက်ပါးညွှန်း၊ တရားစုကို၊ သဗ္ဗညုတ်၊ မြတ်ရွှေဉာဏ်
ဖြင့်၊ ကြွင်းကျန်မရှိ၊ အကုန်သိ၊ မုနိအံ့ဖွယ်တော်။
အံ့ဖွယ်တော်ဖြစ်၊ တစ်ဆယ့်ရှစ်နှင့်၊ များလစ်ဂုဏ်တော်၊
တန်ခိုးတော်ဖြင့်၊ ထင်ပေါ်ကျော်ကြား၊ ရှင်တော်ဘုရားကို၊
ဝပ်တွားရှိကျိုး၊ လက်အုပ်မိုး၍၊ ရှိခိုးကန်တော့ပါ၏ဘုရား။

## ဗုဒ္ဓခေတ်သုံးပါး

ဗုဒ္ဓခေတ်ခေါ်သော ဘုရားမြတ်စွာနှင့်စပ်သော စကြာဝဠာ အပိုင်းအခြားသည် -

၁။ ဇာတိခေတ်၊
၂။ အာဏာခေတ်၊
၃။ ဝိသယခေတ်–ဟူ၍ သုံးပါးရှိသည်။

ထိုတွင် ဘုရားမြတ်စွာ ပဋိသန္ဓေ နေတော်မူသော အခါ၊ ဖွားမြင်တော်မူသောအခါ၊ သဗ္ဗညုတ ဉာဏ်ရတော်မူသောအခါ၊ ဓမ္မစကြာတရားတော် ဟောတော်မူသောအခါ၊ အာယုသင်္ခါရ လွှတ်တော်မူသောအခါ၊ ပရိနိဗ္ဗာန်စံတော်မူရာအခါတို့၌ စကြာဝဠာတိုက်တစ်သောင်း မြေလျှင်တုန်လှုပ်၏။ ယင်း မြေလျှင် တုန်လှုပ်ရာ စကြာဝဠာတစ်သောင်းသည် ဇာတိခေတ်မည်၏။

(ဆောင်) သန္ဓေနေရာ, ဖွားမြင်ရာနှင့်, သဗ္ဗညုဉာဏ်ရ, သမယ
တည်း, ထိုမှတစ်ပြာ, အာယုသင်္ခါ, လွှတ်ရာကာလ,
ဓမ္မစကြာ, ဟောရာခါတွင်, မြေလျှင်လှုပ်ရာ,
စကြာဝဠာပေါင်း, တိုက်တစ်သောင်းကား, ခေါ်
ငြားဇာတိခေတ်ဟူသတည်း။

ရတနပရိတ်, ခန္ဓပရိတ်, ဓဇဂ္ဂပရိတ်, အာဋာနာဋိယပရိတ်များ၏ အာနုဘော်(အာဏာ)ပျံ့နှံ့ရာ စကြဝဠာကုဋေတစ်သိန်းသည် အာဏာခေတ်မည်၏။

(ဆောင်) ရတန-ခန္ဓ, ဓဇဂ္ဂနှင့်, အာဋာနာဋိယ, ဓမ္မအာဏာ, ပျံ့နှံ့ရာမှန်, စကြာဝဠာ, ကုဋေကုဋ္ဌာ, သိန်းသင်္ချာ, မှတ်ပါ အာဏာခေတ်မည်သတည်း။

ဝိသယခေတ်ကား—စကြာဝဠာ အပိုင်းအခြားမရှိ၊ သဗ္ဗညုတဉာဏ်တော်မြတ်၏ ကျက်စားရာ အာရုံပြုရာ စကြဝဠာအနန္တသည်ပင် ဝိသယခေတ်မည်၏။

(ဆောင်) သဗ္ဗညုတာ, ဉာဏ်တော်သာ၏, အာရုံပြုရာ, စကြဝဠာနန္တ, ဝိသယ, မိန့်ဟကျမ်းဂန်များစွာတည်း။

## အဂ္ဂသာဝကများ

ဘုရားမြတ်စွာ၏ အဂ္ဂသာဝကများမှာ ပညာအရာ ဧတဒဂ်ရအရှင်သာရိပုတ္တရာသည် လကျာ်တော်ရံ အဂ္ဂသာဝကဖြစ်တော်မူ၍ တန်ခိုးအရာ ဧတဒဂ်ရ (ငယ်မည် ကောလိတ) အရှင်မောဂ္ဂလာန်သည် လက်ဝဲတော်ရံ အဂ္ဂသာဝကဖြစ်တော်မူသည်။

## အလုပ်အကျွေးရဟန်းတော်

ဗဟုဿုတအရာ, သတိမန္တအရာ, ဂတိမန္တအရာ, ဓိတိမန္တအရာ, ဥပဋ္ဌာကအရာ ငါးဌာနတို့၌ ဧတဒဂ်ရ အရှင်အာနန္ဒာသည် ဘုရားမြတ်စွာ၏နှစ်ပေါင်း နှစ်ဆယ်ကျော် အမြဲခစားအလုပ်အကျွေးရဟန်းတော်ဖြစ်တော်မူသည်။

---

၁။ ဝိ၊ ဋ္ဌ၊ ၁။ ၁၂၉။ ဒီ၊ ဋ္ဌ၊ ၃။ ၈၁။ ဝိသုဒ္ဓိ၊ ၂။ ၄၄။

## အဂ္ဂသာ၀ိကာများ

ဘိက္ခုနီမများအနက် ပညာအရာတွင်ဧတဒဂ်ရ ပညာအကြီးဆုံး ရှင်မခေမာထေရီသည် လက်ျာတော်ရံ တပည့်မ အဂ္ဂသာ၀ိကာ ဖြစ်၍ တန်ခိုးအရာ၌ဧတဒဂ်ရ ရှင်မဥပ္ပလဝဏ်ထေရီသည် လက်ဝဲတော်ရံတပည့်မ ဖြစ်လေသည်။

### အလုပ်အကျွေး ဥပါသကာ ဥပါသိကာများ

အလုပ်အကျွေး ဥပါသကာများမှာ ကောသလတိုင်း ပစ္စိ-ကာသဏ္ဍမြို့နေ စိတ္တသူကြွယ်နှင့် အာဠဝီပြည် အာဠဝီမင်းကြီး၏ သား ဟတ္ထာဠဝက သူကြွယ်ပျို ဖြစ်ကြ၍ အလုပ်အကျွေး ဥပါသိကာများမှာ ရာဇဂြိုဟ်ပြည်နယ် ဒက္ခိဏာဂိရိဇနပုဒ် ဝေဠုကဏ္ဍကီမြို့၌နေသူ အနာဂါမ်ဖြစ်သည့် နန္ဒမာတာ ဥပါသိကာနှင့် ကောသမ္ဗီပြည် ဃောသကသူဌေး၏ ကျွန်မဝေမ်းငယ် သမ္ဗော္ဓတွယ်လျက် အရွယ်ရောက်က သာမာဝတီမိဖုရားထံအစေခံသည့် ခေဇ္ဇုတ္တရာ ဥပါသိကာမတို့ဖြစ်ကြကုန်၏။[၁]

### မဟာသာ၀ကရှစ်ကျိပ်

ပါရမီဆုတောင်း မွန်မြတ်သဖြင့် မဟာသာ၀က အမည်ရ သော ဘုရားမြတ်စွာ၏ တပည့်ကြီးရှစ်ကျိပ်တို့ကိုလည်း ကြည့်ရှုကြည်ညိုရာ၏။ ယင်း မဟာသာ၀ကရှစ်ကျိပ်တို့တွင် ပညာကြီးမားသောအရာ၌ ဧတဒဂ်ရ လက်ျာတော်ရံ အရှင်သာရိပုတ္တရာ မထေရ်နှင့် တန်ခိုးကြီးမားသောအရာ၌ ဧတဒဂ်ရလက်ဝဲတော်ရံ အရှင်မောဂ္ဂလာန် မထေရ်တို့သည်လည်း ပါဝင်လေသည်။ ယင်း

---

၁။ ဗုဒ္ဓဝံ။ ၃၈၁။

မထေရ်မြတ်နှစ်ပါးတို့သည် အဂ္ဂသာဝကအရာ၌ တည်ကြသော်လည်း ကျန် ၇၈-ပါးသော မဟာသာဝကတို့နှင့် ပါရမီဆုတောင်း မှန်မြဲပုံခြင်းတူသဖြင့် မဟာသာဝကတို့လည်း ဖြစ်ကုန်၏။ ယင်းမဟာသာဝက ရှစ်ကျိပ်တို့ကား-

၁-သိက္ခာဝါတော်အကြီးဆုံးအရာ ဧတဒဂ်ရ အရှင်အညာသိကောဏ္ဍည၊ ၂-အရှင် ဝပ္ပ၊ ၃-အရှင် ဘဒ္ဒိယ၊ ၄-အရှင်မဟာနာမ၊ ၅-အရှင် အဿဇိ၊ ၆-အရှင် နာလက၊ ၇-အရှင်ယသ၊ ၈-အရှင်ဝိမလ၊ ၉-အရှင်သုဗာဟု၊ ၁၀-အရှင်ပုဏ္ဏဇိ။

၁၁-အရှင်ဂဝမ္ပတိ၊ ၁၂-ပရိသတ်အခြံအရံများသောအရာ ဧတဒဂ်ရ အရှင် ဥရုဝေလကဿပ၊ ၁၃-အရှင် နဒီကဿပ၊ ၁၄-အရှင် ဂယာကဿပ၊ ၁၅-ပညာကြီးမားသောအရာ ဧတဒဂ်ရ အရှင်သာရိပုတ္တရာ၊ ၁၆-တန်ခိုးကြီးမားသောအရာ ဧတဒဂ်ရ အရှင် မောဂ္ဂလာန်၊ ၁၇-ဓုတင်ဆောင်သောအရာ ဧတဒဂ်ရ အရှင် မဟာကဿပ၊ ၁၈-အကျဉ်းကို အကျယ်ဟောရာ၌ ဧတဒဂ်ရ အရှင် မဟာကစ္စာန၊ ၁၉-ပဋိသမ္ဘိဒါလေးပါးရရာ၌ ဧတဒဂ်ရ အရှင် မဟာကောဋ္ဌိက၊ ၂၀-ရဟန်းများကို ဆုံးမသောအရာ၌ ဧတဒဂ်ရ အရှင် မဟာကပ္ပိန။

၂၁-အရှင် မဟာစုန္ဒ၊ ၂၂-ဒိဗ္ဗစက္ခုအဘိညာဉ်ရသောအရာ ဧတဒဂ်ရ အရှင် အနုရုဒ္ဓါ၊ ၂၃-ဈာန်ဝင်စားသောအရာ ဧတဒဂ်ရ အရှင် ကခ်ါရေဝတ၊ ၂၄-အကြား အမြင်များသော အရာ, သတိကောင်းသောအရာ, ဉာဏ်ကောင်းသော အရာ, လုံ့လကြီးမားသောအရာ,အလုပ်အကျွေးပြုစုမှုကောင်းသော အရာဟူသော ၅-ဌာနဧတဒဂ်ရ အရှင် အာနန္ဒာ၊ ၂၅-

ဘိက္ခုနီမဟူကို ဆုံးမရာ တေဒဂ်ရ အရှင် နန္ဒက၊ ၂၆–အရှင် ဘဂု၊ ၂၇–ဣန္ဒြေ စောင့်စည်းသောအရာ တေဒဂ်ရ ဘုရား မြွတ်စွာညီတော် အရှင် နန္ဒ၊ ၂၈–အရှင် ကိမိလ၊ ၂၉–အမျိုး မြတ်သောအရာ တေဒဂ်ရ အရှင် ဘဒ္ဒိယ၊ ၃၀–သိက္ခာသုံးပါး ကို အလိုရှိရာ၀ယ် တေဒဂ်ရ အရှင် ရာဟုလာ။

၃၁–လာဘ်ပေါများသောအရာ၌ တေဒဂ်ရ အရှင်သိဝလိ၊ ၃၂–ဝိနည်းဓိုရ်ဒတေဒဂ်ရ အရှင် ဥပါလိ၊ ၃၃–သံဃာမတော် များအတွက် နေရာချထားသောအရာ တေဒဂ်ရ အရှင် ဒဗ္ဗ၊ ၃၄–ကြည်ညိုဖွယ်ရာဖြစ်သောအရာ တေဒဂ်ရ အရှင်ဥပသေန၊ ၃၅–ဘောဂ ဆောက်တည်သောအရာ တေဒဂ်ရ အရှင်ခဒိရဝ နိယရေဝတ၊ ၃၆–တရားဟောသောအရာ တေဒဂ်ရ မန္တာဏိ ပုဏ္ဏားမ၏သား အရှင် မဟာပုဏ္ဏ၊ ၃၇–သုနာပရန္တတိုင်းသား အရှင် ပုဏ္ဏ၊ ၃၈–အပြော အဟော ကောင်းသောအရာ တေဒဂ်ရ အရှင် သောဏကုဋိကဏ္ဏ၊ ၃၉–လုံ့လဝိရိယလွန်ကဲ သောအရာ တေဒဂ်ရ အရှင် သောဏကောဠိဝိသ၊ ၄၀–တရားကို ထင် မြင်လွယ်သောဉာဏ် ပဋိဝေဓပေဋ္ဌိဘာဏ်ရရာ၌ တေဒဂ်ရ အရှင် ရာဓ။

၄၁–ကိလေသာ အညစ်အကြေးမရှိသော နေခြင်းနှင့် အလှူ ခံထိုက်ခြင်းအရာ တေဒဂ်ရ အရှင် သုဘူတိ၊ ၄၂–အရှင် အင်္ဂုလိမာလ၊ ၄၃–သဒ္ဓါတရား လွန်ကဲသောအရာ တေဒဂ်ရ အရှင် ဝက္ကလိ၊ ၄၄–ဆွေတော် မျိုးတော်တို့ကို ကြည်ညိုစေ ရာ၌ တေဒဂ်ရ အရှင် ကာဠုဒါယီ၊ ၄၅–အရှင် မဟာဥဒါယီ၊ ၄၆–နတ်များချစ်ခင်မြတ်နိုးရာ၌ တေဒဂ်ရ အရှင် ပိလိန္ဒဝစ္ဆ၊ ၄၇–ရှေးကနေ့ဖူးသော ခန္ဓာအစဉ်ကို အောက်မေ့သောအရာ၌

ဧတဒဂ်ရ အရှင်သောဘိတ၊ ၄၈—ဆန်းကြယ်စွာတရားစကား ပြောဟောသော အရာ၌ ဧတဒဂ်ရ အရှင် ကုမာရကဿပ၊ ၄၉—သဒ္ဓါယုံကြည်၍ ရဟန်းပြုရာ၌ ဧတဒဂ်ရ အရှင် ရဋ္ဌပါလ၊ ၅၀—ဆန်းကြယ်သောညဏ် ပဋိဘာဏ်ရှိရာ၌ ဧတဒဂ်ရ အရှင် ဝင်္ဂီသ။

၅၁—အရှင် သတိယ၊ ၅၂—အရှင် သေလ၊ ၅၃—အရှင် ဥပါဝါန၊ ၅၄—အရှင် မေဃိယ၊ ၅၅—တေဇောဓာတ် သမာပတ်ဝင်စားရာ၌ ဧတဒဂ်ရ အရှင်သာဂတ၊ ၅၆—အရှင် နာဂိတ၊ ၅၇—အသံ သာယာသော အရာ ဧတဒဂ်ရ အရှင် လကုဏ္ဍကဘဒ္ဒိယ၊ ၅၈—ခြင်္သေ့ဟောက်သို့ မကြောက်မရွံ့ ရဲဝံ့စွာ စကားပြောဆိုရာ၌ ဧတဒဂ်ရ အရှင်ပိဏ္ဍောလဘာရဒွါဇ၊ ၅၉—အာရုပ္ပဈာန်မှထ၍ ရဟန်းဖြစ်ရာ၌ ဧတဒဂ်ရ အရှင် မဟာပန္ထက၊ ၆၀—မနောမယ အဘိညာဉ်ဖြင့် ကိုယ်ကိုဖန်ဆင်းရာ, အရူပဈာန်မှထ၍ ရဟန္တာဖြစ်သူတို့၌ ဧတဒဂ်ရ အရှင်စူဠပန္ထက။

၆၁—အနာရောဂါကင်းမှု ကျန်းမာရေး ပြည့်စုံမှုအရာ ဧတဒဂ်ရ အရှင်ဗာကုလ၊ ၆၂—စာရေးတံမဲ ပဌမ ရယူရာ ဧတဒဂ်ရ အရှင် ကုဏ္ဍဓာန၊ ၆၃—အသိညဏ်လွန်ကဲလျင်မြန်မှု ခိပ္ပာဘိညာဉ်အရာဧတဒဂ်ရအရှင်ဒါရုစီရိယဗာဟိယ၊ ၆၄—အရှင် ယသောဇ၊ ၆၅—အရှင်အဇိတ၊ ၆၆—အရှင်တိဿမေတ္တေယျ၊ ၆၇—အရှင် ပုဏ္ဏက၊ ၆၈—အရှင် မေတ္တဂူ၊ ၆၉—အရှင် ဓောတက၊ ၇၀—အရှင် ဥပသိဝ။

၇၁—အရှင် နန္ဒ၊ ၇၂—အရှင် ဟေမက၊ ၇၃—အရှင် တောဒေယျ၊ ၇၄—အရှင် ကပ္ပ၊ ၇၅—အရှင် ဇတုကဏ္ဏိ၊ ၇၆—အရှင် ဘဒြာဝုဓ၊ ၇၇—အရှင် ဥဒယ၊ ၇၈—အရှင်

ပေါ်သာလ၊ ၇၉—ချည်အထည် ဆိုးရည် သုံးမျိုးလုံး ညံ့ ခေါင်းပါးသော သက်န်းကိုဆောင်ရာ၌ တေဒဂ်ရ အရှင်မောဃ ရာဇ၊ ၈၀—အရှင် ပိင်္ဂိယ တို့ ဖြစ်ကုန်၏။

ထိုမထေရ်များအနက် အမှတ်စဉ် ၁-မှ ၄၁-တွင် အမှတ်စဉ် ၁၆-အရှင်မဟာမောဂ္ဂလာန်ကိုကြဉ်၍ ကျန် ၄၀-သောမထေရ် တို့သည် ဘုရားမြတ်စွာ၏ လက်ျာတော်ရံ မထေရ်မြတ်များ ဖြစ် ကြကုန်၏။ အမှတ်စဉ် ၁၆-အရှင်မဟာမောဂ္ဂလာန် မထေရ် မြတ်, အမှတ်စဉ် ၄၂-မှ ၈၀-အထိ ၃၉-ပါးသော မထေရ် ပေါင်း ၄၀-သောမထေရ်တို့သည် ဘုရားမြတ်စွာ၏ လက်ဝဲ တော်ရံ မထေရ်မြတ်များဖြစ်ကြသည်။ ယင်း ရှစ်ကျိပ်သော မဟာသာဝကတို့တွင် ဆိုင်ရာဆိုင်ရာ တေဒဂ်ရ မထေရ်မြတ်ပေါင်း ၄၁-ပါးပါဝင်လေသည်။

ကြည်ညိုစဖွယ်လွန်တင့်တယ်

ဘုရားမြတ်စွာသည် ကိုယ်တော်တိုင်က ကိလေသာဟူ မှုမျှ မတင် လွန်သန့်စင်သည်ဖြစ်၍ ကိလေသာကင်းကွာသော မဟာ သာဝကရှစ်ကျိပ်တို့ ဝဲယာမှရံ၍ သီတင်းသုံးနေပုံကို ဖူးမြင်ရ သော နတ်,လူ,ဗြဟ္မာ သတ္တဝါတို့ လွန်စွာ ကြည်ညိုကြကုန်၏။ ဘုရားမြတ်စွာကား အတုမဲ့တင့်တယ်တော်မူပါပေ၏။

---

၁။ အံ၊ ၁။ ၂၃—၆။ အံ၊ ၄၊ ၁။ ၉၆။ ၂၆၀။
ထေရ၊ ၄၊ ၅၄၁။ အံ၊ ၄၊ ၂။ ၁၃၂။

(ဆောင်) ကိုယ်တော်မြတ်က, လောဘ ရေချို, ကိလေသာ ဘင်, လွှန်သန့်စင်ကာ, ဝန်းရံပါသည့်, သာဝကသား, တပည့်များလည်း, ဆိုးဝါးလှစွာ, ကိလေသာ ဘင်, လွှန်သန့်စင်သည်, လွှန်လျှင် ကြည်ညိုဖွယ် ကောင်း၏တကား။

## ဆုံးမထိုက်သူ သဗ္ဗဇ ါဟိန္ဒုဂူတို့ကို ဆုံးမတော်မူခြင်း

ဘုရားမြတ်စွာ သက်တော် ၈၀, ဝါတော် ၄၅-ဝါကာလ ပတ်လုံး ဗကာ-အစရှိသော ပြဟ္မာများ, အာဠဝကအစရှိသော ဘီလူးအပေါင်း, သိကြားမင်း အစရှိသော နတ်အပေါင်း, သုစိလောမ အစရှိသော ရက္ခိုသ်အပေါင်း, ဇာဏုကောဏ် အစရှိသော များစွာသော ပုဏ္ဏားများ, စူဠောဒရ စသော ကြမ်းတမ်းသော နဂါးများ, ဓနပါလ စသော ကြမ်းကြုတ်သော ဆင်များနှင့် ကိုယ့်ကိုယ်ကို ဘုရားဟုသင်မှတ်နေကြသော တိတ္ထိတို့ကို ယဉ်ကျေးသိမ်မွေ့အောင် ဆုံးမတော်မူခဲ့လေသည်။

ဗကာဒိကေစ ဗြဟ္မာနော၊ ယက္ခေစာဠဝကာဒိကေ။
ပုရိန္ဒဒါဒိကေ ဒေဝေ၊ သုစိလောမာဒိ ရက္ခသေ။

ဇာဏုသောဏာဒိကေနကေ၊ ဗြာဟ္မဏေစာပိ ယက္ခဋ္ဌေ။
စူဠောဒရာဒိကေ နာဂေ၊ ဓနပါလာဒိကေ ဂဇေ။

ဗုဒ္ဓါ မယံတိ မညန္တေ၊ တိတ္ထိယေနေကလဒ္ဓိကေ။
ဒမေ သိရမတံ သေဋ္ဌော၊ ပရဝါဒပ္ပမဒ္ဒနော။

## ဝေနေယျသတ္တဝါပေါင်း နှစ်ဆယ့်လေးသင်္ချေ ချွေချွတ်တော်မူခဲ့ခြင်း

ဘုရားမြတ်စွာသည် နေ့ညမနား တရားဓမ္မ ဟောပြတော်မူကာ ချွေချွတ်တော်မူခဲ့သဖြင့် ဝေနေယျပေါင်း နှစ်ဆယ့်လေးသင်္ချေ ကုဋေခြောက်ဆယ် ဗိုလ်ခြေတစ်သိန်း ကျွတ်တန်းဝင်ခဲ့လေသည်။ သာဝတ္ထိမြို့တော်၌မှာပင် ထိုစဉ်က သေးတာပန်, သကဒါဂါမ် အရိယာသာဝကပေါင်း ငါးကုဋေ, အနာဂါမ် ဥပါသကာ, ဥပါသိကာပေါင်း သုံးသိန်း ငါးသောင်း ခုနစ်ထောင်ရှိခဲ့ကုန်၏။ သာဝတ္ထိမြို့တော် ကျောမှ သရက်ပင် အနီး တန်ခိုးပြာဋိဟာပွဲတွင် ကုဋေနှစ်ဆယ် ကျွတ်တန်းဝင်ကြသည်။ စူဠရာဟုလောဝါဒသုတ်, မဟာမင်္ဂလသုတ်, သမစိတ္တသုတ်, ပရာဘဝသုတ်, ပုရာဘေဒသုတ်, ကလဟဝိဝါဒသုတ်, စူဠဗျူဟသုတ်, မဟာဗျူဟသုတ်, ဝရဝဋ္ဋကသုတ်, သာရိပုတ္တာသုတ်တို့ကို ဟောတော်မူစဉ်က ဝေနေယျပေါင်း မရေနိုင်အောင် ကျွတ်တန်းဝင်ကြသည်။

ထိုစဉ်က ရာဇဂြိုဟ်မြို့၌ သောတာပန်,သကဒါဂါမ်အရိယာသာဝကပေါင်း သုံးသိန်း ငါးသောင်း ရှိသောဟူ၏။ မနေပါလ ဆင်ကိုဆုံးမစဉ်က တရားပွဲ၌ ကုဋေကိုးဆယ်၊ ပါသာဏက နတ်ကွန်း၌ ပါရာယနဝဂ်လာသုတ်များ တရားများဟောရာ တစ်ဆယ့်လေးကုဋေ၊ ဣန္ဒသာလလိုဏ်တရားပွဲ၌ နတ်ဗြဟ္မာပေါင်း ကုဋေရှစ်ဆယ်၊ ဗာရာဏသီ မိဂဒါဝုန်တော၌ တရားဟောစဉ် ဗြဟ္မာပေါင်း တစ်ဆယ့်ရှစ်ကုဋေ, နတ်ပေါင်း မရေနိုင်အောင် ကျွတ်တန်းဝင်ကြသည်။ တာဝတိံသာနတ်ပြည် ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာ၌ အဘိဓမ္မာ တရားဟောစဉ် နတ်ဗြဟ္မာပေါင်း

ကုဋေရှစ်ဆယ်၊ နတ်ပြည်မှ စောင်းတန်းသုံးသွယ်ဖြင့် သင်္ကဿ မြို့တံခါးအနီး လောကဝိဝရဏပြာဋိဟာပွဲတွင် ကုဋေသုံးဆယ် ကျွတ်တန်းဝင်ကြသည်။

ရင်းပြင် ကပိလဝတ်ပြည် နိဂြောဓာရုံ ကျောင်းတိုက်တွင် ဗုဒ္ဓဝင် ဒေသနာဟောစဉ်က နတ်ဗြဟ္မာတွေ မရေနိုင်အောင် ကျွတ်တန်းဝင်ကြသည်။ မဟာသမယသုတ် ဟောစဉ်ကလည်း နတ်ဗြဟ္မာတွေ မရေနိုင်အောင်ပင် ကျွတ်တန်းဝင်ကြသည်။

ထိုမှ တစ်ပါး သုမနပန်းသည် အကြောင်းပြုဖြစ်ပေါ်သော တရားပွဲ၊ ဂရဟဒိန္နတရားပွဲ၊ အာနန္ဒသူဌေး အကြောင်းပြုဖြစ် ပေါ်သော တရားပွဲ၊ ဇမ္ဗုကတက္ကတွန်း အကြောင်းပြုဖြစ်ပေါ် သော တရားပွဲ၊ ဖားနတ်သား အကြောင်းပြု ဟောအပ်သော တရားပွဲ၊ မဋ္ဌကုဏ္ဍလီ နတ်သား အကြောင်းပြု ဟောအပ်သော တရားပွဲ၊ သုလသာပြည့်တန်ဆာမ အကြောင်းပြုဟောအပ်သော တရားပွဲ၊ သိရိမာပြည့်တန်ဆာမ အကြောင်းပြုဟောအပ်သော တရားပွဲ၊ ရက်ကန်းသည်မ သမီးတစ်ယောက် အကြောင်းပြု ဟောအပ်သော တရားပွဲ၊ စူဠသုဘဒ္ဒါ တရားပွဲ၊ သာကေတ ပုဏ္ဏား သုသာန်အသုဘတရားပွဲ၊ သုနာပရန္တကတရားပွဲ၊ သက္က ပဉှသုတ်တရားပွဲ၊ တိရောကုဋ္ဋတရားပွဲ၊ ရတနသုတ်ဟောစဉ် ဤဖော်ပြခဲ့သော တရားပွဲများ၌ ရှစ်သောင်း လေးထောင်စီ သော ဝေနေယျတို့ ကျွတ်တန်းဝင်ကြသည်။[၁] သီဟိုဠ်ကျွန်းသို့ သုံးခေါက်ကြွရောက် ချွေချွတ်စဉ်ကလည်း ဝေနေယျသတ္တဝါ တွေ ကုဋေ ကုဋာများစွာ ကျွတ်တန်းဝင်ခဲ့လေသည်။[၂]

---

၁။ မိလိန္ဒပဉှာ ၃၃၁-၂။ ၂။ ဗုဒ္ဓ၏သီရိလင်္ကာခရီးကြည့်။

ထိုမှ တစ်ပါး သုံးပါးသော မဟာမင်္ဂလ, တစ်ဆယ့် ခြောက်ခုသော ဇနပုဒ်တို့၌ လှည့်လည် သီတင်းသုံး၍ သတ္တဝါ တွေ ချွတ်ချွတ်စဉ် ရောက်ရှိရာနယ်ပယ်ဒေသအရပ်၌ တစ်ရာ, နှစ်ရာ, သုံးရာ, လေးရာ, ငါးရာ, တစ်ထောင်, နှစ်ထောင်, သုံး ထောင်, လေးထောင်, ငါးထောင်, တစ်သောင်း, နှစ်သောင်း, သုံးသောင်း, လေးသောင်း, ငါးသောင်း, တစ်သိန်း, နှစ်သိန်း, သုံးသိန်း, လေးသိန်း, ငါးသိန်းစသည် လူနတ်ပြဟ္မာသတ္တဝါတို့ ကျွတ်တန်းဝင်ကြလေသည်။[၁] ဤသို့စသည်ဖြင့် ဘုရားမြတ်စွာ ချွတ်ချွတ်တော်မူ၍ ကျွတ်တန်းဝင်သော သတ္တဝါဝေနေယျတို့ မှာ စုစုပေါင်း နှစ်ဆယ့်လေးအသင်္ချေ ကုဋေခြောက်ဆယ် ဗိုလ် ခြေ တစ်သိန်းရှိခဲ့ကြောင်း မှတ်တမ်းပြုတော်မူခဲ့ကြသည်။

စတုဝီသတိအသင်္ချေယျေ၊ သဋ္ဌိစေဝစ ကောဋိယော။
ပါဏာနီ သတသဟဿာနိ၊ ကော ဗုဒ္ဓေါ ပမောစယိ။[၂]

ဘုရားမြတ်စွာဝါဆိုစဉ်

အို-သုံးလူ့ရှင်ပင်ဗုဒ္ဓင် စာတော်ဖတ်....သင်စာတော်ဖတ် သည် ဘုရားမြတ်စွာဝါဆိုစဉ်ကိုလည်း ကြည့်ရှု၍ ငါတို့ကိုးစား ဘုရားမြတ်စွာသည် ဤမြို့, ဤရွာ, ဤဒေသ, ဤကျောင်းတိုက် တို့၌ ဝါဆို၍ ဗုဒ္ဓကိစ္စများ ပြုတော်မူခဲ့သည်ဟု ဝမ်းမြောက် ဝမ်းသာ ကြည်နူးကာ ဗုဒ္ဓါနုဿတိဘာဝနာဖြစ်အောင် ကြည့် ရှု၍ တစိမ့်စိမ့်ကြည်နူးရာ၏။

ဘုရားမြတ်စွာသည် ဗာရာဏသီပြည် မိဂဒါဝုန်တော၌ (၁) ပထမဝါ၊ ရာဇဂြိုဟ်ပြည်၌ (၂) ဒုတိယဝါ၊ (၃) တတိယဝါ၊ (၄) စတုတ္ထဝါ၊ ဝေသာလီပြည် မဟာဝုန်တော၌ (၅) ပဉ္စမ

၁။ မိလိ ပဋ္ဌာ ၃၃၂-ကြည့်။ ၂။ သောတတ္တကီ-၄-နှာ။

ဝါ၊ မကုဋဓတောင်၌ (၆) ဆဋ္ဌမဝါ၊ တာဝတိံသာနတ်ပြည်၌ (၇) သတ္တမဝါ၊ ဘဂ္ဂတိုင်း သံသုမာရဂိရိမြို့ ဘေသကဋာ တော၌ (၈) အဋ္ဌမဝါ၊ ကောသမ္ဗီပြည်၌ (၉) နဝမဝါ၊ ပါလိလေယျတောအုပ်၌ (၁၀) ဒသမဝါ၊ နာဠပုဏ္ဏားရွာ၌ (၁၁) ဧကာဒသမဝါ၊ ဝေရဉ္ဇာပြည်၌ (၁၂) ဒွါဒသမဝါ၊ စာလိယတောင်၌(၁၃)တေရသမဝါ၊ သာဝတ္ထိပြည် ဇေတဝန် ကျောင်း၌ (၁၄) စုဒ္ဒသမဝါ၊ ကပိလဝတ်ပြည်၌ (၁၅) ပဉ္စဒသမဝါ၊ အာဠဝီပြည်၌ (၁၆) သောဠသမဝါ၊ ရာဇဂြိုဟ် ပြည်၌ (၁၇) သတ္တရသမဝါ၊ စာလိယတောင်၌ (၁၈) အဋ္ဌရသမဝါ၊ (၁၉) ဧကူနဝီသတိမဝါ၊ ရာဇဂြိုဟ်ပြည်၌ (၂၀) ဝီသတိမဝါ၊ ဤဝါတော် ၂၀-၌ အတည်အခွဲ အမြဲမနေ သေးသောကြောင့် အနိဗဒ္ဓဝါဆိုတော်မူခြင်းဖြစ်သည်။ ကြွင်း သော ဝါတော် နှစ်ဆယ့်ငါးဝါကား သာဝတ္ထိပြည် ဇေတဝန် ကျောင်းနှင့် ပုဗ္ဗာရုံကျောင်းတို့၌သာ အမြဲသီတင်းသုံးတော်မူ သောကြောင့် နိဗဒ္ဓဝါဆိုရသည်။ ထိုတွင် သာဝတ္ထိပြည် ဇေတဝန် ကျောင်း၌ ဧကူနဝီသတိမဝါမှစ၍ ဧကူနစတ္တာလီသတိမဝါ တိုင်အောင် တစ်ဆယ့်ကိုးဝါပတ်လုံး သီတင်းသုံးတော်မူသည်။ သာဝတ္ထိပြည် ပုဗ္ဗာရုံကျောင်းတော်၌ စတ္တာလီသမဝါမှ တေ စတ္တာလီသမဝါတိုင်အောင် ငါးဝါသီတင်းသုံးတော်မူသည်။ နောက်ဆုံး ပဉ္စစတ္တာလီသမဝါဝယ် ဗေလုဝရွာ၌ဆိုတော်မူသည်။ သို့သော် ယင်း ဗေလုဝရွာမှာ သာဝတ္ထိပြည် နယ်နိမိတ်ဖြစ်၍ သာဝတ္ထိပြည်၌ပင် နှစ်ဆယ့်ငါးဝါပတ်လုံး သီတင်းသုံးတော်မူ သည်ဟု ဆိုကြသည်။ အောက်ပါ ဗုဒ္ဓဝင်ဆရာကြီး ဦးထွန်းစိန်၏ ဝါဆိုစဉ်ဇယားထပ် ၃-ပုဒ်ကို ကျက်မှတ်ကြည့်ကြရာ၏။

## ဘုရားမြတ်စွာ ဝါဆိုစဉ် တေးထပ် ၃-ပုဒ်

(၁) သယမ္ဘူ စောနတ်၏ မနောဓာတ်ချိန်ရှင်၊
ပြောစမှတ် စာဆိုတင်မည်၊
ဝါဆိုစဉ်မှတ်သား။
မြတ်ဓမ္မ ရွှေစကြာကို မိဂဒါဝါဟောကပ်ရွှေဖျား။
ဒု, တ, စ, ရာဇဂြိုဟ် ဝါဆိုတော်မူငြား၊
တောင်စာလီမြတ်အပါးမှာတော့၊
ငါးဝါမြောက်ဘုန်းကြွယ်။
မကုဋ္ဌာတောင်ဂိရိ ခြောက်ဝါရှိဖြိုးလျှပ်စံပယ်။
ထောက်ညွှာသည့် မျိုးမြတ်နွယ်ကို၊
တိုးမှတ်ဖွယ် ညွန့်ရစ်တော့ ခုနစ်နှစ် ဝတိံသာ
မြိန်းကြွကပ်ရှာ။
ရှင်ဝါမြောက် စံတုကွာသည်၊
သံသုမာဂိရိပလေး။ ။

(၂) နဝမံ ကောသမ္ဗ စောလျှံကြွစဲ့ထိုင်၊
တောဂန္ဓ ပုလဲမြိုင်မှာ၊
မလွဲနိုင်ဆယ်ထား။
ပြာဟ္မဏာနာဋ္ဌရှာမှာ ဝါကြွကာ ကိန်းဆယ့်တစ်ငြာ ။
ဝေရဥ္စာတိုင်းဌာနီ၊
ဒွါဒသီ မှတ်သား။
တောင်စာလီမြတ်အပါးမှာတော့၊
ဆယ့်သုံးဝါးကျမ်းအညီ။

စုဒ္ဒသ ဇေတဝန ကပိလ ပန္နရသီ၊
သောဠသ အာဠဝီမှာ၊
စာအညီမှတ်စမ်းတော့၊
စံမြန်းတဲ့ ရာဇဂြိုဟ် ဆယ့်ခုနှစ်ဆို။
ဆယ့်ရှစ်နှင့် ဆယ့်ကိုးအလိုမှာ၊
စာလီဆို ဓောင်ထိပ်ပလေး။ ။

(၃) ရာဇဂြိုဟ် ဝါစီသ စာရိမျှသုံးချေ၊
ဠာနီကြွဘုန်းဝေမှာ၊
ထုံးအနေမမြဲ။
နှစ်ဆယ့်လေးဝါကျွတ်မီတယ်။
သာဝတ္ထိပြည့်၌ပဲ။
အန္တိမနောက်ဆုံးဝါမှာ ဗေလုရွာမလွဲ၊
အာယုတော်ဇီဝိန်နဲ့(နည်း)ပြိုမို့၊
ရည်ချိန်မြဲထုံးစံ။
ဗျည်းတာလီ ဝါအဆိုက်
အမတာအမြိုက် မြန်းကြွအမှန်။
သတ္တဝါတသိုက် ပက်ဇံကို၊
ယာဉ်ပျံတော် မဂ်နန်းနှင့်၊
တဖက်ကမ်း ပြည်ခေမာ လှမ်းပို့တင်ရှာ။
ဘုရားမြတ်ဝါဆိုစဉ်ကို၊
လိုချင်စရာမှတ်စမ်းတော့လေး။ ။

## ဘုရားမြတ်စွာ အရှုံးခံရသော ဘေးကြီးသုံးပါး

ဖော်ပြခဲ့သည့်အတိုင်း ဘုရားမြတ်စွာသည် ဆန့်ကျင်ဖက်ပြုမူလာသည့် ပုဂ္ဂိုလ်သတ္တဝါမှန်သမျှကိုအောင်နိုင်ခဲ့သော်လည်း အိုဘေး၊ နာဘေး၊ သေခြင်းဘေး ဟူသော ဘေးကြီး ၃-ပါးကို ဘုရားမြတ်စွာသည် အနိုင်မရ အရှုံးခံတော်မူရပါသည်။

တခါတစ်ပါး ဘုရားမြတ်စွာသည် ညနေချမ်းချိန်ခါသမယတွင် သာဝတ္ထိမြို့တော် ပုဗ္ဗာရုံကျောင်းတော်အနောက်ဖက်ဝယ် သက်နှင်းတော်ချ၍ နေစာလှုံတော်မူ၏။ထိုအခါအရှင်အာနန္ဒာသည် ဘုရားရှင်ကျောတော်ကို ဆုပ်နယ်ပေး၏။ ယင်းသို့ ဆုပ်နယ်ပေးရင်း ကျောဖက်က အသားအရေတော်ကို ဂရုစိုက်ကြည့်လိုက်မိရာ အရေတော်များယင်စဉ်ကနှင့်မတူ အနည်းငယ် တွန့်လာသည်ကို တွေ့ရ၏။ အင်မတန် ဖြူဟွာမင်းကိုယ်လို ဖြောင့်စင်းသော ကိုယ်တော်လည်း မသိမသာ ကိုင်းနေသည်ကို တွေ့ရ၏။ အဆင်းတော်များလည်း အရွယ်တော်ကောင်းတုန်းကလောက် မကြည်လင်သည်ကို တွေ့ရ၏။ ဤသို့ဖြင့် ဘုရားမြတ်စွာသည် သာမန်လူများလို ရှတ်တွ ယိုယွင်းလာအောင် သိသိသာသာ အိုမင်းမသွားသော်လည်း သက်တော်ရင့်သောအခါ ဇရာဒုက္ခ (အိုဒုက္ခ)ကို မသိမသာခံတော်မူရပါသတည်း။

(ဆောင်) ငါတို့ ကိုးစား၊ ဘုရားမြတ်စွာ၊ စောဇိနှာသည်၊ မသိမသာ၊ ခန္ဓာရွှေကိုယ်၊ အိုဒုက္ခကို၊ မှန်စွာခံရရှာ တော်မူသတည်း။

ဘုရားမြတ်စွာသည် ခြောက်နှစ်ပတ်လုံး ဒုက္ကရစရိယာကျင့်တော်မူခဲ့သော ဒဏ်ကြောင့် မကြာမကြာ ခါးတော်နာရ၏။ တစ်ခါတလေ ခါးတော်နာသဖြင့် စ,ပြီးသား တရားတော်ပင် ဆုံးအောင် ဟောတော်မမူနိုင်ပါ။ ထိုအခါ အရှင်ကစ္စာနထေရ်, အရှင်သာရိပုတ္တရာထေရ် စသည်တို့က ဆက်လက်ဟောရသည်။ ရှင်ဒေဝဒတ်၏ ဂိဇ္ဈကုဋ်တောင်ပေါ်မှ ကျောက်တုံးကို လှိမ့်ချလိုက်ရာ ကျောက်ချပ်လွှာ ခြေမတော်ကို ထိမှန်သောကြောင့် သွေးခြည်ဥသောဒဏ်ကို ခံတော်မူရ၏။ တစ်ခါတလေ လေနာထတော်မူ၏။ နောက်ဆုံးသော် ဝမ်းတော်လားရ၏။ ဤသို့ဖြင့် ဘုရားမြတ်စွာသည် ဗျာဓိဒဏ်ချက်ကိုလည်း ခံတော်မူရသည်။

(ဆောင်) မကြာမကြာ, ခါးတော်နာကာ, လေနာရောဂါ, ခံရရှာ၏, ခြေမှာနုနု, သွေးခြည်ဥ၏, မရှုရက်နော်, နောက်ဆုံးသော်, ဝမ်းတော်လားရပြန်ပါသတည်း။

## ပရိနိဗ္ဗာန်စံတော်မူပြီ

ဘုရားမြတ်စွာ၏ သက်တော်ရှစ်ဆယ်, ဝါတော်လေးဆယ့်ငါးဝါ ပြည့်သောနေ့မှာပင် ဝမ်းတော်လားသော ရောဂါသည် ပါဝါမြို့မှာဖြစ်၏။ ထိုနေ့မှာပင် ပရိနိဗ္ဗာန်စံသောအားဖြင့် သေဘေးဒဏ်ကို ခံရပါတော့မည်။ ဘုရားမြတ်စွာချွတ်မှ ကျွတ်မည့် သတ္တဝါများလည်း ကျွတ်တန်းဝင်ကြလေကုန်ပြီ။ သုဘဒ္ဒပရိဗိုဇ်တစ်ယောက်သာ ကုသိနာရုံမြို့မှာ ကျန်လေတော့သည်။

သို့ဖြင့် ဤမြတ်စွာဘုရားသည် ထိုသုဘဒ္ဒကို အကြောင်းပြု၍ အားတော် နည်းပါးနေသော်လည်း မလ္လတိုင်း ကုသိနာရုံမြို့တော်သို့ နေဝင်ချိန်အရောက် ကြွတော်မူလေသည်။ မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်ဝယ် မင်းများအတွက် ခင်းထားအပ်သော သလွန်တော် (ခုတင်ငယ်ကလေး) ရှိ၏။ ထိုသလွန်တော်ပေါ်ဝယ် မြောက်သို့ ဦးခေါင်းတော်လှည့်၍ လက်ျာနံပါးတော်ကို စောင်းကာ လျောင်းစက်တော်မူလေသည်။ ကုသိနာရုံမြို့တော်မှ မလ္လာမင်းများ လာရောက်ကန်တော့ကြ၏။ စကြာဝဠာ တစ်သောင်းမှ နတ်,ဗြဟ္မာအပေါင်းလည်း အများအားဖြင့် လာရောက်ကန်တော့ကြ၏။ရဟန်းသံဃာတော်များလည်း မရေနိုင်အောင်ပင် များမြောင်စွာ ရောက်လာကြသည်။ အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလာန်, အရှင်ရာဟုလာ တို့ကား မရှိကြတော့ပြီ။ ဘုရားရှင် အလျင် ပရိနိဗ္ဗာန် စံတော်မူကြကုန်၏။

ဘုရားမြတ်စွာသည် လျောင်းတော်မူရင်း ကဆုန်လပြည့်ညဥ့်ဦးယံ၌ မလ္လာမင်းတို့အား တရားဟောတော်မူ၏။ သန်းခေါင်ယံဝယ် သုဘဒ္ဒပရိဗိုဇ်အား တရားဟော၍ ရဟန်းပြုတော်မူ၏။ သုဘဒ္ဒသည် ဘုရားမြတ်စွာ ပရိနိဗ္ဗာန်စံတော်မမူခင် အာသဝေါကင်းကွာ ရဟန္တာဖြစ်လေ၏။ မိုးသောက်ယံ အရုဏ်မတက်မီ ရဟန်းတော်များအား "ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ၊ ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ" ချစ်သားရဟန်းတို့.... ယခုအခါ သင်တို့ကို နောက်ဆုံးစကားမှာကြား သိစေတော်မူမည်။ ရုပ် နာမ် ဓမ္မ သင်္ခါရ တို့သည် ပျက်စီးခြင်းသဘောကို မလွန်မြောက်နိုင်ကုန်။ သို့ဖြစ်၍ သင်တို့

သည် မမေ့ မလျော့ မပေါ့မဆသောသတိဖြင့် ကိစ္စဥဿုံ ပြည့်စုံရစ်စေကြရမည် ဟု နောက်ဆုံးဩဝါဒ မိန့်ကြားတော်မူခဲ့လေသည်။

ဤသို့ နောက်ဆုံး ဩဝါဒစကား မိန့်ကြားတော်မူပြီးလျှင် နောက်ထပ် တစ်စုံတစ်ရာမိန့်မြွက်တော်မမူတော့ဘဲ ဈာန်သမာပတ်တို့ကို ဝင်စားတော်မူ၏။ ထိုသမာပတ်အဆုံး အာရုံတက်ခါနီးတွင် ပရိနိဗ္ဗာန်ဝင်စံတော်မူခဲ့လေသည်။ ယင်းသို့ ပရိနိဗ္ဗာန်စံသည့်အချိန်ကား မဟာသက္ကရာဇ် ၁၄၈-ခုနှစ် ကဆုန်လဆန်း ၁၅-ရက် (ကဆုန်လပြည့်) အင်္ဂါနေ့ဖြစ်လေသည်။

ဘုရားမြတ်စွာ ပရိနိဗ္ဗာန်စံတော်မူသောအခါ စကြာဝဠာကမ္ဘာတစ်သောင်းလုံးပဲ့တင်ဟီး၍ ကြီးကျယ်စွာတုန်လှုပ်လေ၏။ အနာဂါမ်,ရဟန္တာမဖြစ်သေးသော နတ်များနှင့် ရဟန်းသံဃာတော်များ ပြင်းစွာ ငိုကြွေးကြကုန်၏။ အနာဂါမ်, ရဟန္တာဖြစ်ပြီးသော ပုဂ္ဂိုလ်တို့ကား ဖြစ်လျှင် ပျက်မြဲချည်းဟု စိတ်၌တွေးကာ ရုပ်နာမ်ခန္ဓာအပေါ်၌ထိတ်လန့်တက်သော "သံဝေဂ" ခေါ် ဉာဏ်တစ်မျိုးဖြင့် စိုးရိမ်ပူဆွေးမှု ဝမ်းနည်းမှုကို ဖြေသိပ်နိုင်ကြလေသည်။

(ဆောင်) တရားနတ်စည်, ဆော်ရှမ်းလည်က, သုံးမည်ဘုံ
သိုက်, တစ်သောင်းတိုက်ဝယ်, ကျွတ်ထိုက်သည့်သူ,
နတ်လူဗြဟ္မာ, သတ္တဝါကို, ခေမာသောင်သို့,
ဖောင်ကူးတို့ဖြင့်, ဆောင်ပို့ပြီးကာ, ဝါလေးဆယ့်
ငါး, သက်ကားရှစ်ဆယ်, ရုံပြည့်ကြွယ်က, ရာ

လေးဆယ့်ရှစ်, သက္ကရာဇ်ဝယ်, နယ်မလ္လာတိုင်း,
စံနိုင်းမယှတ်, ကုသိနာရုံ, အင်ကြင်းစုံ၌, ကဆုန်
လပြည့်, အင်္ဂါနေ့ဝယ်, ချမ်းမြေ့နိဗ္ဗူ, စံတော်
မူသည့်, ဝှန်းဆူသောင်းလုံးကျော်တယ်ကို။ ၁

## အလောင်းတော်မီးသဂြိုဟ် ဓာတ်တော်ရှစ်စိတ်ကြွင်း

ဘုရားဖိနော် ပရိနိဗ္ဗာန်ပြုပြီး၍ ကြွင်းကျန်ရစ်သော ရုပ်အလောင်းတော်ကို လူ, နတ်, ဗြဟ္မာတို့သည် ပန်းနံ့သာမျိုးစုံတို့ဖြင့် ပူဇော်ကြ, သံဝေဂ ဖြစ်ဖွယ်ရာ ပါရှိသော ဂီတတို့ကို သီဆိုတီးမှုတ်၍ ပူဇော်ကြလေကုန်၏။ သံဃာတော်များအမှု ငြိမ်သက်စွာ ကြည့်ရှုဖူးမြော်ကြသည်။ မလ္လာတိုင်း၏ မှူးတော် ကုသိနာရုံ၌မလ္လာမင်းတို့သည် ခြောက်ရက်ပတ်လုံးဥယျာဉ်တော်မှာပင် တီးမှုတ်သီဆို ပန်းနံ့သာတို့ဖြင့်ပူဇော်ကြသည်။ ကဆုန်လပြည့်ကျော် ၇-ရက်နေ့တွင် နတ်တို့ကလည်း နတ်တို့အလိုက်, လူတို့ကလည်း လူများအလိုက် သံဝေဂဖြစ်ဖွယ်ရာ ဂီတမျိုးစုံ ပန်းနံ့သာမျိုးစုံတို့ဖြင့်ပူဇော်ကြကာ ဥယျာဉ်တော်မှ ကုသိနာရုံမြို့တွင်းသို့ ပင့်ဆောင်ကြသည်။ ထိုနောက် မြို့လယ် လမ်းမဖြင့် ရှေ့သို့ ပင့်ဆောင်ကြကာ မလ္လာပင်းတို့၏ အထွတ်အမြတ်ထားရာ မကုဋဗန္ဓနရာ ကျက်သရေမင်္ဂလာရှိသော ဒိမ်တော်၌ ပူဇော်ကြလေသည်။ ထိုနေရာ၌ အလောင်းတော်ကို ဝါဂွမ်းတစ်ထပ်, အဝတ်တစ်ထပ် အစုံစုံပတ်လေရာ အထပ်ပေါင်း အငါးရာရစ်ပတ်ပြီးဖြစ်လေသည်။ ထိုအခါကျမှ ဆီထည့်ထားသော ရွှေခေါင်းတွင်းသွင်း၍ ရွှေအဖုံးဖြင့် ပိတ်ဖုံးလိုက်ကြလေသည်။

---

၁။ လယ်တီဆရာတော်ဘုရားကြီး၏ ခုနစ်နေ့ဘုရားရှိခိုးလင်္ကာ—၆။

မီးသင်္ဂြိုဟ်ရန်လည်း အတောင် တစ်ရာ့နှစ်ဆယ် မြင့်သော စန္ဒကူးနံ့သာ ထင်းပုံကြီးကို အဆင်သင့် ပြုလုပ်ထားကြသည်။ အလောင်းတော်ကို စန္ဒကူး ထင်းပုံတွင်း သွင်း၍ မလ္လာမင်း ခေါင်းဆောင်ကြီးများ ကိုယ်တိုင် မီးစွဲအောင် မတတ်နိုင်ကြသဖြင့် အရှင်အနုရုဒ္ဓါအား လျှောက်ထားသောအခါ အရှင်မဟာကဿပ မရောက်လာသေး၍ သူ၏ ဒါယကာနတ်များက မီးမစွဲမလောင်အောင် လုပ်ထားကြသည်ဟု မိန့်တော်မူ၏။ ထိုစကားကို ကြားရ၍ အရှင်မဟာကဿပကို အများ ပရိသတ်က မျှော်လင့်နေစဉ် နေဝင်ခါနီးတွင် ရဟန်းငါးရာနှင့်အတူ ရောက်လာသည်။

အရှင်မဟာကဿပသည် လှည့်ပတ်၍ ရှိခိုးရင်း ခြေထောက်နေရာ၌ရပ်ကာ ဈာန်သမာပတ် ဝင်စား၍ ဓိဋ္ဌာန်လိုက်လေရာ ဘုရားမြတ်စွာ၏ ခြေတော်အစုံပေါ် ထွက်လာလေ၏။ ပရိသတ်သည် အံ့တအံ့တသဲသဲ ဝမ်းနည်း ဝမ်းသာ ဖြစ်နေကြစဉ်မှာပင် အရှင်မဟာကဿပက တပည့် ရဟန္တာ ငါးရာနှင့်အတူ ရှိခိုးပြီးမှ ပြန်ဝင်သွားတော်မူသည်။ ထိုအခါကျမှ နတ်တို့၏ တန်ခိုးဖြင့် တေဇောဓာတ်မီးတောက်လာလေသည်။ မီးလောင်၍ အရေ, အသား, အကြောများ ကုန်လောက်ရာအခါတွင် နံ့သာရေတို့ဖြင့် မီးကိုငြိမ်းကြပြီးသော် အရိုးဓာတ်တော် ရှစ်စိတ်ရလေသည်။

(ဆောင်) နိဗ္ဗူစံပြီး, ရှုမအီသား, သင်္ဂြိုဟ်ရွှေလှော်, အလောင်းတော်ကို, ထိုရော်ကဆုန်, လဆုတ်ကြုံ၍, ဂဠုန်

နေ့ဝယ်, ခိုးငွေ့မနှော, ဓာတ်တောဇောလျှင်, ရှင်
စောညာဏ်စက်, မိဌာန်ချက်ဖြင့်, လျှံတက်ကော
ရော်, မီးပူဇော်သည်, မွေတော် ရှစ်စိတ် ကြွင်း
တယ်ကိုး။[၁]

## မကြွမကွဲသော ဓာတ်တော်များနှင့် ကြွကွဲသော ဓာတ်တော်များ

ထိုဓာတ်တော်များအနက် ညှပ်ရိုးတော်နှစ်ဆူ, စွယ်တော် လေးဆူ, နဖူးသင်းကျစ်တော်တစ်ဆူ, ဤခုနှစ်ဆူသော ဓာတ်တော်တို့သည် မကွဲမကြွပဲ တည်ရှိကုန်၏။ အခြား အရိုးတော်များ အစိတ်စိတ်ကြွကွဲလေသည်။ ယင်းသို့ ကြွကွဲခြင်းမှာ အနယ်နယ် အစို့စို့ အမြို့မြို့ အရွာရွာ အရပ်ဒေသ များစွာတို့၌ ကိုးကွယ်ရလေအောင် ဘုရားမြတ် ကိုယ်တော်တိုင် ဓိဌာန်တော်မူခဲ့ခြင်းဖြစ်လေသည်။ ယင်းဓာတ်တော်များတွင် အငယ်ဆုံး မုံညင်းစေ့ခန့်, အလတ်စား ထက်ဝက်ကျိုး ဆန်ကျိုးခန့်, အကြီးဆုံး ပဲနောက်စေ့ခန့်ရှိ၏။ အချို့ မြတ်လေးငုံ့, အချို့ ဆေးထားသော ပုလဲလုံး, အချို့ ရွှေနှင့်တူသောဟူ၏။

ဥဏှိသံစ တဿော ဒါဌာ၊ အက္ခကာ ဒွေစ ဓာတုယော။
အသမ္ဘိန္နာ ဣမာ သတ္တ၊ သေသာ ဘိန္နာဝ ဓာတုယော။

မဟန္တာ မုဂ္ဂမတ္တာစ၊ မဇ္ဈိမာ ဘိန္နတဏ္ဍုလာ။
ခုဒ္ဒကာ သာသပမတ္တာစ၊ နာနာဝဏ္ဏာစ ဓာတုယော

၁။ လယ်တီဆရာတော်ဘုရားကြီး၏ ခုနစ်နေ့ ဘုရားရှိခိုး ထော်—၇။

မဟန္တာ သုဝဏ္ဏဝဏ္ဏာစ၊ မုတ္တာဝဏ္ဏာစ မဇ္ဈိမာ။
ခုဒ္ဒကာ မကုဋ္ဌဝဏ္ဏာစ၊ သောဠသ ဓေါဏမတ္တိကာ။ ၁

## ဓာတ်တော်များဌာပနာ စေတီတည်ထားကိုးကွယ်ကြခြင်း

မလ္လတိုင်း တိုင်းမြို့တော်မှမလ္လာမင်းတို့သည် မီးငြိမ်းလေလျှင် ဓာတ်တော်များကို ရွှေခေါင်းတော်နှင့်တကွ ပင့်ဆောင်၍ ကုသိနာရုံမြို့တွင်းရှိ တိုင်းရုံးအဆောက်အအုံကြီး၌ လက်နက်ကိုင် အစောင့်အရှောက်များ ချထားကာ စိတ်တိုင်းကျ ပူဇော်ကြသည်။ ထိုအခါတွင် အဇာတသတ်မင်း, လိစ္ဆဝီမင်း, သာကီဝင်မင်း စသော မင်းများနှင့် ဝေဋ္ဌဒီပကမည်သော ပုဏ္ဏားအပါအဝင် ခုနစ်ပြည်ထောင်မင်းတို့သည် ဘုရားမြတ်စွာ ပရိနိဗ္ဗာန် စံကြောင်း ကြားသိကြလေသည်။ ကြားလျှင် ကြားခြင်း ဓာတ်တော်များဝေပေးရန် တမန်စေလွှတ်၍ ကြည်ကြည်သာသာ တောင်းမရလျှင် စစ်တပ်ဖြင့် လုယူဖို့ စစ်ချီ၍ ထွက်လာကြလေသည်။ ယင်းသို့ ထွက်လာကြပြီးလျှင် မလ္လာတိုင်း၏ မြို့တော် ကုသိနာရုံကို ဝိုင်းထားပြီး "ဘုရားဇိနော် ဓာတ်တော်များကို ဝေလျှင် ဝေပေါ၊ မဝေလျှင် စစ်တိုက်ရလိမ့်မည်" ဟု ရာဇသံ ပေးကာ စစ်တပ်များကို တပ်လှန့်ထားကြကုန်၏။ မလ္လာမင်းတို့ ကလည်း မဝေနိုင်ပါဟု ငြင်းပယ်ကြလေသည်။ ၂

---

၁။ ဗုဒ္ဓဝံသပါဠိ၊ ၃၀၄။

၂။ အကယ်၍ စစ်ဖြစ်ခဲ့လျှင် နတ်များက မလ္လာမင်းတို့ဘက်က ကူမည်ဖြစ်၍ မလ္လာမင်းတို့ပင် နိုင်စရာရှိသတတ်။

ထိုအခါ မင်းများဆရာဖြစ်ခဲ့ဖူးသော ဒေါဏပါမောက္ခကြီးသည် မြေခုံမြင့်ပေါ်သို့တက်၍ "အားလုံး နားထောင်ကြပါ တပည့် ထီးဆောင်း မင်းအပေါင်းတို့.... ဆရာတို့ ကိုးစားရာ ဘုရားမြတ်စွာသည် အလောင်းအလျာဘဝကပင် ခန္တီတရားကို ထာဝစဉ် လက်ကိုင်ထားပါသည်။ ထိုဘုရားဗိန္ဒော်ရဲ့ဓာတ်တော် ရလိုမှုကြောင့် သွေးချောင်းစီးစစ်ဖြစ်ရန် မသင့်မတော်မလျော်ပါဘူး"စသည်ဖြင့် အသံကျယ်စွာ အော်ဟစ်လိုက်လေသည်။ထိုအခါ တပည့်ထီးဆောင်းမင်းများက ဆရာကြီးတာဝန်ယူ စေပါတော့ဟုလွှဲအပ်ကြလေသည်။ ထိုအခါ ဒေါဏပုဏ္ဏားသည် ရွှေခေါင်းကိုဖွင့်လိုက်ရာ အားလုံး စိတ်ထိန်းမရဘဲ ဝမ်းနည်းလှသဖြင့် ငိုကြွေးကြလေသည်။ ခေတ္တမေ့သွားကြသည်။ ယင်းသို့ ပရိသတ်ခေတ္တမေ့နေစဉ် လကျ်ာစွယ်တော်ကို အလစ်ယူကာ သူ၏ ရောင်ထုံးထဲထည့်ထားလေ၏။ ထို့နောက်မှ ဓာတ်တော်များကို ရှစ်ပုံပုံ၍ ဝေပေးလေသည်။ ထိုသို့ ဝေပေးစဉ် သိကြားမင်းသည် ဒေါဏပါမောက္ခကြီး ဝှက်ထားသောစွယ်တော်ကို အလစ်နှိုက်ယူ၍ တာဝတိံသာနတ်ပြည် စူဠာမဏိစေတီတော်တွင် ဌာပနာ၍ ကိုးကွယ်ခဲ့လေသည်။ ဓာတ်တော်များ ဝေပြီးသောအခါ ဒေါဏပုဏ္ဏားသည် မိမိဆံထုံး၌ဓာတ်တော်မရှိတော့ကြောင်း သိရလေသည်။ မေးလည်း မမေးဝံ့သဖြင့် ဓာတ်တော်ဝေစဉ်က ဓာတ်တော်ခြင်တွဲခွက်ကလေးကိုသာ ကိုးကွယ်ရရှာ၏။ ဓာတ်တော်ဝေပြီး နောက်မှ ရောက်လာသော မောရိယမင်းတို့မှာ မီးသင်္ဂြိုဟ်ရာမှ မီးသွေးခဲများယူ၍ ပူဇော်ကြရလေသည်။

ထိုမင်းများသည် မိမိတို့ဝေစုရသော ဓာတ်တော်များကို မိမိတို့မြို့များ၌ စေတီ တည်ထား ကိုးကွယ် ပူဇော်ကြလေသည်။

ထို့နောက် အရှင်မဟာကဿပသည် အခြားမြို့များ၌ တည်ရှိသော ဓာတ်တော်များ၏ အန္တရာယ်ကိုမြင်သဖြင့် ထိုမင်းများကိုးကွယ်လောက်ရုံချန်၍ ကျန် ဓာတ်တော်များကို နားလည်သဘော ပေါက်အောင် ပြောပြပြီး ကျေနပ်စွာ ယူခဲ့ပြီးလျှင် အဇာတသတ်မင်းနှင့် တိုင်ပင်ကာ ရာဇဂြိုဟ်မြို့တော်၏ အရှေ့တောင်ထောင့်၌ အတောင်ရှစ်ဆယ်နက်အောင်တူး၍ ရဟန္တာစေတီများတည်ကာ အခိုင်အလုံ ဌာပနာခဲ့လေသည်။ ဌာပနာတိုက်ပေါက်တွင် "နောက်တွင် ဓမ္မာသောကမင်းတရား ဤဓာတ်တော်များကို ပျံ့နှံ့အောင် ပြုလိမ့်မည်"ဟု ကမ္ပည်းစာတမ်းရေးကာ လက်နက်ကိုင်ယန္တရားရုပ်များကိုတပ်ဆင်ပြီးမှ ဌာပနာတိုက်ကို သေသပ်စွာ ပိတ်လိုက်လေသည်။ သာသနာသက္ကရာဇ် ၂၁၈-ခုနှစ်တွင် နန်းတက်၍ ၂၅၅-ခုနှစ်တွင် နတ်ရွာစံသော သီရိဓမ္မာသောကမင်းသည် မဇ္ဈိမဒေသအနှံ့အပြားစေတီပေါင်းရှစ်သောင်း လေးထောင် တည်လေရာ ဓာတ်တော်တိုက်ကို ရှာဖွေတွေ့ရှိသဖြင့် ထိုဓာတ်တော်များကို တူးဖော်လေ၏။ လက်နက်ကိုင်ယန္တရားရုပ်များကို နတ်တို့၏အကူအညီဖြင့် ဖယ်ရှားပြီးသောအခါ ကမ္ပည်းစာကို မြင်ရ၍ ရွှင်ပျ ဝမ်းမြောက်စွာ ဓာတ်တော်များကိုပင့်ဆောင်၍ စေတီတော်များ၌ ဌာပနာခဲ့လေသည်။

(ဆောင်) ဘုရားဇိနော်, ဓာတ်တော် သွယ်သွယ်, ကိုးကွယ်ဖွယ်ကို, အနယ်နယ် အစို့စို့, အမြို့မြို့တွင်, ဘုရင်မင်းများ, ပင့်ဆောင်သွား၏, မြတ်ရှင် သားလှ, ကဿပနှင့်, အဇာတသတ္တု, ဘူရိသခင်, ဘိုင်ပင်ပြီးကာ, သိမ်းဌာပနာခဲ့, အနာဂတ်သမယ, နောင်

ကာလတွင်, ဓမ္မာသောကာ, မင်းရာဇာသည်,
ကောင်းစွာ ပင့်ယူ, ဓာတ်ဆူဆူကို, ဇမ္ဗူ နှံ့ပြား,
တည်ထားကော်ရော်, ပူပူဇော်သည်, အံ့ဖွယ်
အစ္စရိယဖွယ်တည်း။

## နောက်ဆုံး ဓာတုပရိနိဗ္ဗာန်ပွဲ

နောက်ဆုံးသာသနာကွယ်သောအခါ ဓာတ်တော်အားလုံး သီဟိုဠ်ကျွန်း (သီရိလင်္ကာ)တွင် တစုတဝေးတည်းဖြစ်ပြီး မဟာစေတီသို့ ကြွကြွပါလိမ့်မည်။ မဟာစေတီမှ နာဂကျွန်း(နာဂဒီပ) ရာဇာယတနစေတီသို့ ကြွကြွပါလိမ့်မည်။ တစ်ဖန် နာဂကျွန်း ရာဇာယတနစေတီမှ မဟာ ဗောဓိပလ္လင်သို့ ကြွတော်မူကြပါ လိမ့်မည်။ နဂါးပြည်,နတ်ပြည်,ဗြဟ္မာပြည်မှ ဓာတ်တော်များ လည်း မဟာဗောဓိပင်သို့ ကြွတော်မူကြပါလိမ့်မည်။ မဟာ ဗောဓိပလ္လင်တော်၌ ဓာတ်တော်အားလုံး ရွှေတုံးကြီးလို ခတ် မာမာဖြစ်ပြီး ရောင်ခြည်တော်ခြောက်သွယ် ကွန့်မြူးကာ လောကဓာတ်ပေါင်း တိုက်တစ်သောင်းတိုင် ပျံ့နှံ့ပါကုန်လိမ့် မည်။ ထိုအခါ သောင်းတိုက် စကြာဝဠာမှ နတ်, ဗြဟ္မာများ ညီညာတစ်သွေး စုဝေးကြကာ "ယနေ့ဘုရားမြတ်စွာ ပရိနိဗ္ဗာန် ဝင်စံတော်မူပါပြီ, သာသနာတော်မြတ်ကြီးကွယ်လေပြီ, ယခု ဖူးမြင်ရတာဟာ နောက်ဆုံးဖူးမြင်ရခြင်းပါတည်း"ဟု ပြောဆို ကြွေးကြော်ကာ ဘုရားမြတ်စွာ ကုသိနာမှာ ပရိနိဗ္ဗာန်စံစဉ်က ထက် ကရုဏာ[illegible]ကြကုန်လိမ့်မည်။ ရဟန္တာနှင့် အနာဂါမ် နတ်,ဗြဟ္မာမျ[illegible]ဖြစ်ကြကာ ပုထုဇဉ်, သောတာ ပန်, သကဒါ[illegible]ါမ်, နတ်[illegible]တွေ ငိုကြွေးကြလိမ့်မည်။ ထိုအခါတွင်

ဓာတ်တော်များမှ မီးထတောက်ကာ ဗြဟ္မာ့ပြည်တိုင်အောင် မီးလျှံတက်ပါလိမ့်မည်။[၁]

(ဆောင်) ဘုရားသာသနာ, ဇာ့ယ်သောခါဝယ်, နယ်နယ်
စို့စို့, မြို့မြို့ရွာရှိ, မုနိဘုန်းမြတ်, ဓာတ်တော်များ
စွာ, ကျွန်းလက်ဝယ်, ဆောက်လာစုံညီ, မဟာ
စေတီသို့, ကြွချီကြမည်, တစ်လီထိုမှ, နာဂဒီပ,
ရာဇာယတနမည်, မြတ်စေတီသို့, ကြွချီကြမည်,
တစ်လီ ထိုမှ, မဟာဗောဓိ, ပလ္လင်ဆီသို့, ကြွနှံချီ
ကြလိမ့်, နာဂ ဒေဝ, ဗြဟ္မ လောကာ, ဘုံခန်း
ဝါမှ, များလှသောင်းသောင်း, ဓာတ်တော်ပေါင်း
ပါ, မဟာဗောဓိ, ကြွချီကြလိမ့်, မြေမျှော့ ဥကင်,
ပလ္လင်ဗွေမှာ, ရောင်ဝါလွှတ်ပြီး, ရွှေတုံးကြီးသို့,
ဓာတ်မီး လောင်တောက်, ကုန်ဆုံးပျောက်က, ယခု
အခါ, မြတ်စွာဘုန်းကြွယ်, ကွယ်ပြီ သာသနာ,
ဆိုငြိုးကာဖြင့်, များစွာငိုကြ, သံဝေရသည်, ဗုဒ္ဓ
သာသနာကွယ်မည်ဘုရား....ကွယ်မည်ဘုရား။

## သုံးလူ့ရှင်ပင် ဗုဒ္ဓဝင်ကျမ်း လက်စသတ်ခြင်း

သက္ကရာဇ် ၁၃၄၆-ခုနှစ် နယုန်လဆန်း ၅-ရက်နေ့တွင် သိင်္ဂါလောဝါဒ ဆုံးမစာ လင်္ကာများအဖွင့် ရေးပြီး သဖြင့် နောက်တစ်နေ့ဖြစ်သော ၁၃၄၆-ခုနှစ် နယုန်လဆန်း ၆-ရက် နေ့မှစ၍ စာဝါများချုပ်ရင်း နားနားနေနေဖြင့် သုံးလူ့ရှင်ပင်

---

၁။ အဘိ၊ ၄၊ ၂။ ၄၁၃။ ၄၁၄။

ဗုဒ္ဓဝင်ကျမ်းကို ရေးသားစီရင်ရာ ၁၃၄၆-ခုနှစ် နယုန်လဆန်း ၁၄-ရက်နေ့ ည ၇-နာရီ မိနစ် ၃၀-အချိန်တွင် အောင်လံစိုက် ဆောက် ပြီးမြောက်ပါသဖြင့် အောက်ပါ သံပေါက် ကဗျာ တို့ဖြင့် နိဂုံးအုပ်လိုက်ပါသည်။

၁။ မှတ်ပါစေလို့, သံပေါက်ဆို့, နောင်ကိုသိစေရာ။
၂။ အကြွင် ငါမူ, ပခုက္ကူ, လှိုက်ဆူသိတင်းဖြာ။
၃။ မဟာဝိသုတ, အာရာမ, ပျော်လစံနေပါ။
၄။ ဖတ် နာ သူများ, သဒ္ဓါပွား, ကျိုးများစိမ့်အံ့ငှာ။
၅။ ဘုရားမြတ်စွာ, ကြောင်းခြင်းရာ, သိပါစိမ့်သောငှာ။
၆။ ကျမ်းပေါင်းများစွာ, လေ့လာကာ, စေတနာ လက် သန့်စွာ။
၇။ သုံးလူ့ရှင်ပင်, ဗုဒ္ဓဝင်, တီထွင်ရေးလိုက်ပါ။
၈။ မနောပဏီဓိ, စိတ်ကောင်းရှိ, ကြည့်ရှုကြစမ်းပါ။ [၁]
၉။ ကြည့်ရှုသသူ, များဗိုလ်လူ, ကြည်ဖြူသဒ္ဓါတိုးပွားမှာ။
၁၀။ ကြည့်ရှုလေ့လာ, များသူငါ, ပညာတိုးတက်မှာ။
၁၁။ ကြည့်ရှုလေက, ဝီရိယ, မုချတိုးတက်မှာ။
၁၂။ ဤစာရေးရ, မြတ်ပုညကြောင့်, အမတမှန်, မြတ် နိဗ္ဗာန်, ကောန်ရောက်ရန်သာ။
၁၃။ ငါသည် ယခု, ပန်ထွာပြု, ဖူးဦမြတ်သဒ္ဓါ။

သုံးလူ့ရှင်ပင် ဗုဒ္ဓဝင်ကျမ်း အလုံးစုံပြီး၏။

---

၁။ စိတ်ခေတနာ ကောင်းကောင်းနှင့် ရည်ရွယ်ချက် ကောင်း ကောင်းနှင့် ကြည့်ရှုကြပါဟူလို။

## အရှင် ကေလာသ ပြုစုသော

## ကျမ်းစာများ


၁။ အဘိဓမ္မာဂုဏ်ရည်ကျမ်း
၂။ တိပိဋကအဋ္ဌုဒ္ဓါရသူစိကျမ်း
၃။ တိပိဋကသုတ္တသူစိကျမ်း
၄။ အင်္ဂလိပ် ပါဠိ အဘိဓာန်
၅။ ပါဠိ အင်္ဂလိပ် အဘိဓာန်
၆။ သက္ကတ မြန်မာ အဘိဓာန်
၇။ ပစ္စုက္ကူ သာသနာဝင်
၈။ မဟာဝိသုဒ္ဓါရာမ သာသနာဝင်
၉။ မန္တလေး သာသနာဝင် ပထမတွဲ
၁၀။ မန္တလေး သာသနာဝင် ဒုတိယတွဲ
၁၁။ မန္တလေး သာသနာဝင် တတိယတွဲ
၁၂။ မန္တလေး သာသနာဝင် စတုတ္ထတွဲ
၁၃။ မန္တလေး သာသနာဝင် ပဉ္စမတွဲ
၁၄။ မန္တလေး သာသနာဝင် ဆဋ္ဌမတွဲ
၁၅။ မန္တလေး သာသနာဝင် သတ္တမတွဲ
၁၆။ မန္တလေး သာသနာဝင် အဋ္ဌမတွဲ
၁၇။ မန္တလေး သာသနာဝင် နဝမတွဲ
၁၈။ မန္တလေး သာသနာဝင် ဒသမတွဲ
၁၉။ မန္တလေး သာသနာဝင် ဧကာဒသမတွဲ
၂၀။ မန္တလေး သာသနာဝင် ဒွါဒသမတွဲ
၂၁။ မန္တလေး သာသနာဝင် တေရသမတွဲ

၂၂။ မန္တလေး သာသနာဝင် စုဒ္ဒသမတွဲ
၂၃။ မန္တလေး သာသနာဝင် ပန္နရသမတွဲ
၂၄။ မန္တလေး သာသနာဝင် သောဠသမတွဲ
၂၅။ မန္တလေး သာသနာဝင် သတ္တရသမတွဲ
၂၆။ မန္တလေး သာသနာဝင် အဋ္ဌာရသမတွဲ
၂၇။ မန္တလေး သာသနာဝင် ဧကူနဝီသတိမတွဲ
၂၈။ မန္တလေး သာသနာဝင် ဝီသတိမတွဲ
၂၉။ မန္တလေး သာသနာဝင် ဧကဝီသတိမတွဲ
၃၀။ မန္တလေး သာသနာဝင် ဒွါဝီသတိမတွဲ
၃၁။ မန္တလေး သာသနာဝင် တေဝီသတိမတွဲ
၃၂။ မန္တလေး သာသနာဝင် စတုဝီသတိမတွဲ
၃၃။ မန္တလေး သာသနာဝင် ပဉ္စဝီသတိမတွဲ
၃၄။ ပုဂံ သာသနာဝင်
၃၅။ ပင်းယ သာသနာဝင်
၃၆။ အင်းဝ သာသနာဝင်
၃၇။ ဝစ်ကိုင်းသာသနာဝင်
၃၈။ အမရပူရ သာသနာဝင်
၃၉။ စွန်းလွန်း ပဋ္ဌိပတ္တိ သာသနာဝင်
၄၀။ သီဟိုဠ် ရဟန္တာများ
၄၁။ သီဟိုဠ်ဘုရားစုံသမိုင်း
၄၂။ စေတီယပ္ပတ္တိဒီပနီ
၄၃။ ပခုက္ကူဘုရားစုံသမိုင်း
၄၄။ ပခုက္ကူ ဘုရားသုံးဆူ သမိုင်း
၄၅။ ပခုက္ကူ ရှင်ကျင့်ဝတ်
၄၆။ ပခုက္ကူ စာချနည်း
၄၇။ ပခုက္ကူ ရေစက်ချနည်းကျမ်း
၄၈။ ပခုက္ကူ သဒ္ဒါသုတ်နက်
၄၉။ ပခုက္ကူ ဂုဏ်တော်ပွင့်
၅၀။ ပခုက္ကူ ဘုရားရှိခိုးကျမ်း
၅၁။ ပခုက္ကူ စာစပ်ကျမ်း
၅၂။ ပခုက္ကူ နိပါတ်နက်များကျမ်း
၅၃။ ပခုက္ကူ ပရိတ် နိဿယကျမ်း

၅၄။ ပါဠိပါဠပဥ္စရီပါဠိဖတ်စာ
၅၅။ ဥပုသ်သည်များလက်စွဲ
၅၆။ တိပိဋက ပါဠိ မြန်မာ အဘိဓာန် အတွဲ–၉၊ (ပါဝင်ပြုစု)
၅၇။ တိပိဋက ပါဠိ မြန်မာ အဘိဓာန် အတွဲ–၁၀၊
(ပါဝင်ဦးစီးပြုစု)
၅၈။ တိပိဋက ပါဠိ မြန်မာ အဘိဓာန် အတွဲ–၁၁၊
(ပါဝင်ဦးစီးပြုစု)
၅၉။ တိုက်အုပ်ဆရာတော် အရှင် နန္ဒိယ၏ ထေရုပ္ပတ္တိ ဒီပနီနှင့်
အဖိုးတန်စာပေများ
၆၀။ အဘိဓဇမဟာရဋ္ဌဂုရု အရှင်သုန္ဒရ၏
မဟာသေရစရိတ
၆၁။ အဂ္ဂမဟာပဏ္ဍိတ အရှင် နန္ဒဝံသ၏ ထေရဝတ္တန္တ ဒီပနီ
၆၂။ ကျောက်ဖူးဆရာတော် အရှင်ကလျာဏ၏
ကလျာဏထေရဂုဏ်ရည်
၆၃။ ဝါးကန်ဆရာတော် အရှင် သုန္ဒရ၏
ဝါးကန်ထေရဂုဏ်ရည်
၆၄။ သံပုရာကုန်း ဆရာတော် အရှင် အရိယ၏
အရိယထေရဂုဏ်ရည်
၆၅။ ကျွန်းဦးရွာ မဟာဝိဇိတာရာမတိုက် ဆရာတော်
အရှင်ဉာဏုတ္တရ၏ မဟာဝိဇိတာရာမထေရာပဒါန်
၆၆။ ရေစကြို ဆရာတော်ဘုရားကြီး အရှင် ဂန္ဓသာရ၏
မဟာထေရဝတ္တန္တပ္ပဒီပိကာ
၆၇။ အဂ္ဂမဟာပဏ္ဍိတ အရှင် ပညာ ဆရာတော် ဘုရားကြီး၏
မဟာထေရလလိတ
၆၈။ သာသနာပိုင်ဆရာတော် ဦးဥေယျထေရုပ္ပတ္တိ

၆၉။ အရှင် သုန္ဒရ ဆရာတော်ဘုရားကြီး၏ ဘုန်းတော်ဘွဲ့ ဂါထာခြောက်ဆယ် ပါဠိနိဿယ
၇၀။ အရှင်နန္ဒဝံသဆရာတော်ဘုရားကြီး၏ ဘုန်းတော်ဘွဲ့ ဂါထာရှစ်ဆယ် ပါဠိနိဿယ
၇၁။ အရှင် ပညာ ဆရာတော်ဘုရားကြီး၏ ဘုန်းတော်ဘွဲ့ ဂါထာ ကိုးဆယ် ပါဠိနိဿယ
၇၂။ ရေစကြို ဆရာတော် ဘုရားကြီး၏ ဘုန်းတော်ဘွဲ့ ဂါထာ ၁၀၀–ပါဠိနိဿယ
၇၃။ ကျွန်းဦး ဆရာတော် ဘုရားကြီး၏ ဘုန်းတော်ဘွဲ့ ဂါထာ သုံးဆယ် ပါဠိနိဿယ
၇၄။ လက္ခဏာတော်ငယ် ရှစ်ဆယ် ဘုရားရှိခိုး ဂါထာ ပါဠိနိဿယ
၇၅။ လက္ခဏာတော်ကြီး သုံးဆယ့် နှစ်ပါး ဘုရားရှိခိုး ဂါထာ ပါဠိနိဿယ
၇၆။ တစ်ရာ့ရှစ်ကွက် စက်လက္ခဏာ ဘုရားရှိခိုး ဂါထာ ပါဠိနိဿယ
၇၇။ နမက္ကာရ ပါဠိနိဿယ
၇၈။ ရှင်ဥပဂုတ်ဘုရားရှိခိုး ဆယ့်နှစ်ဂါထာ ပါဠိနိဿယ
၇၉။ ပဋ္ဌသိခ သီချင်း ဂါထာ ပါဠိနိဿယ
၈၀။ မြစ်ခြေမြို့ အဘယာရာမတိုက် သောဘနာလင်္ကာရ သိမ် မော်ကွန်း ပါဠိနိဿယ
၈၁။ မရဏသတိ ဘာဝနာ
၈၂။ မူလပဏ္ဏာသ အဋ္ဌကထာ ကျော်
၈၃။ ပိဋကသုံးပုံဘုရားရှိခိုး(၁၁၅-ဂါထာ ပါဠိနိဿယ)
၈၄။ မဟာဝံသပါဠိ (သီဟိုဠ်ပါဠိမှ မြန်မာပါဠိပြန်ရေး)

၈၅။ ဒီပဝံသပါဠိ (သီဟိုဠ်ပါဠိမှ မြန်မာပါဠိပြန်ရေး)

၈၆။ အစ္ဆရိယပဒါနိ နှင့် အဖိုးတန်စာပေများ

၈၇။ ပခုက္ကူအဘိဓာန်နိဿယသစ်

၈၈။ တိပိဋကဝုတ္တန္တသန္ဒိပနီကျမ်း

၈၉။ ကဝိဒပ္ပဏနီတိ ပါဠိနိဿယ

၉၀။ တိပိဋကဓရဝုတ္တန္တဝိလာသိနီ

၉၁။ ဆယ့်နှစ်ရာသီဘွဲ့ ဂါထာ ပါဠိနိဿယ

၉၂။ ရေနံချောင်းမြို့ ရွှေတောင်တိုက် တိုက်အုပ်ဆရာတော် အရှင်ဝဏ္ဏာဘာရ၏ ထေရဝုတ္တန္တဝိလာသိနီ

၉၃။ သမန္တကူဋဝဏ္ဏနာပါဠိ (သီဟိုဠ်ပါဠိမှ မြန်မာပါဠိပြန်ရေး)

၉၄။ မဟာဝိသုတာရာမနိကာယ ဝတ်ရွတ်စဉ်အဖွင့်

၉၅။ မဟာဝိသုတာရာမနိကာယ သာသနာဝင်သစ်

၉၆။ မဟာဝိသုတာရာမိက ဂဏဝါစကနိကာယ သမိုင်းမှတ်တမ်း

၉၇။ မဟာစည် ထေရဝုတ္တန္တဝိလာသိနီ

၉၈။ သာသနာဝင် ဘွဲ့တံဆိပ်တော်များသမိုင်း

၉၉။ ၁၃၄၈-ပြည့်နှစ်၊ အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော်ဘုရားကြီး ၃-ပါးနှင့် အဂ္ဂမဟာပဏ္ဍိတဆရာတော်ကြီး ၁၀-ပါးတို့၏ ဖြစ်တော်စဉ် ထေရုပ္ပတ္တိသန္ဒိပနီ

၁၀၀။ အဂ္ဂမဟာပဏ္ဍိတ အရှင်ဂန္ဓမာ၏ မဟာထေရဝိတ္တဋ္ဌိတ

၁၀၁။ ပခုက္ကူ အဖိုးတန်စာပေများ

၁၀၂။ မိဘမြတ်ကျေးဇူး

၁၀၃။ ထနောင်းခလ ထေရဂုဏ်ရည်

၁၀၄။ ၁၃၄၁-ခုနှစ်၊ အဘိဓမ္မာမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ ဆရာတော်ဘုရားကြီး ၂-ပါးနှင့် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၆-ပါးတို့၏ ဖြစ်တော်စဉ် မဟာထေရုပ္ပတ္တိပကာသနီ
၁၀၅။ ပခုက္ကူ ရွှေတန့်တစ် ဘုရားသမိုင်း
၁၀၆။ ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့ အစည်းအဝေး သမိုင်းကျမ်း
၁၀၇။ ပခုက္ကူရွှေကူဘုရားသမိုင်း ၁၀၈။ နှစ်ကျိပ်ရှစ်ဆူဗုဒ္ဓဝင်
၁၀၉။ ကလျာဏီသာသနာဝင်
(ပါဠိ ကလျာဏီသာသနာဝင်ကျမ်း)
၁၁၀။ ပခုက္ကူ နမော တဿ အနက်များကျမ်း
၁၁၁။ ဆရာမြတ်ကျေးဇူး ၁၁၂။ တပည့်လိမ္မာ
၁၁၃။ ယဂိုရလပညာနန္ဒ၏ မဟာဝံသပါဠိ
(သီဟိုဠ်ပါဠိမှ မြန်မာပါဠိသို့ ပြန်ရေး)
၁၁၄။ ပခုက္ကူ သဒ္ဒါ သုတ်နက်သစ်
၁၁၅။ ပခုက္ကူ မောဂ္ဂလာန် သုတ်နက်
၁၁၆။ ယမမင်းထံ အစစ်ခံ သံပေါက်ကျမ်း
၁၁၇။ ထွတ်ခေါင် ကမ္မဋ္ဌာန်း သံပေါက် အဖွင့်ကျမ်း
၁၁၈။ တိပိဋက ပါဠိ အဋ္ဌကထာ ဋီကာ ဂါထာသူစိကျမ်း
(ဦးစီးရေး)
၁၁၉။ ပခုက္ကူ ပဒမာလာကျမ်း
၁၂၀။ ပခုက္ကူ လက်ပန်ရွာ ပြည်လုံးချမ်းသာ ဘုရားသမိုင်း
၁၂၁။ ပခုက္ကူ အနေကဇာတင် ပါဠိ နိဿယ
၁၂၂။ ဥပါသကာလက်စွဲ ဘုရားရှိခိုး
၁၂၃။ အေးမြမြ ဓမ္မအမြုတေ

## (၁၃၄) အရှင်ကေလာသ ပြုစုသော ကျမ်းစာများ

၁၂၄။ မန္တလေးမြို့ ဒက္ခိဏာရာမတိုက် ဆရာတော် အရှင်ဥက္ကံသာဘိဝံသ၏ ထေရုပ္ပတ္တိဒီပနီ

၁၂၅။ မိုးကုတ် မဟာထေရဂုဏ်ရည် (မရိုက်ရသေး)

၁၂၆။ ဆီးတော မဟာထေရဂုဏ်ရည် (မရိုက်ရသေး)

၁၂၇။ တောင်သာမြို့နယ် ကျောက္ကာရွာ မဟာဗောဓိ ဆရာတော် ဘုရားကြီး အရှင် သီရိဓမ္မ၏ ဘုန်းတော်ဘွဲ့ ၁၄-ဂါထာ ပါဠိ နိဿယ

၁၂၈။ သမီးလိမ္မာ ၁၂၉။ သားလိမ္မာ

၁၃၀။ မုံရွာမြို့ အဂ္ဂမဟာပဏ္ဍိတ ဓမ္မပါရဂူ ဆရာတော်ဘုရားကြီး အရှင် အာစိဏ္ဏ မဟာထေရ်၏ ဘုန်းတော်ဘွဲ့ ၄၃-ဂါထာ ပါဠိ နိဿယ

၁၃၁။ ရှင်ပင်မဟာရွှေဂူကြီးမြတ်စွာဘုရားသမိုင်း

၁၃၂။ ရတနာ၁၀လိဘုရားရှိခိုး

၁၃၃။ရတနာ၁၀လိဝတ်ရွတ်စဉ်(၄၆။အဖွင့်)၁၃၄။သီလဂုဏ်ရည်

၁၃၅။ ဂုဏ်တော်ပွားနည်း နိဿယျည်း

၁၃၆။ ဒါနဂုဏ်ရည် ၁၃၇၊ ဘာဝနာဂုဏ်ရည်

၁၃၈။ အဂ္ဂမဟာပဏ္ဍိတ မကွေးမြို့ မဟာဝိသုတာရာမတိုက် ဆရာတော်ဘုရားကြီး၏ မကွေး မဟာထေရဂုဏ်ရည်

၁၃၉။ သီဟိုဠ်ရှင် ဆရာတော် ဘုရားကြီး အရှင် နန္ဒဝံသ၏ သီဟိုဠ်ရှင် မဟာထေရ်ဂုဏ်ရည်

၁၄၀။ စတုရာရက္ခဏာဘာဝနာ

၁၄၁။ ဗုဒ္ဓဘုန်းတော်ဂုဏ်ဘောဲဖွဲ့ ပါဠိ နိဿယ (ဂါထာ ၅၀၀-ကျော်)

၁၄၂။ သုံးလူ ရှင်ပင်ဗုဒ္ဓဝင်

၁၄၃။ကျင့်ဝတ်စု အဖွင့်ကျမ်း (သဂါထာဝဂ်ဒေသနာ မိစ္ဆာ အဖွင့်)

၁၄၄။ ဗုဒ္ဓ၏ သီရိလ[illegible]

[illegible] ကြည့်တိုက်

ကမ္ဘာအေး၊ရန်ကုန်

## အရှင်ကေလာသ ပြုစုသော

## ကျမ်းစာများ

၁။ အဘိဓမ္မာဂဏ္ဌိရည်ကျမ်း။
၂။ တိပိဋကအတ္ထုဒ္ဓါရသူစိကျမ်း။
၃။ တိပိဋကသုတ္တသူစိကျမ်း။
၄။ အင်္ဂလိပ် ပါဠိ အဘိဓာန်။
၅။ ပါဠိ အင်္ဂလိပ် အဘိဓာန်။
၆။ သက္ကတ မြန်မာ အဘိဓာန်။
၇။ ပခုက္ကူ သာသနာဝင်။
၈။ မဟာဝိသုတာရာမ သာသနာဝင်။
၉။ မန္တလေး သာသနာဝင် ပထမတွဲမှ ပဥ္စမတွဲအထိ။
၁၀။ ပုဂံ သာသနာဝင်။
၁၁။ ပင်းယ သာသနာဝင်။
၁၂။ အင်းဝ သာသနာဝင်။
၁၃။ စစ်ကိုင်း သာသနာဝင်။
၁၄။ အမရပူရ သာသနာဝင်။
၁၅။ စွန်းလွန်း မဂ္ဂိပတ္တိသာသနာဝင်။
၁၆။ သီဟိုဠ် ရဟန္တာများ။
၁၇။ သီဟိုဠ် ဘုရားစုံသမိုင်း။
၁၈။ စေတိယပ္ပတ္တိဒီပနီ။
၁၉။ ပခုက္ကူ ဘုရားသမိုင်း။
၂၀။ ပခုက္ကူ ရှင်ကျင့်ဝတ်။
၂၁။ ပခုက္ကူ စာချနည်း။
၂၂။ ပခုက္ကူ ရေစက်ချကျမ်း။